# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဂုဏ်သတင်းပျံ့နှံ့လှိုင်ကြူ**

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လှိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက် | ၂၀၂၅ ခုနှစ်၊ မတ် ၁ ရက်၊ စနေနေ့ | အတွဲ (၆၄)၊ အမှတ် (၁၅၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေး ရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ နိုင်ငံတော်အဆင့်တရားဝင်ချစ်ကြည်ရေးခရီးစဉ်အဖြစ် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့သွားရောက်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ မကြာမီရက်ပိုင်းအတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ နိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေးခရီး သွားရောက်မည်ဖြစ်သည်။

ချစ်ကြည်ရေးခရီးစဉ်အတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ရုရှားနိုင်ငံဒူးမားလွှတ်တော်ဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေးခြင်းများအပါအဝင် ရုရှားအစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရေး၊ စီးပွားရေး၊ လုံခြုံရေးဆိုင်ရာများနှင့် ကဏ္ဍပေါင်းစုံတွင် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ ပိုမိုတိုးတက်ခိုင်မာအောင် ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါချစ်ကြည်ရေးခရီးစဉ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ လိုက်ပါသွားမည်ဖြစ်ကြောင်း သိရှိရသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ



## နွေစပါးစိုက်ပျိုးနိုင်ရေး ဖြူးချောင်းရေလှောင်တမံမှ စိုက်ပျိုးရေများပေးဝေ

**ဖြူး ဖေဖော်ဝါရီ ၂၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်ရှိ နွေစပါးစိုက်ပျိုးနိုင်ရေး ဖြူးချောင်းရေလှောင်တမံမှ ရေပေးဝေလျက်ရှိကြောင်း ဖြူးမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ဖြူးမြို့နယ်အတွင်း ၂၀၂၅ ခုနှစ် နွေစပါးစိုက်ပျိုးနိုင်ရေး ၁၇၃၈၉ ဧက စိုက်ပျိုးရန်လျာထားပြီး ဆည်ရေဖြင့် ၁၄၁၄၉ ဧက၊ အင်းအိုင်ရေဖြင့် ၄၀၉ ဧက၊ *စာမျက်နှာ ၃ ကော်လံ ၅* ❑

**ယနေ့ ဖတ်စရာ**

**မြန်မာ့မီးရထားအနေဖြင့် ပြည်သူများခရီးသွားလာမှု ပိုမိုလွယ်ကူအဆင်ပြေစေရေးအတွက် ရန်ကုန်-နေပြည်တော်လမ်းပိုင်း၌ ခေတ်မီလေအေးပေးစက်ပါ DEMU ရထားတွဲဆိုင်းသစ်များဖြင့် အမှတ်(၇)အဆန်၊ (၈)အစုန်ရထားနှင့် မန္တလေး-နေပြည်တော်လမ်းပိုင်း၌ လေအိတ်ရထားတွဲဆိုင်းဖြင့် အမှတ်(၂၇)အဆန်၊ (၂၈)အစုန် လူစီးရထားခရီးစဉ်များ စတင်တိုးချဲ့ချိတ်ဆက်ပြေးဆွဲ**

ပြည်တွင်းသတင်း စာ ၄

**၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု ဇီဝဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာများပါရှိ**

၂၀၂၅ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင် စာမေးပွဲအတွက် စာမေးပွဲအထောက်အကူပြု ဇီဝဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို စာမျက်နှာ ၁၅၊ ၁၆ တွင် ဖော်ပြပါရှိပါသည်။

# တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးသည် မှောင်ခိုပစ္စည်းဖမ်းခြင်းထက် ပိုမိုကျယ်ပြန့်

တရားမဝင်ကုန်ပစ္စည်းများ တင်သွင်းခြင်းနှင့် တင်ပို့ခြင်းတို့၏ ပမာဏမှာ တိုးတက်ဖမ်းဆီးမှုများ ပြနေသည့်တိုင် လျော့ကျသွားခြင်းမရှိဘဲ ကြီးမြဲကြီးနေဆဲဖြစ်သည်။ အိမ်နီးချင်းကုန်သွယ်ဖက်နိုင်ငံများနှင့် နှစ်နိုင်ငံကုန်သွယ်မှု ကွာခြားချက်စာရင်းများကို နှိုင်းယှဉ်ရာတွင် ဖမ်းဆီးရမိမှုပမာဏသည် လွန်စွာလျော့နည်းနေသေးသည်ကို တွေ့ရှိရသည့်အတွက် ပိုမိုတိုးတက်ဖမ်းဆီးနိုင်ရေး ဆောင်ရွက်ရန် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ ဥက္ကဋ္ဌက မှာကြားထားသည်။

မိမိတို့နိုင်ငံအတွက် အန္တရာယ်အကြီးမားဆုံးသော ရန်သူဟုဆိုလျှင် တရားမဝင်ကုန်သွယ်မှုနှင့် အကျင့်ပျက်အဂတိလိုက်စားမှုဟု ဆိုရမည်ဖြစ်သည်။ တစ်ခါတစ်ရံ ခေါင်းနှင့် ပန်းသဖွယ်ကျောချင်းကပ်နေတတ်သည့် အဆိုပါရန်သူနှစ်ရပ်ကို အမြစ်ဖြတ်နိုင်မှသာလျှင် နိုင်ငံကို ကောင်းမွန်ဖြောင့်တန်းစွာ တည်ဆောက်နိုင်မည်လည်းဖြစ်သည်။ မိမိတို့နိုင်ငံ၏ အနေအထားအရ တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးတွင် အခက်အခဲများစွာ၊ စိန်ခေါ်မှုများစွာ ရှိနေမည်ဖြစ်သော်လည်း ယင်းတို့ကို ကျော်လွှားနိုင်မည့် နည်းလမ်းများစွာတို့လည်းရှိနေရာ နိုင်ငံတော်နှင့် ပြည်သူတို့အတွက် အန္တရာယ်ကြီးမားသည့် တရားမဝင်ကုန်သွယ်မှုကို ပြတ်ပြတ်သားသားဆန့်ကျင်၍ လုံးဝကင်းစင်ပပျောက်သည်အထိ တိုက်ဖျက်မည်ဟူသော သန္နိဋ္ဌာန်ဖြင့် တာဝန်ရှိသူအားလုံး၊ ဝန်ထမ်းအားလုံးက ကျေကျေပွန်ပွန် ထမ်းရွက်ကြရန်လိုသည်။

တရားမဝင်ကုန်သွယ်မှုများသည် အကျင့်ပျက်ခြစားမှု၊ အကြမ်းဖက်မှု၊ ရာဇဝတ်ကျူးလွန်မှုနှင့် အကြမ်းဖက်သမားများအား ငွေကြေးထောက်ပံ့မှုများကြောင့် မတည်မငြိမ်ဖြစ်မှုများ အပါအဝင် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအတွက် အားနည်းချက်များ ဖြစ်ပေါ်စေသည်။ ထို့အပြင် ဒီမိုကရေစီကို ပျက်ပြားစေခြင်း၊ တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေခြင်း၊ နိုင်ငံတော်တည်တံ့ခိုင်မြဲရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့ကို ထိခိုက်စေခြင်းတို့ကိုလည်းတွေ့ရှိရပြီး လူ့အခွင့်အရေးဆုံးရှုံးမှု၊ အလုပ်အကိုင်အခွင့်အလမ်းဆုံးရှုံးမှုများ ဖြစ်ပေါ်စေသည်ကိုလည်း တွေ့ရှိရသည်။ တရားမဝင် ဝင်ရောက်လာသည့် ကုန်စည်များက အမျိုးသားကျန်းမာရေး၊ စီးပွားရေးနှင့် လူငယ်များ၏အနာဂတ် ရှင်သန်တိုးတက်ရေးတို့ကို ခြိမ်းခြောက်နေပြီး နိုင်ငံ၏သယံဇာတများခိုးထုတ်ခြင်းကြောင့် ဂေဟစနစ်များကို ပျက်စီးဆုံးရှုံးစေသည်။ တရားမဝင်တင်သွင်းလာသည့် ကုန်ကြမ်းများ၊ အရည်အသွေးမကောင်းသည့်ပစ္စည်းများ တင်သွင်းပြီး ဈေးကွက်ယှဉ်ပြိုင်လာပါက ပြည်တွင်းရှိ MSME လုပ်ငန်းရှင်များကို ကြီးမားစွာထိခိုက်နစ်နာဆုံးရှုံးစေမည် ဖြစ်သည်။

အထက်တွင်ဆိုခဲ့သည့်အတိုင်း တရားမဝင်ကုန်သွယ်မှုများကြောင့် ဖြစ်ပေါ်လာသည့် အကျိုးဆက်များက ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ်သို့ ရောက်ရှိနိုင်ရန် ရုန်းကန်ကြိုးပမ်းနေရသည့် မိမိတို့နိုင်ငံအပေါ် ကြီးမားသည့်အန္တရာယ်များ ကျရောက်စေနိုင်သည်ကို အလေးအနက်သတိပြုကြပြီး "တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးသည် မှောင်ခိုပစ္စည်း ဖမ်းဆီးတားဆီးခြင်းထက် ပိုမိုကျယ်ပြန့်သည်" ဟု သိရှိခံယူထားကြရမည် ဖြစ်သည်။ ထို့အပြင် နိုင်ငံအတွက် ဤမျှအရေးကြီးသည့် တရားမဝင်ကုန်သွယ်မှုများကို ဖမ်းဆီးအရေးယူရာတွင် လက်ရှိကျင့်သုံးနေသည့် လုပ်ထုံးလုပ်နည်း၊ ဥပဒေများကို ပြန်လည်ဆန်းစစ်ရန်နှင့် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဥပဒေကဲ့သို့ ဥပဒေမျိုးပြဋ္ဌာန်း၍ ထိထိရောက်ရောက် အရေးယူနိုင်ရန်အထိ လေ့လာသုံးသပ်ဆောင်ရွက်သွားရန်လည်း လိုအပ်မည်ဟု ရှုမြင်မိသည်။

ကုန်သွယ်ဖက်နိုင်ငံများနှင့် ကုန်သွယ်မှုကွာခြားချက်စာရင်းများ နှိုင်းယှဉ်မှုအရ တရားမဝင်ကုန်သွယ်မှုများ ပိုမိုတိုးတက်ဖမ်းဆီးနိုင်ရေး၊ နယ်မြေဒေသအသီးသီးရှိ လမ်းကြောင်းအသီးသီးတို့တွင် ပုံမှန်ဖမ်းဆီးမှု၊ ရှောင်တခင် (နေ့/ည) စစ်ဆေးဖမ်းဆီးမှုတို့ စနစ်တကျဆောင်ရွက်ရေး၊ ယခုထက်ပိုမိုထိရောက်သည့် ဖမ်းဆီးမှု၊ တိကျသည့် အရေးယူမှုများပြုလုပ်ကာ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးကို ယခုထက်ပိုမို ဆောင်ရွက်ကြရပါမည့် အကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

☆ ဒို့တာဝန်အရေး (၃) ပါးကို အစဉ်အမြဲဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏ အဓိကလုပ်ငန်းကြီး (၃) ခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှ အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ရေး။

☆ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့်ထာဝရငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။

☆ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ လူမှုဘဝလုံခြုံရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။

☆ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## ပုံနှိပ်ခြင်းလုပ်ငန်း၊ ထုတ်ဝေခြင်းလုပ်ငန်းနှင့် သတင်းအေဂျင်စီလုပ်ငန်း လုပ်ကိုင်သူများ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် အသိပေးကြေညာခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်း လုပ်ငန်းနည်းဥပဒေများ ထွက်ရှိသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြု လက်မှတ်များအား ၅ နှစ်သက်တမ်း ခွင့်ပြုပေးခဲ့ပါသည်။

၂။ အသိအမှတ်ပြုလက်မှတ် သက်တမ်းကုန်ဆုံးပါက နည်းဥပဒေ ၂၁ အရ သက်တမ်းကုန်ဆုံးသည့် ရက်မှစ၍ ရက်ပေါင်း ၆၀ အတွင်း သတ်မှတ်ပုံစံနှင့်အတူ အခကြေး ငွေကျပ်တစ်သောင်း ပေးသွင်း၍ ပြန်ကြားရေးဝန်ကြီးဌာနသို့ အသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် လာရောက်ဆောင်ရွက်ရမည် ဖြစ်ပါသည်။

၃။ သက်တမ်းကုန်လွန်သော အသိအမှတ်ပြုလက်မှတ်များဖြင့် လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့် မရှိကြောင်းနှင့် သက်တမ်းကုန်ဆုံးပြီး လုပ်ငန်းဆက်လက်လုပ်ကိုင်ပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်း လုပ်ငန်းဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း ၀၁-၅၄၁၄၁၃၊ ၀၁-၈၆၀၄၇၅၀၊ ၀၁-၈၆၀၄၇၅၁၊ ၀၁-၅၄၄၅၈၃၊ iprd.crd.ygn@gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## Sun Outage ဖြစ်စဉ်ကြောင့် ရုပ်သံထုတ်လွှင့်မှုများ မိနစ်ပိုင်းခန့်ပြတ်တောက်နိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

Thaicom-6 ဂြိုဟ်တုကို အသုံးပြု၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်နေသော TV Channel များနှင့် ရေဒီယိုအစီအစဉ်များ Sun Outage ဖြစ်စဉ်ကြောင့် မတ်လအတွင်း Signal ပြတ်တောက်မှုများ ဖြစ်ပေါ်နိုင်ကြောင်း သိရသည်။

နေ၊ ဂြိုဟ်တုနှင့် TVRO(စလောင်း)တို့ တစ်တန်းတည်း ကျရောက်ချိန်တွင် Sun Outage ဖြစ်ပေါ်ပြီး ယင်းသို့ ဖြစ်ပေါ်ချိန်တွင် ဂြိုဟ်တုမှ ပေးပို့ထုတ်လွှင့်နေသော အရုပ်/အသံအချက်အလက်များ ခေတ္တယာယီ ပြတ်တောက်မှုများ ဖြစ်ပေါ်လေ့ရှိသည်။

Sun Outage ဖြစ်စဉ်မှာ နှစ်စဉ်ကြုံတွေ့ရလေ့ရှိသည့် သဘာဝဖြစ်စဉ်တစ်ခုဖြစ်ပြီး နှစ်စဉ်မတ်လတွင် တစ်ကြိမ်၊ စက်တင်ဘာလကုန်နှင့် အောက်တိုဘာလဆန်းတို့တွင် တစ်ကြိမ် ကြုံတွေ့ရလေ့ရှိကာ ၎င်းဖြစ်စဉ်သည် ထုတ်လွှင့်သည့် ဂြိုဟ်တု၊ ဖမ်းယူသည့် TVRO (စလောင်း) အရွယ်အစားနှင့် တည်နေရာတို့အပေါ် မူတည်၍ Sun Outage ဖြစ်သောအချိန်နှင့် Signal ပြတ်တောက်မှု ကြာချိန်တို့ ကွာခြားမှုရှိသည်။ Sun Outage ဖြစ်စဉ်ကြောင့် Thaicom-6 ဂြိုဟ်တုကို အသုံးပြု၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်နေသော TV Channel များနှင့် ရေဒီယိုအစီအစဉ်များသည် မတ် ၇ ရက်မှ မတ် ၁၇ ရက်အထိ နေ့စဉ် ၁ မိနစ်မှ ၁၈ မိနစ်ခန့်အထိ Signal ပြတ်တောက်မှု ဖြစ်ပေါ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၈ -၂ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု (ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၅၄၆၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

မြန်မာ့အလင်း

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | စိုးစိုးနိုင် | သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းမှူး | - | မြင့်စိုး | အကြီးတန်း | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ |
| စာတည်းများ | - | ဝင်းကျော်၊ ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း | သတင်းထောက်များ | | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် | အငယ်တန်း | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ | သတင်းထောက်များ | | |
| စာပြင် | - | ဇော်မင်းသန်းနှင့် အဖွဲ့ | ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဆုမွန်သဲနှင့် ရွှေစင်အိတို့အဖွဲ့ | အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)

ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News Presented by NPE www.mdn.gov.mm

# အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ကျေးနဝီသတိမအစည်းအဝေး ဒုတိယနေ့ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ကျေးနဝီသတိမ အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာ ဓမ္မသဘင်တွင် ဆက်လက်ကျင်းပသည်။ (ယာပုံ)



**တက်ရောက်ကြည်ညို**

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (စီမံ)နှင့် သာသနာရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီး/ပြည်နယ် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဓဇ က ဆောင်ရွက်တော်မူသည်။

**ဆွေးနွေးတော်မူ**

ဆက်လက်၍ အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ပထမအဖွဲ့ခွဲ၏ဆဋ္ဌအကြိမ် တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက်များအနက် ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိသုဒ္ဓါစာရာဘိဝံသ က လည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တဥတ္တရ က လည်းကောင်း၊ ပညာရေးရာဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒဝရက လည်းကောင်း ဝေဖန် ဆွေးနွေးတော်မူကြသည်။

ထို့နောက် ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို နံနက် ၉ နာရီခွဲတွင် ရပ်နားသည်။

ယင်းနောက် အဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ကျေးနဝီသတိမ အစည်းအဝေး ဒုတိယနေ့ ဒုတိယပိုင်းကို မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပပြီး ဝိနိစ္ဆယရေးရာကိစ္စများ၊ သာသနာရေးရာကိစ္စများ၊ ပညာရေးရာကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

**ပြန်ကြားလျှောက်ထား**

ထို့နောက် အဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ ပထမအဖွဲ့ခွဲ၏ ဆဋ္ဌအကြိမ် တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဝေဖန်ဆွေးနွေးချက်များအပေါ် ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်ကို အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟ က လည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များကို အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတ က လည်းကောင်း၊ ပညာရေးရာဆောင်ရွက်ချက်များကို အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တသူရိယ က လည်းကောင်း ပြန်ကြားလျှောက်ထားတော်မူကြသည်။

ဆက်လက်၍ အဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ ပထမအဖွဲ့ခွဲ၏ ဆဋ္ဌအကြိမ် တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာကို တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဓဇ က အတည်ပြုချက်ရယူပြီး အဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ ၄၇ ပါးစုံညီ ကျေးနဝီသတိမ အစည်းအဝေးကို မွန်းလွဲပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးသည်။

**ဆက်ကပ်လှူဒါန်း**

ယနေ့ အစည်းအဝေးသို့ ကြွရောက်တော် မူလာကြသော နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများအား သဃ်န်းကျွန်းမြို့နယ် ကျိုက္ကဆံဝေဠုဝန် (ရွှေကျင်) ကျောင်းတိုက်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တမာနိတ ဦးဆောင်သော တပည့်ဒါယကာ ဒါယိကာမ ဓမ္မမိတ်ဆွေများက ကေစတ္တာလီသတိမ(၄၁) ကြိမ်မြောက် အရုဏ်ဆွမ်းနှင့် နေ့ဆွမ်း တစ်နေ့တာ ဆက်ကပ်လှူဒါန်းကြသည်။

**သတင်းစဉ်**

## တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး(ခုတင်-၅၀၀) နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ တနင်္သာရီတိုင်း ဒေသကြီး ကလိန်အောင်မြို့ရှိ တပ်မတော်ဆေးရုံနှင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ကုသမှု ခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊



ဒေသခံပြည်သူများအား ယနေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❑ *ရှေ့ဖုံးမှ*

ချောင်းပိတ်ရေဖြင့် ၂၈၃၁ ဧက စိုက်ပျိုးနိုင်ရေး လျာထားပြီး နွေစပါးလျာထားမှုဧက ပြည့်မီရေး ဆောင်ရွက်လျက်ရှိကြောင်း တာဝန်ရှိသူများထံမှ သိရသည်။

နွေစပါးစိုက်ပျိုးနိုင်ရေး ရေပေးဝေလျက်ရှိသော ဖြူးချောင်းရေလှောင်တမံသည် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင် ၁၁၅ မိုင် လမ်းမကြီးအနောက်ဘက်တွင် တည်ရှိပြီး ၈-၁-၂၀၁၅ ရက်နေ့တွင် ဖွင့်လှစ်ကာ ရေသောက်ဧရိယာဧက ၉၀၀၀၀ အနက် ယခုနှစ် နွေစပါးစိုက်တောင်သူလယ်သမားများ အချိန်မီထွန်ယက်စိုက်ပျိုးနိုင်ရေး ဇန်နဝါရီ ၁ ရက်မှစတင်ကာ ရေပေးဝေခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**



ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ပုဂ္ဂလိကဆေးခန်းများ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဖေဖော်ဝါရီ ၂၈ ရက်က ပုသိမ်မြို့နယ် မီးသတ်ဦးစီးမှူး ဦးတင်ထွဋ်ဦးဆောင်သည့် တပ်ဖွဲ့ဝင်များ ကွင်းဆင်းစစ်ဆေးစဉ်။

ခရိုင်(ပြန်/ဆက်)

**ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း**

၁။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၄။ Myawady Webportal
https://myawady.net.mm

၅။ Myanmar National Portal
https://myanmar.gov.mm

**လူသားတို့၏ ကျန်းမာရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး**

# မြန်မာ့မီးရထားအနေဖြင့် ပြည်သူများခရီးသွားလာမှုပိုမိုလွယ်ကူအဆင်ပြေစေရေးအတွက် ရန်ကုန်-နေပြည်တော်လမ်းပိုင်း၌ ခေတ်မီလေအေးပေးစက်ပါ DEMU ရထားတွဲဆိုင်းသစ်များဖြင့် အမှတ်(၇)အဆန်၊ (၈)အစုန်ရထားနှင့် မန္တလေး-နေပြည်တော်လမ်းပိုင်း၌ လေအိတ်ရထားတွဲဆိုင်းဖြင့် အမှတ်(၂၇)အဆန်၊ (၂၈)အစုန် လူစီးရထားခရီးစဉ်များ စတင်တိုးချဲ့ချိတ်ဆက်ပြေးဆွဲ

နေပြည်တော် ဖေဖော်ဝါရီ ၂၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၉) ရပ်တို့အား အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးနှင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များနှင့်အညီ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ရထားပို့ဆောင်ရေးကဏ္ဍမှ ထိရောက်စွာ အထောက်အကူပြုနိုင်စေရေးအတွက် မြန်မာ့မီးရထားအနေဖြင့် ရန်ကုန်မှ တောင်ငူအထိ ရထားလမ်းပိုင်းအဆင့်မြှင့်တင်ရေး စီမံကိန်းအဆင့် (၁) အား ဂျပန်နိုင်ငံ၏ ODA ချေးငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးပြီ ဖြစ်သကဲ့သို့ တောင်ငူမှ နေပြည်တော် - သာစည် - မန္တလေးလမ်းပိုင်းတွင်လည်း နိုင်ငံတော်မှ ခွင့်ပြုသည့် ဘဏ္ဍာငွေဖြင့် လမ်းပိုင်းပိုမိုကြံ့ခိုင်ကောင်းမွန်စေရေး၊ ခေတ်မီအချက်ပြစနစ်များ တပ်ဆင်အသုံးပြုရေးတို့ကို စီမံချက် ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ဤကဲ့သို့ ရထားလမ်းနှင့် တံတားများ ကြံ့ခိုင်မှုပိုမိုကောင်းမွန်လာခြင်း၊ အချက်ပြစနစ် ပိုမိုခေတ်မီလာခြင်းနှင့်အတူ ခေတ်မီစက်ခေါင်းနှင့် လူစီးတွဲများ အသုံးပြုလာနိုင်ခြင်းအားဖြင့် ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းတစ်ခုလုံး၌ ရထားအမြန်နှုန်းများ တိုးမြှင့်ပြီး ပြေးဆွဲချိန်ကို သိသာစွာလျှော့ချနိုင်ပြီ ဖြစ်သောကြောင့် ရထားစီးခရီးသွားပြည်သူများ ပိုမိုစိတ်ချမ်းမြေ့စွာ သွားလာနိုင်စေရေးအတွက် ရန်ကုန်-နေပြည်တော်လမ်းပိုင်း၌ ခေတ်မီလေအေးပေးစက်ပါ DEMU တွဲဆိုင်းသစ်ဖြင့် အမှတ် (၇)အဆန်၊ အမှတ် (၈) အစုန် အမြန်ရထားခရီးစဉ်သစ်ကို လည်းကောင်း၊ နေပြည်တော်-မန္တလေး လမ်းပိုင်း၌ ခေတ်မီလေအိတ် လူစီးတွဲများဖြင့် အမှတ် (၂၇)အဆန်၊ အမှတ် (၂၈)အစုန် ရထားခရီးစဉ်သစ်ကို လည်းကောင်း ယနေ့မှစ၍ တိုးချဲ့ပြေးဆွဲပေးနေပြီ ဖြစ်သည်။

အဆိုပါ ရထားခရီးစဉ် တိုးချဲ့ပြေးဆွဲခြင်း အစီအစဉ်အရ ယနေ့နံနက်ပိုင်းက ရန်ကုန်ဘူတာကြီး အမှတ်(၁) စင်္ကြံတွင် အမှတ် (၇)အဆန် ရန်ကုန်-နေပြည်တော် ခေတ်မီလေအေးပေးစက်ပါ DEMU ရထားခရီးစဉ် စတင်ပြေးဆွဲခြင်း ဖွင့်ပွဲအခမ်းအနားကိုကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ ဧည့်သည်တော်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။ အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့က အသီးသီး အမှာစကားပြောကြားပြီး မြန်မာ့မီးရထားဦးဆောင်ညွှန်ကြားရေးမှူးက ရန်ကုန်မှ တောင်ငူအထိ ရထားလမ်းအဆင့်မြှင့်တင်ခြင်း စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ နိုင်ငံတော်၏ ခွင့်ပြုဘဏ္ဍာငွေဖြင့် တောင်ငူ - နေပြည်တော် - သာစည်-မန္တလေးလမ်းပိုင်း၌ ဌာန၏ ဆောင်ရွက်နေသည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ရထားတွဲဆိုင်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး **(အောက်ပုံ)**အမွှေးနံ့သာများ ပက်ဖျန်းပေးကာ နေပြည်တော်သို့ လိုက်ပါကြမည့် ခရီးသည်များအား ရထားပေါ်၌ ရင်းနှီးစွာလိုက်လံနှုတ်ဆက်၍ စားသောက်ဖွယ်ရာများ ပေးအပ်ကြပြီး နံနက် ၆ နာရီတွင် ရထားစတင်ထွက်ခွာသည်။

အလားတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ မြန်မာ့မီးရထား တာဝန်ရှိသူများနှင့်အတူ မန္တလေးဘူတာကြီး၌ အမှတ်(၂၈)အစုန် လေအိတ်ရထားခရီးစဉ်သစ်အဖြစ် နေပြည်တော်သို့ စတင်ထွက်ခွာမည့် ရထားတွဲဆိုင်းပေါ်သို့ တက်ရောက်၍ စီးနင်းလိုက်ပါကြမည့် ခရီးသည်များအား စားသောက်ဖွယ်ရာများ ပေးအပ်ကာ ခင်မင်ရင်းနှီးစွာ ပို့ဆောင်နှုတ်ဆက်ပြီး နံနက် ၆ နာရီတွင် ရထားစတင်ထွက်ခွာသည်။

ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် မြန်မာ့မီးရထား တာဝန်ရှိသူများ လိုက်ပါလျက် နေပြည်တော် ဘူတာကြီးတွင် အမှတ်(၂၈) အစုန် မန္တလေး-နေပြည်တော်လေအိတ် ရထားခရီးစဉ်သစ်ဖြင့် နံနက် ၁၁ နာရီတွင် ဆိုက်ရောက်လိုက်ပါလာကြသည့် ခရီးသည်များအားလည်းကောင်း၊အမှတ်(၇) အဆန် ရန်ကုန်-နေပြည်တော်ခေတ်မီ DEMU ရထားခရီးစဉ်သစ်ဖြင့် နံနက် ၁၁ နာရီခွဲတွင် ဆိုက်ရောက်လိုက်ပါလာကြသည့် ခရီးသည်များအား လည်းကောင်း ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် နေပြည်တော်ကောင်စီ၊ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးတို့သည် နေပြည်တော်ဘူတာမှ ရန်ကုန်သို့ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာမည့် အမှတ်(၈)အစုန် ခေတ်မီ DEMU ရထားခရီးစဉ်သစ်ဖြင့် လိုက်ပါမည့် ခရီးသည်များအား လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးလှမွန်နှင့် ဌာနဆိုင်ရာအကြီးအကဲများသည် မွန်းတည့် ၁၂ နာရီတွင် မန္တလေးသို့ ထွက်ခွာမည့် အမှတ်(၂၇) အဆန် လေအိတ်ရထားခရီးစဉ်သစ်ဖြင့် လိုက်ပါသွားကြမည့် ရထားစီးခရီးသည်များကိုလည်းကောင်း စားသောက်ဖွယ်ရာများအသီးသီးပေးအပ်ပြီး ခင်မင်ရင်းနှီးစွာ ပို့ဆောင်နှုတ်ဆက်သည်။ နေပြည်တော်ဘူတာမှ ထွက်ခွာကြသည့်အမှတ်(၂၇) အဆန်လေအိတ်ရထားသည် မန္တလေးသို့ ညနေ ၅ နာရီနှင့် အမှတ် (၈) အစုန် ခေတ်မီ DEMU ရထားသည် ရန်ကုန်သို့ ညနေ ၅ နာရီခွဲတွင် အသီးသီး ရောက်ရှိကြသည်။

အဆိုပါ ခေတ်မီလေအေးပေးစက်ပါ DEMU ရထားများနှင့် လေအိတ်ရထားများကို နေပြည်တော်ဘူတာတွင် ရထားကူးပြောင်းလျက် ရန်ကုန်နှင့် မန္တလေးတို့သို့ ခရီးစဉ်အစအဆုံး လိုက်ပါစီးနင်းနိုင်မည်ဖြစ်သည်။ ယခင်က ရန်ကုန်မှ မန္တလေးအထိ ပြေးဆွဲချိန် စုစုပေါင်း ၁၉ နာရီခန့် ကြာမြင့်ခဲ့သော်လည်း ယခုအခါ လမ်းပိုင်းများ ပိုမိုကောင်းမွန်လာခြင်း၊ ခေတ်မီအချက်ပြစနစ်သို့ အဆင့်မြှင့်တင်အသုံးပြုလာနိုင်ခြင်း၊ ခေတ်မီစက်ခေါင်းနှင့် လူစီးတွဲဆိုင်းများ အသုံးပြုလာနိုင်ပြီဖြစ်ခြင်းတို့ကြောင့် ရထားအမြန်နှုန်းတိုးမြှင့်ပေးကာ ရန်ကုန် - နေပြည်တော်ခရီးစဉ်တွင် ၅ နာရီ မိနစ် ၃၀ နှင့် နေပြည်တော်-မန္တလေးခရီးစဉ်တွင် ၅ နာရီ၊ နေပြည်တော်၌ ရထားကူးပြောင်းချိန် မိနစ် ၃၀ စုစုပေါင်း ၁၁ နာရီခန့်ဖြင့် ပြေးဆွဲချိန်ကို သိသာစွာလျှော့ချလျက် ရထားစီးခရီးသည်များ ပိုမိုစိတ်ချမ်းမြေ့စွာ ခရီးသွားလာနိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့ စတင်တိုးချဲ့ချိတ်ဆက်ပြေးဆွဲပေးသည့် အမှတ် (၇) အဆန် DEMU ရထားဖြင့် ရန်ကုန်မှ နေပြည်တော်သို့ အထက်တန်းခရီးသည် ၅၆ ဦး၊ ပထမတန်း ခရီးသည် ၂၄၅ ဦး၊ ရထားဝန်ထမ်း ၃၉ ဦး စုစုပေါင်း ၃၄၀ မန္တလေးမှ အမှတ် (၂၈) အစုန် လေအိတ်ရထားဖြင့် အထက်တန်းခရီးသည် ၂၂ ဦး၊ ရိုးရိုးတန်းခရီးသည် ၂၂၀၊ ရထားဝန်ထမ်း ၂၀ အပါအဝင် စုစုပေါင်း ၂၆၂ ဦး၊ နေပြည်တော်မှ ရန်ကုန်သို့ အမှတ်(၈) အစုန် DEMU ရထားဖြင့် အထက်တန်းခရီးသည် ၆၁ ဦး၊ ပထမတန်းခရီးသည် ၂၄၅ ဦး စုစုပေါင်း ၃၀၆ ဦး၊ နေပြည်တော်မှ မန္တလေးသို့ အမှတ် (၂၇) အဆန်လေအိတ်ရထားဖြင့် အထက်တန်းခရီးသည် ၄၁ ဦး၊ ရိုးရိုးတန်းခရီးသည် ၃၀၀ စုစုပေါင်း ၃၄၁ ဦး လိုက်ပါစီးနင်းကြပါသည်။ ရထားခရီးစဉ်များ၌ လိုက်ပါလာကြသော ဌာနဆိုင်ရာ ရုံးဝန်ထမ်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ သာမန်ခရီးသွားပြည်သူများအနေဖြင့်လည်း ပိုမိုအဆင်ပြေ စိတ်ချမ်းသာစွာ စီးနင်းနိုင်ခြင်း၊ ခရီးသွားကြာမြင့်ချိန်များ လျော့ကျသက်သာလာခြင်း စသည့် အကျိုးရလဒ်များကို လက်တွေ့သိမြင်ခံစားလာရခြင်းကြောင့် နိုင်ငံတော်အစိုးရ၏ စေတနာ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ စီမံဆောင်ရွက်မှု၊ မြန်မာ့မီးရထားဝန်ထမ်းများ၏ ကြိုးပမ်းအားထုတ်နေမှုတို့အပေါ် ကျေးဇူးတင်ဂုဏ်ယူဝမ်းမြောက်လျက်ရှိကြကြောင်း သိရှိရသည်။

မြန်မာ့မီးရထားသည် ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် ယခုတိုးချဲ့ ပြေးဆွဲပေးသည့် ရထားခရီးစဉ်များအပြင် မူလပြေးဆွဲပေးနေသည့် အမှတ်(၁၁)အဆန်၊ (၁၂)အစုန် အမြန်လူစီးရထားခရီးစဉ်များကိုလည်း ပြေးဆွဲချိန် ၁၃ နာရီ ၁၅ မိနစ် အချိန်စာရင်းအသစ်ဖြင့် ပြေးဆွဲပေးလျက်ရှိပြီး မကြာမီတွင် ပြေးဆွဲချိန် ထပ်မံလျှော့ချနိုင်ရေး စီစဉ်လျက်ရှိကြောင်း၊ အထက်ပါ ရထားခရီးစဉ်များအတွက် ရထား ထွက်ခွာ/ ဆိုက်ရောက် အချိန်စာရင်းများ၊ ထိုင်ခုံအတန်းအစားအလိုက် လက်မှတ်ခများကို နိုင်ငံပိုင်သတင်းစာများနှင့် သက်ဆိုင်ရာဘူတာအသီးသီးတို့တွင် ကြိုတင်ကြေညာထားပြီးဖြစ်ကြောင်း၊ ရထားလက်မှတ်များကို သက်ဆိုင်ရာဘူတာများ၌ နေ့ချင်းလာရောက်ဝယ်ယူနိုင်သကဲ့သို့ ခရီးသွားရက်မတိုင်မီ ရန်ကုန်မြို့၌ ရန်ကုန်ဘူတာကြီး၊ အင်းစိန်ဘူတာနှင့် တိုးကြောင်ကလေးဘူတာတို့တွင် လည်းကောင်း၊ နေပြည်တော်၌ နေပြည်တော်ဘူတာကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး ရုံးအမှတ် (၅) ပျဉ်းမနားဘူတာနှင့် သပြေကုန်းဈေးတို့တွင် လည်းကောင်း၊ မန္တလေးမြို့၌ မန္တလေးဘူတာကြီး၊ မြို့ဟောင်းဘူတာတို့တွင် လည်းကောင်း၊ ထို့အပြင် Online စနစ်ဖြင့် ရက်ကြိုလက်မှတ်များ၊ အသွားအပြန်ခရီးအတွက်လက်မှတ်များအား တစ်ပါတည်း ဝယ်ယူနိုင်ရေးတို့အတွက်ကိုလည်းကောင်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်သည် ဧရာဝတီတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းနိုင်၊ နယ်စပ်ရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးသိန်းဌေးဦးတို့နှင့်အတူ ဖေဖော်ဝါရီ ၂၆ ရက်တွင် မအူပင်မြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းသို့ ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် လူငယ်သင်တန်းကျောင်းများမှ ကျောင်းအုပ်များ၊ ဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများကို တွေ့ဆုံအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်၍ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးစကားပြောကြားကာ ကျောင်းဝင်းအတွင်းရှိ အိပ်ဆောင်များ၊ စားရိပ်သာ၊ စတိုဆောင်၊ စာကြည့်တိုက်နှင့် ဝန်ထမ်းအိမ်ရာများ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဖေဖော်ဝါရီ ၂၇ ရက် နံနက်ပိုင်းတွင် ပုသိမ်မြို့ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းသို့ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီး ဦးစီးမှူးရုံးနှင့် သင်တန်းကျောင်းမှ ဝန်ထမ်းများ၊ နည်းပြများနှင့် သင်တန်းသူများအား တွေ့ဆုံအမှာစကား ပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်၍ ဝန်ထမ်းများ၊ သင်တန်းသား သင်တန်းသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ နှုတ်ဆက်ကာ သင်တန်းသူများ၏ လက်ရာများ၊ အိပ်ဆောင်၊ စားရိပ်သာ၊ ဝန်ထမ်းအိမ်ရာ၊ သင်တန်းကျောင်း၏ အပ်ချုပ်ဆိုင်တို့ကို လည်းကောင်း၊ တိုင်းဒေသကြီး ဦးစီးမှူးရုံးနှင့် ဝန်ထမ်းအိမ်ရာများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ မြောင်းမြမြို့နယ်အတွင်း ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် ပုသိမ် - မြောင်းမြ - လပွတ္တာကားလမ်းနှင့် သိလ္လာချောင်းဖျားကျေးရွာ ဆက်သွယ်သည့် ကျောက်ချောလမ်း ၁ မိုင် ခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး လမ်းရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားကာ သိလ္လာကျေးရွာဒေသခံပြည်သူများ တင်ပြသည့် ကျေးရွာရေရရှိရေး၊ ဆိုလာမီး တပ်ဆင်ပေးရေးနှင့် သိလ္လာကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းအတွက် ဆိုလာမီး တပ်ဆင်ပေးရန် ကိစ္စရပ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် လပွတ္တာမြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်းသို့ ရောက်ရှိပြီး လက်ကိုင်ဖုန်းပြင်သင်တန်း၊ လျှပ်စစ်သင်တန်း၊ ဂဟေသင်တန်း၊ မော်တော်ယာဉ် စက်ပြင်သင်တန်း၊ ဆောက်လုပ်ရေး သင်တန်းများတွင် ဘာသာရပ်အလိုက် လက်တွေ့လေ့ကျင့်သင်ကြားနေမှုနှင့် သင်တန်းသားများ၏ စားသောက်နေထိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် လပွတ္တာမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းသို့ရောက်ရှိပြီး သင်တန်းကျောင်း နှစ်ကျောင်းမှ ဝန်ထမ်းများ၊ နည်းပြများနှင့် သင်တန်းသား သင်တန်းသူများကို တွေ့ဆုံအမှာစကားပြောကြား၍ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ သင်တန်းသူများ၏ ချုပ်လုပ်ထားရှိသည့် လက်ရာများ၊ လက်တွေ့သင်ကြားနေမှု **(အပေါ်ပုံ)**၊ မော်တာဆောင်၊ စာကြည့်တိုက်၊ အိပ်ဆောင်၊ စားရိပ်သာ၊ ဝန်ထမ်းအိမ်ရာ၊ သင်တန်းကျောင်း၏ အပ်ချုပ်ဆိုင်နှင့် ဂါလန် နှစ်သိန်းဆံ့ ရေလှောင်ကန်တို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်၊ တာဝန်ရှိသူများနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်ရှိ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်)သို့ရောက်ရှိပြီး ဒီဂရီကောလိပ် အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခ/ ဌာနမှူးများနှင့်တွေ့ဆုံ၍ ကျောင်းအုပ်ကြီးက သင်တန်းကျောင်းဆိုင်ရာ အချက်အလက် များ၊ အုပ်ချုပ်ရေး၊ လေ့ကျင့်သင်ကြားရေး ဆောင်ရွက်နေမှုနှင့် စိုက်ပျိုးမွေးမြူရေး ဆောင်ရွက်ထားမှု၊ ပါမောက္ခ/ ဌာနမှူးများက သင်ကြားရေးဆိုင်ရာ လိုအပ်ချက်ရှိသည်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ စာသင်ဆောင်များ၊ မနုဿဗေဒပြခန်း၊ အင်ဂျင်နီယာအလုပ်ရုံ၊ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် ဆောင်ရွက်လျက်ရှိသည့် တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ ဗဟိုလေ့ကျင့်ရေးကျောင်းသို့ ရောက်ရှိပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးကာ ဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် အားပေးစကားပြောကြား၍ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် ဒဂုံမြို့သစ်ခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးသို့ ရောက်ရှိပြီး ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ခရိုင်ရုံး သိုလှောင်ရုံတွင် ထိန်းသိမ်းထားရှိသော ယာဉ်၊ ယန္တရားကြီးများ အသုံးပြုနိုင်မှုနှင့် ကြံ့ခိုင်မှုအခြေအနေ၊ ထောက်ပံ့ပစ္စည်းများ သိုလှောင်ထိန်းသိမ်းထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး ယာဉ်၊ ယန္တရားကြီးများ ကြံ့ခိုင်မှုနှင့် ထိန်းသိမ်းထားရှိမှု၊ ပြင်ဆင်ပြီး ယာဉ်၊ ယန္တရား ဂိုဒေါင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## စဥ့်ကိုင်မြို့နယ်၌ မြေပြင်လူဦးရေစာရင်း ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်

**စဥ့်ကိုင် ဖေဖော်ဝါရီ ၂၈**

မန္တလေးတိုင်းဒေသကြီး စဥ့်ကိုင်မြို့နယ် မြို့မရပ်ကွက်နှင့် အုန်းပင်ခြံကျေးရွာ အုပ်စုများတွင် ဖေဖော်ဝါရီ ၂၅ ရက်မှစတင်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းများက မြေပြင်ကွင်းဆင်း စစ်ဆေးခြင်း၊ အိမ်ထောင်စု အမှတ်စဉ် သတ်မှတ်ခြင်းများကို မြေပြင်ကွင်းဆင်း ဆောင်ရွက်ခဲ့သည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် စဥ့်ကိုင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဦးညာဏ်စိုးနှင့်ဝန်ထမ်းများ၊ မြို့မရပ်ကွက်နှင့် အုန်းပင်ခြံကျေးရွာ အုပ်စုများမှ အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများက မြေပြင်ကွင်းဆင်း စစ်ဆေးခြင်း၊ အိမ်ထောင်စုအမှတ်စဉ် သတ်မှတ်ခြင်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဝင်းဝင်းသန်း**

**(ပြန်/ဆက်)**



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် မအူပင်မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများသို့သွားရောက်၍ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံအားပေးကာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး




ပုသိမ် ဖေဖော်ဝါရီ ၂၈

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက မအူပင်မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများသို့ သွားရောက်၍ ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံသည်။**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် မအူပင် ခရိုင် ပန်းတနော်မြို့နယ် ဘုရားချောင်းကျေးရွာအုပ်စုရှိ Global Earth Agro & Aqua Industry Public ကုမ္ပဏီလီမိတက်သို့သွားရောက်၍ အအေးခန်းစနစ် တပ်ဆင်ပြီးစီးမှုအခြေအနေ၊ ငါးအစာတောင့် ထုတ်လုပ်သည့် ကုန်ကြမ်းပစ္စည်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုစစ်ဆေးပြီး လျှပ်စစ်ခေတ်အား ထုတ်လုပ်ခြင်း၊ သုံးစွဲခြင်းလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ရေးနှင့် လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ မအူချောင်း အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံပြီး ကျောင်းသား ကျောင်းသူများ ညအိပ်စခန်းသွင်း သင်ကြားနေမှုနှင့် ကျွေးမွေးရေး၊ နေထိုင်ရေး၊ ကျန်းမာရေး စောင့်ရှောက်မှု အခြေအနေများကို ဆွေးနွေးမေးမြန်းကာ အောင်ချက်မြင့်မားရေးအတွက် ဝိုင်းဝန်းကြိုးပမ်းကြရန် အားပေးစကားပြောကြားသည်။

ထို့အတူ မအူပင်မြို့နယ် အထက မလက်တို အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံကာ အားပေးစကားပြောကြားပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။ **(အပေါ်ယာပုံ)**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် ရွှေနဂါးမင်းကုမ္ပဏီ၊ အောင်မြင်သူစိုက်ပျိုးမွေးမြူရေးလုပ်ငန်းစုရှိ ငါးမွေးမြူရေးကန်များနှင့် အုန်းချိုမွှေး စိုက်ပျိုးထားရှိမှုများကိုလည်းကောင်း၊ အော့ချက်(ဒ်)ကုမ္ပဏီလီမိတက် ရေနက်ကွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုအားပေးပြီး လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ရေး၊ ထုတ်ကုန်နှစ်ဆတိုးမြှင့်ရေးနှင့် လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် မအူပင်မြို့နယ် အထက-ရေလဲကလေးအခြေခံပညာအထက်တန်းကျောင်းသို့သွားရောက်၍ ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံ၍ အားပေးစကားပြောကြားပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ မအူပင်မြို့နယ် တော်တလုတ်ကျေးရွာအုပ်စု သုံးခွဆိုင်ကျေးရွာရှိ တောင်သူဦးမင်းမင်းစိုး၏ ဆောင်းနေကြာသီးနှံ စိုက်ဧက ၅ ဧကနှင့် တောင်သူ ဒေါ်ခင်လေးမွန်၏ ဆောင်းနေကြာသီးနှံစိုက် ဧက ၁ ဒသမ ၅ ဧကတွင် စိုက်ပျိုးထားသော SURYAKIRAN (အိန္ဒိယမျိုး) ဆောင်းနေကြာသီးနှံများကို ကြည့်ရှုအားပေးပြီး တောင်သူများနှင့်တွေ့ဆုံ၍ သီးနှံစုံစိုက်ပျိုးဖြစ်ထွန်းမှု၊ ရောင်းဝယ်မှုအခြေအနေများကို ဆွေးနွေးမေးမြန်းကာ သီးနှံများ ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ဈေးနှုန်းသက်သာစွာ ရောင်းဝယ်နိုင်ရေးနှင့် စိုက်ပျိုးရေးထုတ်ကုန်များပိုမိုတိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဥပဒေဆိုသည်မှာ နိုင်ငံတစ်နိုင်ငံအတွက် အဓိကအခြေခံအုတ်မြစ်ဖြစ်သောကြောင့် နိုင်ငံသားတိုင်း သိရှိလိုက်နာစောင့်ထိန်းရမည့် ပြဋ္ဌာန်းချက်ဖြစ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းအမှတ်စဉ် (၁/၂၀၂၅) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာနရုံးအမှတ် (၁) နေပြည်တော်၌ ကျင်းပသည်။





သင်တန်းဖွင့်ပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်နှင့် အဆင့်မြင့်အရာရှိကြီးများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ဥပဒေဆိုသည်မှာ နိုင်ငံတစ်နိုင်ငံအတွက် အဓိက အခြေခံအုတ်မြစ်ဖြစ်သောကြောင့် နိုင်ငံသားတိုင်း သိရှိလိုက်နာစောင့်ထိန်းရမည့် ပြဋ္ဌာန်းချက်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိတို့သက်ဆိုင်ရာ လုပ်ငန်းနယ်ပယ်အလိုက် ထမ်းဆောင်ရမည့်လုပ်ငန်းတာဝန်များနှင့် ဆက်စပ်ပြီး ချမှတ်ပြဋ္ဌာန်းထားသည့် ဥပဒေအသိပညာများကို သိရှိရန် လိုအပ်ရုံသာမက ဥပဒေဆိုင်ရာ သဘောတရားများ သိရှိနားလည်ပြီး လေးစားလိုက်နာတတ်သော နိုင်ငံ့ဝန်ထမ်းကောင်းများ ဖြစ်လာစေရေးအတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ "ဥပဒေကိုမသိ၍ ကျူးလွန်ခဲ့သည်" ဟူသော အဖြစ်မျိုး မဖြစ်စေရေးအတွက် နိုင်ငံသားတိုင်း ဥပဒေနှင့် စပ်လျဉ်းသည့် အသိပညာဗဟုသုတရှိစေရန် လိုအပ်သည့်အတွက် အခြေခံအားဖြင့် သိသင့်သိထိုက်သော ဥပဒေများ၏ သတ်မှတ်ပြဋ္ဌာန်းချက်များကို သိရှိစေရန်ဖြစ်ပါကြောင်း ပြောကြားသည်။ (ဝဲပုံ)

ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းကို ဖေဖော်ဝါရီ ၂၈ ရက်မှ ဧပြီ ၈ ရက်အထိ သင်တန်းသား သင်တန်းသူ ၄၀ အား (In person/ Online) စနစ်ဖြင့် ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရေအရည်အသွေး စမ်းသပ်စစ်ဆေးခြင်းနှင့် ရေသန့်စင်နည်းစနစ်များ လက်တွေ့ဆောင်ရွက်ခြင်းသင်တန်းနှင့် သတင်းနှင့်ဆောင်းပါးရေးသားနည်း သင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရေအရည်အသွေး စမ်းသပ်စစ်ဆေးခြင်းနှင့် ရေသန့်စင်နည်းစနစ်များ လက်တွေ့ဆောင်ရွက်ခြင်းသင်တန်းနှင့် သတင်းနှင့်ဆောင်းပါးရေးသားနည်း သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ ရုံးအမှတ် (၃၆-ဘီ) ၌ ကျင်းပသည်။



အခမ်းအနားတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးနိုင်အောင်က သင်တန်းသား သင်တန်းသူများအား ရေအရည်အသွေးစမ်းသပ်ခြင်းနှင့် ပတ်သက်၍ ကိုယ်တိုင်ကျွမ်းကျင်မှု ရှိလာစေရန်နှင့် ပြန်လည်ဆင့်ပွား အသုံးချနိုင်စေရန် ရေအရည်အသွေး စမ်းသပ်စစ်ဆေးခြင်းနှင့် ရေသန့်စင်နည်းစနစ်များ လက်တွေ့ဆောင်ရွက်ခြင်းသင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ပြီး ဝန်ကြီးဌာနနှင့် ဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အများပြည်သူအား ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန်အတွက် သတင်းနှင့် ဆောင်းပါးရေးသားနည်း သင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်များက သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များကို ပေးအပ်သည်။ အဆိုပါသင်တန်းများကို ဖေဖော်ဝါရီ ၂၄ ရက်မှ ၂၈ ရက်အထိ ငါးရက်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချခဲ့ပြီး သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်း/ဆောင်းပါး သင်တန်းသားများ**

## သွားကျန်းမာရေးအခမဲ့ကုသပေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် ရန်ကုန် ပါမောက္ခချုပ်၏ညွှန်ကြားမှုဖြင့် ကာကွယ်ရေးနှင့် လူထုသွားကျန်းမာရေးပညာဌာနနှင့် ကလေးသွားကျန်းမာရေးပညာဌာနတို့မှ ဆရာ ဆရာမများ၊ ဘွဲ့လွန်သင်တန်းသား သင်တန်းသူများနှင့် အလုပ်သင်ဆရာဝန်များ ပါဝင်သောအဖွဲ့သည် ဖေဖော်ဝါရီ ၂၈ ရက်က ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ ကြည့်မြင်တိုင်မျက်မမြင်သင်တန်းကျောင်းသို့ သွားရောက်၍ မျက်မမြင် ကျောင်းသား ကျောင်းသူ ၁၀၀ တို့အား သွားနှင့်ခံတွင်းကျန်းမာရေးစစ်ဆေးခြင်းနှင့် သွားနှင့်ခံတွင်းဝေဒနာရှင် ၆၀ တို့အား အခမဲ့ကုသမှုပေးခြင်းတို့ကို ဆောင်ရွက်ကြကြောင်း သိရသည်။

**မြန်မာ့အလင်း**

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၈) သင်တန်းဆင်းပွဲများ ကျင်းပပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

နိုင်ငံသားတိုင်းသည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေး သုံးပါးကို စောင့်ထိန်းရန်တာဝန်ရှိသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် နိုင်ငံသားတိုင်း စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အာဏာတည်ခဲ့ပြီး နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ထမ်းဆောင်ရန် စိတ်အားထက်သန်စွာ လာရောက်စာရင်းပေးသွင်းကြသည့် လူငယ်များကို ပြည်သူ့စစ်မှုထမ်း သင်တန်းများဖွင့်လှစ် သင်ကြားပေးလျက်ရှိသည်။





ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၈)သင်တန်းဆင်းပွဲအခမ်းအနားများကို ယနေ့နံနက်ပိုင်းက တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းအသီးသီးတွင် ကျင်းပပြုလုပ်ကြသည်။ အဆိုပါသင်တန်းဆင်းပွဲများကို သင်တန်းဆင်းစစ်ရေးပြ အစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး သင်တန်းသားများက နိုင်ငံတော်အလံကိုကိုင်၍ ကတိသစ္စာခံယူကြသည်။

ထို့နောက် သင်တန်းကျောင်းများအလိုက် သင်တန်းဆင်းထူးချွန်ဆုများဖြစ်သည့် စံပြတပ်သားဆု၊ စစ်ရေးပြထူးချွန်ဆု၊ လက်ဖြောင့်တပ်သားဆု၊ စစ်သည်တော်ကျင့်ဝတ်ဆု၊ မိုင်းကျွမ်းကျင်ဆု၊ တပ်စိတ်တိုက်နည်း ပထမဆု၊ ချေမှုန်းရေးပထမဆု၊ အိပ်ဆောင်အကောင်းဆုံးဆု ရရှိသူများအား တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းအမှာစကားများ ပြောကြားကြသည်။

သင်တန်းဆင်းပွဲအခမ်းအနားများအပြီးတွင် သင်တန်းဆင်းပွဲသို့ တက်ရောက်ကြသော နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၈)မှ သင်တန်းဆင်းနိုင်ငံ့သားကောင်း စစ်သည်များအား တွေ့ဆုံအမှာစကား ပြောကြားကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကြသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၈)မှ သင်တန်းသားများကို ကြံ့ခိုင်ရေးဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ် စသည့်ဘာသာရပ်များနှင့် အထွေထွေဘာသာရပ်များအား အဆင့်ဆင့် လေ့ကျင့်သင်ကြားခဲ့ကြကြောင်း သိရှိရသည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ ပုဒ်မ-၃၈၅ တွင် နိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်းတွင်တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားပြီး ပုဒ်မ – ၃၈၆ တွင် နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန်တာဝန်ရှိသည်ဟုပြဋ္ဌာန်းထားသည်။ နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန် ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်း သင်တန်းများ တက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကိုထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် သင်တန်းဆင်းခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းနိုင်ငံ့သားကောင်း စစ်သည်များသည်လည်း အဖွဲ့အစည်းဖြင့် စည်းစနစ်ကျစွာ လုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်များ (TeamWork) ရရှိခဲ့ပြီး နိုင်ငံချစ်စိတ် (Nationalism)၊ မျိုးချစ်စိတ်(Patriotism)၊ အဖွဲ့အစည်းစိတ်(Team Sprit)၊ ရဲဘော်ရဲဘက်စိတ်(esprit de corps) အပြည့်ဖြင့် တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့အသီးသီးသို့ သွားရောက်၍ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာ ထမ်းဆောင်ကြတော့မည် ဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၈)တွင် တက်ရောက်ခဲ့ရသည့် အတွေ့အကြုံများ၊ သင်တန်းမှရရှိခဲ့သည့် အလေ့အကျင့်ကောင်းများ၊ ယုံကြည်ချက်၊ ခံယူချက်များနှင့် သင်တန်းဆင်းပြီးနောက် မိမိတို့ တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့များ၌ ဆက်လက် တာဝန်ထမ်းဆောင်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ သင်တန်းဆင်း နိုင်ငံ့သားကောင်း စစ်သည်များ၏ စကားသံများကိုလည်း ယခုလိုပဲကြားသိရပါသည်-

၁။ ကျွန်တော်ရရှိခဲ့တဲ့ ဆုအမျိုးအစားကတော့ စစ်သည်တော်ကျင့်ဝတ်ဆုပဲ ဖြစ်ပါတယ်။ အိမ်မှာလည်း အိမ်ကျင့်ဝတ်ရှိသလို၊ တပ်မတော်တွေမှာလည်း စစ်သည်တော်ကျင့်ဝတ်ဆိုတာ ရှိတယ်။ အဲဒီအတွက်ကြောင့် ကျွန်တော့်အနေနဲ့ စစ်သည်တော်ကျင့်ဝတ်နဲ့ ပတ်သက်ပြီး စိတ်ဝင်စားတဲ့အတွက် အကောင်းဆုံးကြိုးစားပြီး ဝင်ဖြေခဲ့ပါတယ်။ ကျင့်ဝတ် ၆၀ ထဲမှ ငါးချက်ကို အလွန်သဘောကျပါတယ်။ အဲဒါတွေကတော့ ၁။ ပြည်သူလူထုအပေါ် သစ္စာစောင့်သိရိုသေပါ။ ၂။ ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ပါ။ ၃။ပြည်သူလူထုအပေါ် ယဉ်ကျေးစွာဆက်ဆံပါ။ ရေလိုလလိုကျင့်ပါ။ ၄။ပြည်သူလူထု၏ အကျိုးစီးပွားကိုအစဉ် ဦးထိပ်ထားပါ။ ၅။ပြည်သူလူထုအားလှောင်ပြောင်ခြင်း၊ မထီမဲ့မြင်ပြုခြင်း၊ စော်ကားမော်ကားပြုခြင်း၊ ဆဲရေးတိုင်းထွာခြင်း၊ ကိုယ်ထိလက်ရောက် ကျူးလွန်ခြင်း၊ ခြိမ်းခြောက်ခြင်းတို့ကို ရှောင်ပါ။ အဲဒီအချက်တွေက ကျွန်တော်အကြိုက်ဆုံးအချက်တွေ ဖြစ်ပါတယ်။ ကျွန်တော်ကတော့ နိုင်ငံတော်ကို အကောင်းဆုံးကာကွယ်စောင့်ရှောက်သွားမယ်လို့ ခံယူထားပါတယ်။ ရောက်ရှိတဲ့နေရာမှာလည်း အကောင်းဆုံးကြိုးစားပြီး ထမ်းဆောင်သွားမှာပါ။







၂။ ကိုယ်နေတဲ့ နိုင်ငံအတွက် တစ်ထောင့်တစ်နေရာက တာဝန်ထမ်းဆောင်ရတဲ့အတွက် ကိုယ့်ကိုယ်ကိုယ်လည်း ဂုဏ်ယူပါတယ်။ အပြင်မှာနေတုန်းက ပြည်သူလူထုအပေါ်ကာကွယ်ရမယ်ဆိုတာမသိပါဘူး။ တပ်မတော်အဖွဲ့အစည်းတစ်ခုအနေနဲ့ ဒီမှာရောက်တော့ ကိုယ့်နိုင်ငံသားတွေကို ကာကွယ်ရမယ်ဆိုတဲ့ ဒီလိုခံစားချက်တွေ ဖြစ်မိပါတယ်။ နည်းပြတွေ သင်ပြပေးတဲ့ သင်ခန်းစာတွေအပေါ်မှာ ရဲစွမ်းသတ္တိတွေ ဖြစ်လာပါတယ်။ နည်းပြတွေသင်ပြပေးတဲ့ သင်ခန်းစာတွေတိုင်းကို စိတ်ဝင်တစား လိုက်လုပ်ပါတယ်။ အဓိကကတော့ ကိုယ့်ကိုယ်ကိုယ် ကာကွယ်နိုင်မှသာ ပြည်သူလူထုကို ကာကွယ်နိုင်မှာဖြစ်ပါတယ်။ သင်ခန်းစာတိုင်းကို စိတ်ဝင်တစား လိုက်လုပ်ပါတယ်။ ဒီသင်ခန်းစာ စစ်နည်းဗျူဟာတွေနဲ့ တပ်ရင်း/ တပ်ဖွဲ့ရောက်တဲ့အခါ ကျွန်တော့်အတွက် ရလာမယ့်ပညာတွေနဲ့ ပေါင်းစပ်ပြီး ပြည်သူလူထုကို အသက်နဲ့လဲပြီး ကာကွယ်သွားမှာပါ။ ဒီနိုင်ငံမှာ နေတဲ့အတွက် ဒီနိုင်ငံအတွက် အသက် ၁၈ နှစ်ကနေ ၃၅ နှစ်အထိ ကိုယ်ကနေ အလိုက်သိသိနဲ့ ဝင်ချင်တာပဲဖြစ်ဖြစ်၊ တစ်နှစ်ပဲဖြစ်ဖြစ်၊ နှစ်နှစ်ပဲဖြစ်ဖြစ်၊ ငါးနှစ်ပဲဖြစ်ဖြစ်။ ကိုယ်က ဒီနိုင်ငံမှာနေတယ်ဆိုတော့ ဒီနိုင်ငံအတွက် တစ်ထောင့် တစ်နေရာကနေ တာဝန်ထမ်းဆောင်ခဲ့ဖို့ လိုပါတယ်။

ထို့နောက် ညပိုင်းတွင် သင်တန်းကျောင်း အသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၈)မှ နိုင်ငံ့သားကောင်းစစ်သည်များကိုသင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲများ ပြုလုပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**













# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မိသားစုက မြန်မာနိုင်ငံစာကြည့်တိုက်များနှင့် တပ်ရင်း/တပ်ဖွဲ့ စာကြည့်တိုက်များသို့ လူထုသိပ္ပံကျမ်း အတွဲ (၈၊ ၉)နှင့် ခေတ်သစ်လူထုသိပ္ပံကျမ်းစာအုပ်များ ပေးအပ်လှူဒါန်းပွဲနှင့် ရန်ကုန်တိုင်းဒေသကြီး စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနား ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၈

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မိသားစုက မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များနှင့် တပ်မတော်ဌာနချုပ်များ၊ တပ်ရင်း/တပ်ဖွဲ့ စာကြည့်တိုက်များသို့ လူထုသိပ္ပံကျမ်း အတွဲ (၈၊ ၉) နှင့် ခေတ်သစ်လူထုသိပ္ပံကျမ်းစာအုပ်များ လှူဒါန်းပွဲ၊ ရန်ကုန်တိုင်းဒေသကြီး ပဥ္စမအကြိမ် စာအုပ်စာစောင်များလှူဒါန်းပွဲနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မိသားစုက လှူဒါန်းသော ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စာကြည့်တိုက် ၁၃၇ တိုက်အတွက် လူထုသိပ္ပံကျမ်း အတွဲ (၈)၊ အတွဲ (၉) စာအုပ်နှင့် ခေတ်သစ်လူထုသိပ္ပံကျမ်းစာအုပ် ၄၁၁ အုပ်အား ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပေးအပ်ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း လက်ခံရယူစဉ်။**

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးညွန့်ဆွေနှင့်တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိအခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

**ဖျော်ဖြေတင်ဆက်**

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက **“ပညာဘဏ်တိုက် စာကြည့်တိုက်”** သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ပြီး ဗီဒီယို Clip ပြသသည်။

ထို့နောက် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ပြောကြားသည့်အတိုင်း စာမဖတ်သူသည် ထိုင်နေသူနှင့်တူပြီး စာတတ်ပြီး စာမဖတ်သူသည် ရပ်နေသူ၊ စာတတ်ပြီး စာဖတ်သူက လမ်းလျှောက်နေသူဖြစ်ကြောင်း၊ မိမိမဖတ်ဖူးသေးသည့် စာအုပ်သည် အသစ်ပင်ဖြစ်ပါကြောင်း၊ စာအုပ်အဟောင်းများထဲမှ စာအုပ်ကောင်းများကိုပြန်လည်ပုံနှိပ်ထုတ်ဝေရန် စီစဉ်လျက်ရှိပါကြောင်း၊ စာဖတ်ရန်၊ ဖတ်ပြီးမှတ်ရန်၊ မှတ်ပြီးတွေးရန် လိုအပ်ပါကြောင်း၊ အချို့လူငယ်များသည် စာမဖတ်သဖြင့် အသိပညာဗဟုသုတချို့တဲ့ကာ မသမာသူများ၏ ဖြားယောင်းသွေးဆောင်မှုကို ယုံကြည်၍ လမ်းမှားသို့ ရောက်နေကြပါကြောင်း။

နိုင်ငံတော်အကြီးအကဲက မိမိနိုင်ငံ၏ လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုများ ကျင်းပကာ စာပေဖတ်ရှုလေ့လာမှုများကို မြှင့်တင်ပေးလျက်ရှိပါကြောင်း၊ ယနေ့အချိန်တွင် မသမာသူများက သတင်းတု၊ သတင်းမှားများကို ထုတ်လွှင့်ပြီး ပြည်သူများအား အထင်အမြင်လွဲမှားစေရန် လုပ်ဆောင်နေမှုများအပေါ် မှန်ကန်စွာသိမြင်နိုင်ရေးအတွက် အသိပညာဗဟုသုတ ပြည့်ဝအောင် ဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှမိသားစုက လှူဒါန်းသော ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စာကြည့်တိုက် ၁၃၇ တိုက်အတွက် လူထုသိပ္ပံကျမ်း အတွဲ(၈)၊ အတွဲ(၉) စာအုပ်နှင့် ခေတ်သစ်လူထုသိပ္ပံကျမ်းစာအုပ် ၄၁၁ အုပ်အား ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပေးအပ်ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက လက်ခံရယူသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာနမှ ရန်ကုန်တိုင်းဒေသကြီးသို့ လှူဒါန်းသည့် စလောင်း အစုံ ၅၀ နှင့် DTH စက်အလုံး ၁၀၀ တို့အား ပြည်ထောင်စုဝန်ကြီးက ပေးအပ်ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံရယူသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှမိသားစုက လှူဒါန်းသည့် တပ်မတော်ဌာနချုပ်များ၊ တပ်ရင်း/တပ်ဖွဲ့စာကြည့်တိုက်များအတွက် လူထုသိပ္ပံကျမ်း အတွဲ(၈)၊ အတွဲ(၉) စာအုပ်နှင့် ခေတ်သစ်လူထုသိပ္ပံကျမ်း စာအုပ် ၁၅၀၀ နှင့် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းအတွက် လူထုသိပ္ပံကျမ်းအတွဲ (၈)၊ အတွဲ(၉)စာအုပ်နှင့် ခေတ်သစ်လူထုသိပ္ပံကျမ်း ၂၅၈၉ အုပ်တို့အား ပြည်ထောင်စုဝန်ကြီးက ပေးအပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် ခေတ္တဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး သက်ပိုင်ဇော်နှင့် မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးညွန့်ဆွေတို့က လက်ခံရယူကြသည်။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မိသားစုက လှူဒါန်းသော မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းအတွက် လူထုသိပ္ပံကျမ်း အတွဲ(၈)၊ အတွဲ(၉) စာအုပ်နှင့် ခေတ်သစ်လူထုသိပ္ပံကျမ်းစာအုပ် ၂၅၈၉ အုပ်အား ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပေးအပ်ရာ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးညွန့်ဆွေ လက်ခံရယူစဉ်။**

**စလောင်းနှင့် DTH စက်များ မဲဖောက်ပေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က တက်ရောက်လာကြသည့် ဧည့်ပရိသတ်များအား စလောင်းနှင့် DTH စက်များအား ကံစမ်းမဲဖောက်ပေးကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးစာကြည့်တိုက်များကြီးကြပ်ရေးကော်မတီနာယက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက မှဒိတာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးညွန့်ဆွေက ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးစာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီက ပေးအပ်သည့် ရပ်ကွက်၊ ကျေးရွာစာကြည့်တိုက်များအတွက် ပဉ္စမအကြိမ် ငွေကျပ်သိန်း ၂၅၀ တန်ဖိုးရှိ သုတရသ စာအုပ်များအား ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပေးအပ်ရာ ရပ်ကွက်ကျေးရွာစာကြည့်တိုက်မှူးများက လက်ခံရယူပြီး အမျိုးသားစာပေဆုရှင် စာရေးဆရာမ မစန္ဒာက စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာ ဟောပြောဆွေးနွေးသည်။

**ဂုဏ်ပြုဆုငွေများပေးအပ်**

ယင်းနောက် ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက **“ကမ်းမားမှာ ရေပက်ကစားကြမယ်”**ရှမ်းသီချင်းဖြင့်လည်းကောင်း၊ အလုံမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက **“ပန်းရည်ဘဏ်တိုက်”** သီချင်းဖြင့် လည်းကောင်း သီဆိုဖျော်ဖြေကြပြီး စာရေးဆရာမ မစန္ဒာနှင့် အခမ်းအနားတွင် သီဆိုဖျော်ဖြေခဲ့ကြသည့် ကျောင်းသား ကျောင်းသူလေးများအား ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ တိုင်းဒေသကြီးအတွင်း စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

နံနက်ပိုင်းကလည်း ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းတို့သည် အင်းစိန်ခရိုင် လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ် ဘုရင့်နောင်တိုးချဲ့ပန်းခြံ၌ ကျင်းပသည့် (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့အထိမ်းအမှတ် ရန်ကုန်တိုင်းဒေသကြီးစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများပြပွဲသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ၂၀၂၅ ခုနှစ် တောင်သူလယ်သမားနေ့အထိမ်းအမှတ် ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်(ရန်ကုန်)မှ ကျောင်းသား ကျောင်းသူလေးများက **“ကောက်စိုက်ချိန်ခါ ကျေးလက်သဘာဝ ယိမ်း”** ဖြင့် ဖျော်ဖြေတင်ဆက်ပြီး ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ၂၀၂၅ ခုနှစ် တောင်သူလယ်သမားနေ့အထိမ်းအမှတ် ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးထူးချွန်ဆု၊ မွေးမြူရေးထူးချွန်ဆုနှင့် မြစိမ်းရောင်အသားကဏ္ဍဖော်ဆောင်နိုင်မှု စံပြကျေးရွာ အကောင်းဆုံးဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ခင်းကျင်းပြသထားသည်များကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

**သတင်းစဉ်**

# ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်းဆောင်ရွက်နိုင်ရေးအတွက် မြန်မာဘက်နှင့် CITIC ဘက်မှ နှစ်ဖက်ကြိုတင်ဖြည့်ဆည်းရမည့်အချက်များနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၈

**ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်း အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာဘက်နှင့် CITIC ဘက်မှ နှစ်ဖက်ကြိုတင်ဖြည့်ဆည်းရမည့်အချက်များ (Conditions Precedent) နှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ရုံးအမှတ်-၃၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ-၁ ၌ ကျင်းပသည်။**

အစည်းအဝေးသို့ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ရခိုင်ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိသူများ၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာဘက်နှင့် CITIC ဘက်မှ နှစ်ဖက်ကြိုတင်ဖြည့်ဆည်းရမည့်အချက် (Conditions Precedent) ကိစ္စရပ်များနှင့်သက်ဆိုင်သည့်ဌာနများမှ တာဝန်ရှိသူများ၊ CITIC Consortium Myanmar Port Investment Limited မှ ဥက္ကဋ္ဌ Mr. Liang Chuanxin နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအကြား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့် ရေနက်ဆိပ်ကမ်းတည်ဆောက်ရေးစီမံကိန်း ဆောလျင်စွာ စတင်နိုင်ရေးအတွက် မြန်မာနိုင်ငံဘက်နှင့် တရုတ်နိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းခိုင်မာလာစေရန်နှင့် ရေနက်ဆိပ်ကမ်းစီမံကိန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေးဆွဲထားသည့် Development Plan ကို ခေတ်စနစ်နှင့်အညီ ကောင်းမွန်စေရန် ရေးဆွဲသင့်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်းသည် မြန်မာနိုင်ငံအတွက် အရေးကြီးသကဲ့သို့ တရုတ်နိုင်ငံအတွက်လည်း မဟာဗျူဟာကျသည့် မြန်မာ-တရုတ် စီးပွားရေးစင်္ကြံ ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုမြှင့်တင်စေနိုင်မည်ဖြစ်ကြောင်း၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံကိန်းများ သတ်မှတ်ကာလအတွင်း အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရေးအတွက် လိုအပ်သည့်လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ပြီးပြတ်အောင် ဆောင်ရွက်နိုင်ရေးနှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို Timeline ချမှတ်၍ ကြိုးစားဆောင်ရွက်နေကြောင်း ပြောကြားသည်။



ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်း အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာဘက်နှင့် CITIC ဘက်မှ နှစ်ဖက်ကြိုတင်ဖြည့်ဆည်းရမည့်အချက်များ (Conditions Precedent) နှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။

ထို့နောက် CITIC Consortium Myanmar Port Investment Limited မှ တာဝန်ရှိသူများက နှစ်ဖက်ကြိုတင်ဖြည့်ဆည်းရမည့်အချက်များ (Conditions Precedent) နှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်ရမည့်အခြေအနေများကို အသေးစိတ်ရှင်းလင်းဆွေးနွေးတင်ပြကြရာ တက်ရောက်လာသည့် ဌာနဆိုင်ရာများမှ ကိုယ်စားလှယ်များက ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်း ဆောင်ရွက်နိုင်ရေးအတွက် မြန်မာဘက်နှင့် CITIC ဘက်မှ နှစ်ဖက်ကြိုတင်ဖြည့်ဆည်းရမည့်အချက်များ (Conditions Precedent) အနက် EIA/SIA ဆိုင်ရာကိစ္စရပ်များနှင့် Development Plan တို့နှင့်စပ်လျဉ်းသည်များကို တင်ပြခဲ့ရာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို မွန်းလွဲ ၃ နာရီခွဲတွင် ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အစိုးရပြောရေးဆိုခွင့်ရှိသူများ စွမ်းဆောင်ရည်မြှင့်တင်ခြင်း အလုပ်ရုံဆွေးနွေးပွဲ တတိယနေ့ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ထိရောက်သော လူထုဆက်ဆံရေးအတွက် အစိုးရပြောရေးဆိုခွင့်ရှိသူများ စွမ်းဆောင်ရည်မြှင့်တင်ခြင်း အလုပ်ရုံဆွေးနွေးပွဲ တတိယနေ့ အစီအစဉ်များနှင့် ပိတ်ပွဲအခမ်းအနားကို ယနေ့တွင် နေပြည်တော်ရှိ Horizon Lake View Hotel ၌ ဆက်လက်ကျင်းပသည်။






ဒုတိယဝန်ကြီး ဦးရဲတင့် ထိရောက်သော လူထုဆက်ဆံရေးအတွက် အစိုးရပြောရေးဆိုခွင့်ရှိသူများ စွမ်းဆောင်ရည်မြှင့်တင်ခြင်း အလုပ်ရုံဆွေးနွေးပွဲ တတိယနေ့ အစီအစဉ်များနှင့် ပိတ်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီမှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ အာဆီယံအဖွဲ့ဝင် ကမ္ဘောဒီးယား၊ ထိုင်း၊ ဖိလစ်ပိုင်၊ မလေးရှား၊ မြန်မာ၊ လာအိုနှင့် အင်ဒိုနီးရှားနိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် ဆွေးနွေးပွဲ လေ့လာသူအဖြစ် တက်ရောက်သည့် ဂျပန်နိုင်ငံမှ ကိုယ်စားလှယ်များနှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယနေ့ အလုပ်ရုံဆွေးနွေးပွဲ တတိယနေ့ အစီအစဉ်များအဖြစ် သင်တန်းနည်းပြများက ဦးဆောင်၍ ဆွေးနွေးပွဲတက်ရောက်လာကြသူများသည် မီဒီယာများတွင် ဖော်ပြသည့် သတင်းများနှင့် သက်ရောက်မှုများ၊ ပြည်သူများထံ ဖြန့်ဝေသောသတင်းများကို ပြန်လည်ဆန်းစစ် အကဲဖြတ်ခြင်းဆိုင်ရာ အကြောင်းအရာများကို ဝိုင်းဝန်းဆွေးနွေးကြသည်။

ဆွေးနွေးမှုများ အပြီးတွင် ပိတ်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဒုတိယဝန်ကြီးက ပါဝင်တက်ရောက်ကြသူများကိုသင်တန်းပြီးမြောက်ကြောင်း လက်မှတ်များပေးအပ်ပြီး မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သီတာတင်က သုံးရက်တာ ကျင်းပခဲ့သည့် ဆွေးနွေးပွဲအတွင်း ဆွေးနွေးကြသည့် အကြောင်းအရာများနှင့်စပ်လျဉ်း၍ သုံးသပ်ဆွေးနွေးပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက ယခုဆွေးနွေးပွဲ ကျင်းပနိုင်ရေးရန်ပုံငွေခွင့်ပြုပေးခဲ့သော အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ ဆွေးနွေးပို့ချပေးခဲ့သူများနှင့် တက်ရောက်လာကြသော အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့် ဌာနဆိုင်ရာများမှ တက်ရောက်လာသူများအား ကျေးဇူးတင်ရှိပါကြောင်း၊ ယခုကဲ့သို့ ဆွေးနွေးပွဲကျင်းပခြင်းဖြင့် အစိုးရများနှင့် ပြည်သူများအကြား ပေါင်းကူးချိတ်ဆက်ပေးသည့် မီဒီယာကဏ္ဍကို တိုးမြှင့်ပေးနိုင်မည်ဖြစ်ကြောင်း၊ သို့မှသာ အစိုးရနှင့် ပြည်သူများအကြား၊ အစိုးရနှင့် မီဒီယာများအကြား ဆက်ဆံရေးကို တိုးမြှင့်နိုင်မည်ဖြစ်ပြီး ပွင့်လင်းမြင်သာမှု၊ အပြန်အလှန်ယုံကြည်မှုနှင့် နားလည်မှုတို့ကို မြှင့်တင်၍ ကောင်းမွန်သည့် ဆက်ဆံမှုကို တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် မဟုတ်မမှန် ထုတ်လွှင့်ဖော်ပြနေကြသည့် Social Media များ၊ သတင်းတုသတင်းမှားများအား တုံ့ပြန်ခြင်းနှင့် အကျပ်အတည်းကာလများတွင် မီဒီယာကိုအသုံးပြုပြီး ဖြေရှင်းဆောင်ရွက်သွားနိုင်မည် ဖြစ်ပါကြောင်း၊ ဆွေးနွေးပွဲမှရရှိသော အချက်အလက်များကို မိမိတို့ဌာနများအတွင်း ဖြန့်ဝေအသိပေးပြီး ပြည်သူ့ဆက်ဆံရေး ကဏ္ဍကို တိုးမြှင့်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းပြောကြားသည်။

ယခုကဲ့သို့ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်းအားဖြင့် အများပြည်သူနှင့် ထိရောက်စွာ ဆက်သွယ်နည်း၊ အကျပ်အတည်းများကို စီမံခန့်ခွဲနည်းစနစ်များနှင့် အစိုးရဌာနများ၏ သတင်းစကားများကို ရှင်းလင်းစွာဖြင့် ထိရောက်စွာ ပေးပို့သည့် နည်းစနစ်များကို လေ့လာသိရှိပြီး အစိုးရများနှင့် ပြည်သူလူထုအကြား ချိတ်ဆက်ပေးနိုင်သည့် အပြင် ယုံကြည်မှုကို မြှင့်တင်နိုင်ကာ ပိုမိုခိုင်မာသော လူမှုအသိုက်အဝန်းများကို တည်ဆောက်ပေးနိုင်မည်ဖြစ်သည်။

ထို့ပြင် အလုပ်ရုံဆွေးနွေးပွဲသည် အာဆီယံ၏ စွမ်းရည်မြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကတိကဝတ်ကို ဖြည့်ဆည်းပေးနိုင်ရေး အထောက်အကူပြုမည်ဖြစ်သည်။

မွန်းလွဲပိုင်းတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့် သင်တန်းနည်းပြများသည် နေပြည်တော်မှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာသွားကြပြီး ညပိုင်းတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မှော်ဘီမြို့နယ်အတွင်းရှိ သမဝါယမအသင်းများမှ ဆောင်ရွက်လျက်ရှိသည့် ဆီထွက်သီးနှံစိုက်ခင်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**မှော်ဘီ ဖေဖော်ဝါရီ ၂၈**

ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး၏ ကြီးကြပ်မှုဖြင့် မှော်ဘီမြို့နယ် အောက်စုကျေးရွာ၌ ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးထားသော ဆီထွက်သီးနှံစိုက်ခင်းများကို ယမန်နေ့က ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ အောက်စုစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းမှ စိုက်ပျိုးထားသော မြေပဲစိုက်ခင်း ဧက ၈၀ အား မြို့နယ်ဦးစီးမှူး ဒေါ်နွေနွေအောင်က ကွင်းဆင်းကြည့်ရှုပြီး ပန်းတိုင်အထွက်နှုန်း ရရှိစေရေး၊ စိုက်ဧကများ တိုးချဲ့စိုက်ပျိုးသွားနိုင်ရေးအတွက် အသင်းသားတောင်သူများအား မှာကြားခဲ့ကြောင်း သိရသည်။

**ကောင်းမြတ်သူ(မှော်ဘီ)**



# ပြည်သူလူထု၏ သယံဇာတအား ပြည်သူလူထုထံသို့ အပိုင်း(၄)

*ခွန်နီဂါးတား(ရေနံ)နှင့် မောင်သုတ(စွမ်းအင်)*

စွမ်းအင်ဝန်ကြီးဌာနသည် နိုင်ငံ၏ စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များနှင့် ရေတိုရေရှည်အစီအမံများ ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

စွမ်းအင်ဝန်ကြီးဌာန၏ ချမှတ်ထားသည့် ရည်မှန်းချက်နှင့် လုပ်ငန်းတာဝန်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကုန်းတွင်းနှင့် ကမ်းလွန်ရှိ ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ကွက်များမှ ရေနံနှင့် သဘာဝဓာတ်ငွေ့များ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်း၊ ရရှိလာသည့် ရေနံနှင့် သဘာဝဓာတ်ငွေ့များကို အသုံးပြု၍ ရေနံချက်စက်ရုံများ၊ ဓာတ်မြေဩဇာစက်ရုံများနှင့် ရေနံဓာတ်ငွေ့ ရည်စက်ရုံများအား စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေး စွမ်းအင်ဝန်ကြီးဌာနမှ ကိုယ်တိုင်ဝင်ရောက် ဆောင်ရွက်နေသည့်အပြင် ပြည်တွင်းပြည်ပရှိ ကုမ္ပဏီများနှင့်လည်း အကျိုးတူပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် စွမ်းအင်ဝန်ကြီးဌာနသည် ထွက်ရှိလာသည့် ရေနံနှင့် သဘာဝဓာတ်ငွေ့တို့အား ကုန်ကြမ်းနှင့် လောင်စာအဖြစ် အသုံးပြု၍ နိုင်ငံအတွက်လိုအပ်သည့် ရေနံထွက်ပစ္စည်းများနှင့် ယူရီးယားဓာတ်မြေဩဇာများ ထုတ်လုပ်ဖြန့်ဖြူးခြင်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရေးနှင့် စက်ရုံအလုပ်ရုံများ၏ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် သဘာဝဓာတ်ငွေ့များဖြန့်ဖြူးပေးခြင်း၊ အများပြည်သူ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် အသုံးပြုနေသည့် မော်တော်ယာဉ်များအတွက် မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့များ ဖြန့်ဖြူးရောင်းချပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

**အများပြည်သူသယ်ယူပို့ဆောင်ရေးကဏ္ဍ အဆင်ပြေချောမွေ့စေရေး**


အများပြည်သူ သယ်ယူပို့ဆောင်ရေးကဏ္ဍ အဆင်ပြေချောမွေ့စေရေးနှင့် ပြည်သူလူထု၏ သယံဇာတအား ပြည်သူလူထုထံသို့ ပေးအပ်နိုင်ရေးအတွက် စွမ်းအင်ဝန်ကြီးဌာနသည် မော်တော်ယာဉ်များအား သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်အဖြစ် ပြောင်းလဲခြင်းကို ၁၉၈၆ ခုနှစ်မှ စတင်၍ ဆောင်ရွက်ခဲ့ပြီး ရန်ကုန်၊ ချောက်နှင့် ရေနံချောင်းမြို့များတွင် အရောင်းဆိုင် ငါးဆိုင်ဖြင့် မော်တော်ယာဉ်များအတွက် သဘာဝဓာတ်ငွေ့များ စတင်ဖြန့်ဖြူးရောင်းချပေးခဲ့ပါသည်။


၂၀၀၄ ခုနှစ်တွင် ကမ္ဘာ့ရေနံဈေးနှုန်း အဆမတန်မြင့်မားလာခြင်းကြောင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုအရ လောင်စာဆီသုံးစွဲမှုကို လျှော့ချနိုင်ရန် စွမ်းအင်ဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များနှင့် အရောင်းဆိုင်များ တိုးချဲ့ဆောင်ရွက်ခြင်းကို ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ယခုအခါ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်များကို ရန်ကုန်တိုင်းဒေသကြီးအတွင်း CNG အရောင်းဆိုင် ၄၁ ဆိုင်၊ မန္တလေးတိုင်းဒေသကြီးတွင် CNG အရောင်းဆိုင် နှစ်ဆိုင်၊ မကွေးတိုင်းဒေသကြီးတွင် CNG အရောင်းဆိုင် သုံးဆိုင်၊ CNG အရောင်းဆိုင်စုစုပေါင်း ၄၆ ဆိုင်မှ CNG ယာဉ်စီးရေ စုစုပေါင်း ၂၈၃၀၁ စီးကို နေ့စဉ် ကုန်းတွင်းနှင့် ကမ်းလွန်မှ ထုတ်လုပ်ရရှိသည့် သဘာဝဓာတ်ငွေ့ကုဗပေသန်း ၂၀ ခန့်အား ထိန်းညှိဖြန့်ဖြူးပေးနေလျက်ရှိပါသည်။

မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့(CNG) အရောင်းဆိုင်များ၌ CNG သုံး YBS မော်တော်ယာဉ်များ၊ အငှားယာဉ်များအပါအဝင် အခြား CNG သုံး မော်တော်ယာဉ် စုစုပေါင်း ၃၀၀၀၀ ခန့်ကို နေ့စဉ် နံနက် ၀၄:၀၀ နာရီမှ ည ၂၃:၀၀ နာရီအထိ သဘာဝဓာတ်ငွေ့ဖြန့်ဖြူး ရောင်းချပေးလျက်ရှိပါသည်။

| စွမ်းအင်ဝန်ကြီးဌာနမှ ဖွင့်လှစ်ထားရှိသော မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့အရောင်းဆိုင်များ | | | |
|---|---|---|---|
| စဉ် | တည်နေရာ | အရောင်းဆိုင် | ယာဉ်စီးရေ |
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | ၄၁ | ၂၆,၉၇၁ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | ၂ | ၇၀၉ |
| ၃။ | မကွေးတိုင်းဒေသကြီး | ၃ | ၆၂၁ |
| | စုစုပေါင်း | ၄၆ | ၂၈,၃၀၁ |

မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်များသို့ ပိုက်လိုင်းဖြင့် ပေးပို့လာသည့် Suction Pressure 120 PSI ခန့်ရှိသော သဘာဝဓာတ်ငွေ့များကို Dryer များဖြင့် မသန့်ရှင်းသော အခိုးအငွေ့များနှင့် ရေများအား စစ်ထုတ်အခြောက်ခံပြီး **CNG အရောင်းဆိုင်ရှိ Compressor စက်များဖြင့် Pressure 2500–3000 PSI (လေထုဖိအား၏ အဆ ၂၀၀ အထိ) Compressed ပြုလုပ်၍ ဆလင်ဒါအိုးများအတွင်း ဖိသိပ်ဖြည့်သွင်းပြီး CNG မော်တော်ယာဉ်များသို့ ရောင်းချပေးခြင်းဖြစ်ပါသည်။**




ထို့အပြင် မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့ အရောင်းဆိုင်များသို့ CNG ဖြည့်တင်းဝယ်ယူရန် လာရောက်သည့် မော်တော်ယာဉ်များသည် စွမ်းအင်ဝန်ကြီးဌာနမှ ခွင့်ပြုထုတ်ပေးသော CNG မော်တော်ယာဉ်များ ဟုတ်မဟုတ်အား စစ်ဆေးနိုင်မည့် Automatic Number Plate Recognition(ANPR) စနစ်ကိုလည်း စွမ်းအင်ဝန်ကြီးဌာနမှ အကောင်အထည်ဖော်ရန် စီမံဆောင်ရွက်လျက်ရှိပါသည်။

ယခုအခါ အဆိုပါစနစ်ဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲနေသော အခြား **CNG အသုံးပြုခွင့်ထုတ်ပေးသော ယာဉ်များအား စနစ်အတွင်း ထည့်သွင်းထားရှိပြီးဖြစ်ပြီး YBS များ၏ ယာဉ်နံပါတ်များ ထည့်သွင်းမှုများ ပြီးဆုံးပါက Automatic Number Plate Recognition(ANPR) စနစ် စတင်အသုံးပြုနိုင်မည်ဖြစ်ပါသည်။**

**CNG မော်တော်ယာဉ်များ CNG ဖြည့်တင်းရာတွင် တန်းစီ စောင့်ဆိုင်းရမှုမရှိစေရန် စီမံဆောင်ရွက်ခဲ့မှု**

CNG မော်တော်ယာဉ်များ CNG ဖြည့်တင်းရာတွင် တန်းစီ စောင့်ဆိုင်းရမှုအား လျှော့ချနိုင်ရန်အတွက် ၂၀၂၄ ခုနှစ်တွင် အောက်ဖော်ပြပါလုပ်ငန်းများကို စွမ်းအင်ဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ပူးပေါင်း၍ စီမံဆောင်ရွက်ခဲ့ပါသည်-

- ❖ သဘာဝဓာတ်ငွေ့များ တိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရေးနှင့် သတ်မှတ်ထားသည့် Gas Pressure ရရှိစေရေး စီမံဆောင်ရွက်ခြင်း၊
- ❖ CNG အရောင်းဆိုင်များတွင် လျှပ်စစ်မီးပြတ်တောက်မှုမရှိစေရေး စီမံဆောင်ရွက်ခြင်းနှင့် အရန်မီးစက်များထားရှိ အသုံးပြုခြင်း၊
- ❖ CNG အရောင်းဆိုင်များ၏ အဝင်အထွက်လမ်းများ အဆင်ပြေစေရေးနှင့် ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေး စီမံဆောင်ရွက်ခြင်း၊
- ❖ ကုန်းတွင်းနှင့် ကမ်းလွန်သဘာဝဓာတ်ငွေ့တို့အား အပူစွမ်းအင် ထိန်းညှိဖြန့်ဖြူးနိုင်ရေး နည်းပညာအသုံးပြု၍ စီမံဆောင်ရွက်ခြင်း၊
- ❖ CNG အရောင်းဆိုင်များရှိ Compressor နှင့် ဆက်စပ်စက်ပစ္စည်းများ၏ ကြံ့ခိုင်ကောင်းမွန်မှုရှိစေရေး ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ စီမံဆောင်ရွက်ခြင်း၊

အများပြည်သူ သယ်ယူပို့ဆောင်ရေးကဏ္ဍ အဆင်ပြေချောမွေ့စေရေးအတွက် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အတူ ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ အများပြည်သူ သယ်ယူပို့ဆောင်ရေးကဏ္ဍ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ပိုမိုအဆင်ပြေချောမွေ့စေရေးအတွက် သဘာဝဓာတ်ငွေ့သုံး CNG မော်တော်ယာဉ်များနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၂၃ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးရှိ မင်္ဂလာခန်းမ၌ ကျင်းပခဲ့ပါသည်။

အဆိုပါအစည်းအဝေးတွင် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက သဘာဝဓာတ်ငွေ့သုံး (CNG) မော်တော်ယာဉ်များအတွက် သဘာဝဓာတ်ငွေ့ပိုမိုဖြည့်ဆည်းပေးနိုင်ရေး စွမ်းအင်ဝန်ကြီးဌာနက စီမံဆောင်ရွက်နေမှုအခြေအနေများ၊ သဘာဝဓာတ်ငွေ့တိုးမြှင့် ထုတ်လုပ်နိုင်လာသည်နှင့်အမျှ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် CNG ကို ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနိုင်ရန် စီမံဆောင်ရွက်သွားမည့် အခြေအနေများ၊ CNG ဝယ်ယူရာတွင် တန်းစီစောင့်ဆိုင်းဝယ်ယူရမှု လျော့ကျသွားစေရေး၊ ပြည်တွင်းမှထွက်ရှိသည့် CNG ကို တိုးမြှင့်အသုံးပြုနိုင်ခြင်းဖြင့် စက်သုံးဆီ ဝယ်ယူရမှုလျှော့ချနိုင်ပြီး နိုင်ငံခြားငွေသုံးစွဲရမှု ခြိုးခြံချွေတာနိုင်ရေး စသည့် အကျိုးကျေးဇူးများနှင့် CNG ကို သက်သာသောဈေးနှုန်းဖြင့် နိုင်ငံတော်မှ စီမံဆောင်ရွက်ပေးထားမှုများအပေါ်တွင် ပြည်သူများ အကျိုးခံစားမှုရှိစေရေးတို့အတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် တာဝန်ရှိသူများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် ဆွေးနွေးပြောကြားခဲ့ပြီး အစည်းအဝေးတက်ရောက်လာသူများ၏ တင်ပြဆွေးနွေးမှုများအပေါ်တွင် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

**ပြည်တွင်းသဘာဝဓာတ်ငွေ့ တိုးမြှင့်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်**

ကုန်းတွင်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေများတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်ရရှိရန် အသင့်အတင့်ကျန်ရှိသော ရေနံမြေများတွင် တွင်းသစ်များတူးဖော်ခြင်း၊ ပေနက် တိုးချဲ့တူးဖော်ခြင်း၊ တွင်းဟောင်းပြုပြင်ခြင်း၊ ပိတ်ဆို့တွင်းများရှင်းလင်းခြင်း၊ တွင်းဟောင်း ပြန်လည်ဖွင့်လှစ်ခြင်း၊ သဲကြောတိုးချဲ့သေနတ်ဖောက်ခြင်းလုပ်ငန်းများဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ အထွက်တိုးရေးအတွက် စွမ်းအင်ဝန်ကြီးဌာနမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

စွမ်းအင်ဝန်ကြီးဌာနသည် နိုင်ငံ၏ စွမ်းအင်ဖူလုံရေးနှင့် လုံခြုံရေးအတွက် ရေနံနှင့် သဘာဝဓာတ်ငွေ့တိုးတက်ထုတ်လုပ်နိုင်ရန် နည်းလမ်းမျိုးစုံဖြင့်

*စာမျက်နှာ ၁၁ သို့*

- ကုန်းတွင်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေများဖြစ်သည့် မအူပင်၊ အဖျောက်နှင့် မြန်အောင်တို့ရှိ ရေနံနှင့် သဘာဝဓာတ်ငွေ့မြေများတွင် သုတေသနပြုလုပ်၍ နည်းပညာအသုံးပြုဆောင်ရွက်ခဲ့သဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့များ တိုးမြှင့်ထုတ်လုပ်နိုင်ခဲ့ပြီး ရရှိလာသော သဘာဝဓာတ်ငွေ့များကို အများပြည်သူ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ပိုမိုတိုးမြှင့်ဖြန့်ဖြူးပေးလျက်ရှိ
- CNG အသုံးပြုခွင့်ရရှိနေသည့် မော်တော်ယာဉ်ပိုင်ရှင်နှင့် ယာဉ်မောင်းများအနေဖြင့်လည်း စွမ်းအင်ဝန်ကြီးဌာနမှ သဘာဝဓာတ်ငွေ့အား ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိသည့်အတွက် ခရီးသွားပြည်သူလူထုထံမှ ယာဉ်စီးခများ ကောက်ခံရာတွင် အခြားစက်သုံးဆီမော်တော်ယာဉ်များ ကောက်ခံနေသည့် နှုန်းထားများထက် လျှော့နည်းသက်သာစွာ ကောက်ခံရမည်ဖြစ်

*စာမျက်နှာ ၁၀ မှ*

ကြိုးစားဆောင်ရွက်နေသကဲ့သို့ ထွက်ရှိလာသည့် သဘာဝဓာတ်ငွေ့ကုန်ကြမ်းကို ဖိအားမြှင့် သဘာဝဓာတ်ငွေ့၊ ရေနံဓာတ်ငွေ့ရည်ကဲ့သို့ တန်ဖိုးမြှင့် ထုတ်ကုန်များအဖြစ် ပိုမိုထုတ်လုပ်သုံးစွဲနိုင်ရန်လည်း ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် ရေနံနှင့် သဘာဝဓာတ်ငွေ့အရင်းအမြစ်များသည် အကန့်အသတ်ဖြင့်သာ ထုတ်ယူနိုင်၍ အကျိုးရှိစွာ အသုံးပြုရမည်ဖြစ်သဖြင့် ပြည်တွင်းသဘာဝဓာတ်ငွေ့ရောင်းချမှုအားလုံးကို ထုထည်အခြေပြုအစား အပူစွမ်းအင်အခြေပြုဖြင့် ပြောင်းလဲဆောင်ရွက်သွားရန် စွမ်းအင်ဝန်ကြီးဌာနက စီမံဆောင်ရွက်လျက်ရှိပါသည်။

ကုန်းတွင်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေများဖြစ်သည့် မအူပင်၊ အဖျောက်နှင့် မြန်အောင်တို့ရှိ ရေနံနှင့် သဘာဝဓာတ်ငွေ့မြေများတွင် သုတေသနပြုလုပ်၍ နည်းပညာ အသုံးပြုဆောင်ရွက်ခဲ့သဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့များ တိုးမြှင့်ထုတ်လုပ်နိုင်ခဲ့ပြီး ရရှိလာသော သဘာဝဓာတ်ငွေ့များကို အများပြည်သူ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ပိုမိုတိုးမြှင့် ဖြန့်ဖြူးပေးလျက်ရှိပါသည်။

အနာဂတ် သဘာဝဓာတ်ငွေ့ ဖြန့်ဖြူးရေးကဏ္ဍတွင် One BTU စနစ်ဖြင့် ဆောင်ရွက်နိုင်ရေး ဓာတ်ငွေ့ပေါင်းဆုံမည့် Gas Hub နှင့် ပိုက်လိုင်းကွန်ရက် အဆင့်မြှင့်တင် တည်ဆောက်ခြင်းလုပ်ငန်းများကိုလည်း စွမ်းအင်ဝန်ကြီးဌာနမှ သတ်မှတ်စံနှုန်းများနှင့်အညီ စနစ်တကျ အလေးထား ဆောင်ရွက်လျက်ရှိပါသည်။

**ပြည်သူများ သက်သာချောင်ချိမှုရှိစေရေး ကြိုးပမ်းဆောင်ရွက်**

စွမ်းအင်ဝန်ကြီးဌာနသည် အများပြည်သူ သယ်ယူပို့ဆောင်ရေးကဏ္ဍ အဆင်ပြေချောမွေ့စေရေးနှင့် ပြည်သူများအနေဖြင့် ခရီးသွားလာရာတွင် သက်သာချောင်ချိမှုရှိစေရေးအတွက် YBS ယာဉ်များနှင့် Taxi ယာဉ်များကို ဦးစားပေး၍ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့(CNG)များအား ၁ ကီလိုဂရမ်လျှင် ၂၇၃ ကျပ် ၂၅ ပြားနှုန်းဖြင့် ရောင်းချပေးလျက်ရှိပါသည်။ **CNG ဈေးနှုန်းသည် ဓာတ်ဆီ တစ်ဂါလန်နှင့် ညီမျှသည့် သဘာဝဓာတ်ငွေ့ ၃.၆၆ ကီလိုဂရမ်ကို ၁၀၀၀ ကျပ်နှုန်းဖြင့် ရောင်းချပေးနေသည့်အတွက် တူညီခရီးအကွာအဝေးတစ်ခုကို နှိုင်းယှဉ်မောင်းနှင်ပါက CNG ယာဉ်များသည် ၁၄ ဆခန့် ကုန်ကျမှုသက်သာကြောင်းသုတေသနပြုထားပြီးလည်းဖြစ်ပါသည်။ ထို့အပြင် CNG အသုံးပြုသည့် Engine များသည် ဓာတ်ဆီ၊ ဒီဇယ် အသုံးပြုသည့် Engine များနှင့် နှိုင်းယှဉ်လျှင် အသုံးပြုနိုင်သည့် သက်တမ်းကို သိသာစွာကွာခြားမှု မရှိသည့်အပြင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းစေကြောင်းကို သက်ဆိုင်ရာနယ်ပယ်အသီးသီးမှ တာဝန်ရှိသူများအား ဖိတ်ခေါ်၍စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်တိုင် အလုပ်ရုံဆွေးနွေးပွဲတစ်ခုအား ဦးဆောင်ကျင်းပ၍ ရှင်းလင်းပြောကြားခဲ့ပြီးဖြစ်ပါသည်။**

သို့ဖြစ်၍ CNG အသုံးပြုခွင့်ရရှိနေသည့် မော်တော်ယာဉ်ပိုင်ရှင်နှင့် ယာဉ်မောင်းများအနေဖြင့်လည်း စွမ်းအင်ဝန်ကြီးဌာနမှ သဘာဝဓာတ်ငွေ့အား ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိသည့်အတွက် ခရီးသွားပြည်သူလူထုထံမှ ယာဉ်စီးခများ ကောက်ခံရာတွင် အခြားစက်သုံးဆီမော်တော်ယာဉ်များ ကောက်ခံနေသည့် နှုန်းထားများထက် လျှော့နည်းသက်သာစွာ ကောက်ခံရမည်ဖြစ်ပါသည်။ သဘာဝဓာတ်ငွေ့ကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးနေခြင်းဖြစ်သည့်အတွက် CNG မော်တော်ယာဉ်များ ပိုမိုပြေးဆွဲနိုင်ပါက သယ်ယူပို့ဆောင်ရေးစရိတ်များလည်း ကျဆင်းလာမည်ဖြစ်ပြီး ကုန်ဈေးနှုန်းကျဆင်းမှုကိုလည်း အထောက်အကူပြုနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ပြည်တွင်းစက်သုံးဆီသုံးစွဲမှု၏ ၉၇ ရာခိုင်နှုန်းခန့်ကို ပြည်ပမှ တင်သွင်းနေပြီး ပြည်တွင်းရေနံချက်စက်ရုံများမှ ၃ ရာခိုင်နှုန်းခန့်ကိုသာ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချပေးလျက်ရှိပါသည်။ စွမ်းအင်ဝန်ကြီးဌာနသည် ပြည်တွင်းသဘာဝဓာတ်ငွေ့ တိုးမြှင့်ထုတ်လုပ်နိုင်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ပိုမိုတိုးမြှင့်ဖြန့်ဖြူးပေးနိုင်ပါက ပြည်ပမှ တင်သွင်းနေရသည့် စက်သုံးဆီသုံးစွဲမှုနှုန်းကို လျှော့ချသွားနိုင်မည်ဖြစ်သည့်အတွက် နိုင်ငံခြားငွေသုံးစွဲမှု လျှော့နည်းသက်သာစေပြီး ခရီးသွား ပြည်သူများအနေဖြင့်လည်း ယာဉ်စီးနင်းခဈေးနှုန်းများ သက်သာစေမည်ဖြစ်ပါသည်။

CNG ကို ဓာတ်ဆီ၊ ဒီဇယ်များနှင့် နှိုင်းယှဉ်အသုံးပြုရာတွင် ကုန်ကျစရိတ်အနေဖြင့် CNG အသုံးပြုမှုသည် များစွာသက်သာနေသည်ကို အသုံးပြုသူများအသိပင်ဖြစ်ပြီး နည်းပညာဆိုင်ရာ သုတေသနပြုမှုများအရ CNG သည် သန့်ရှင်းသည့် စွမ်းအင်အမျိုးအစားဖြစ်၍ စက်ပစ္စည်းများ၏ သက်တမ်းကို ပိုမိုကြာရှည်စွာအသုံးပြုနိုင်သည်ကို တွေ့ရှိနိုင်ပါသည်။ ယင်းသို့ အားသာချက်များရှိသည့်အတွက် **CNG အသုံးပြုခွင့်ရရှိနေသည့် မော်တော်ယာဉ်ပိုင်ရှင်များ၊ အငှားယာဉ်မောင်းများအနေဖြင့် ခရီးသည်များထံမှ ယာဉ်စီးခများ တောင်းခံရာတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီကားများထက် သိသာစွာ လျှော့ချ၍ တောင်းခံပေးခြင်းဖြင့် ပူးပေါင်းပါဝင်ကြစေလိုကြောင်းကိုလည်း စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်များသို့ သွားရောက်စစ်ဆေးစဉ် မော်တော်ယာဉ်မောင်းနှင်သူများကို တွေ့ဆုံ၍ တိုက်တွန်းပြောကြားခဲ့ပါသည်။**



ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် CNG အရောင်းဆိုင်တာဝန်ရှိသူများ၊ CNG အသုံးပြုသည့် မော်တော်ယာဉ်ပိုင်ရှင်များအား တွေ့ဆုံမှာကြားစဉ်။

မော်တော်ယာဉ်စီးနင်းသည့် ခရီးသည်များ လုံခြုံမှုရှိစေရေးနှင့် CNG ကို နိုင်ငံတော်မှ သက်သာသော ဈေးနှုန်းဖြင့် စီမံဆောင်ရွက်ပေးထားမှုအပေါ်တွင် ပြည်သူများအကျိုးခံစားခွင့်ရှိစေရေး၊ CNG ဝယ်ယူရာတွင် တန်းစီစောင့်ဆိုင်း ဝယ်ယူရမှု လျော့ကျသွားစေရေး၊ CNG သည် စက်သုံးဆီများနှင့် နှိုင်းယှဉ်ပါက သန့်ရှင်းသောစွမ်းအင်ဖြစ်ပြီး ပတ်ဝန်းကျင်ထိခိုက်မှုကို လျှော့ချနိုင်သည့်အတွက် နိုင်ငံတကာတွင် ကျယ်ပြန့်စွာအသုံးပြုနေကြသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း တိုးမြှင့်သုံးစွဲသွားနိုင်ရေး စွမ်းအင်ဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**အများပြည်သူဘေးအန္တရာယ်ကင်းရှင်းစေရေး စစ်ဆေးဆောင်ရွက်**

မော်တော်ယာဉ်စီးနင်းသည့် ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် CNG ယာဉ်များတွင် တပ်ဆင်အသုံးပြုသည့် CNG Cylinder အိုးများအား သတ်မှတ်ထားသည့်ကာလများအတိုင်း ခေတ်မီစက်ကိရိယာများဖြင့် CNG Retest Factory အလုပ်ရုံတွင် စနစ်တကျစမ်းသပ်စစ်ဆေးပေးလျက်ရှိသည့်အပြင် သက်တမ်းပြည့်ပြီး CNG Cylinder အိုးများ အသစ်လဲလှယ်ပေးနိုင်ရေးတို့ကို စွမ်းအင်ဝန်ကြီးဌာနက ဆောင်ရွက်ပေးလျက်ရှိပါသည်။

မော်တော်ယာဉ်များတွင် ထည့်သွင်းအသုံးပြုမည့် CNG Cylinder အိုးများအား လုံခြုံစိတ်ချယုံကြည်စွာဆက်လက်အသုံးပြုနိုင်ခြင်းရှိ မရှိတို့ကို CNG Retest Factory တွင် Cylinder အိုး၏ Valve နှင့် Valve Handle များအား ဖြုတ်၍ ကောင်းမကောင်း စစ်ဆေးဆောင်ရွက်ပေးခြင်း၊ Cylinder အိုးများ၏ အတွင်းနံရံများရှိ သံချေးများနှင့် အနည်အနှစ်များအား ဆေးကြောသန့်စင်ခြင်း၊ Cylinder အိုး၏ ပြင်ပမျက်နှာပြင်အား မူလသံသားပေါ်သည်အထိ ချေးချွတ်သန့်စင်ခြင်းနှင့် Cylinder အိုး၏ ခံနိုင်ရည် ဖိအား၊ မာကျောမှု၊ အထူအပါး၊ အိုးအတွင်းအပြင်ဒဏ်ရာများအား စစ်ဆေး၍ ဆက်လက်အသုံးပြုနိုင်ခြင်းရှိ မရှိ စစ်ဆေးပေးခြင်း၊ Cylinder အိုး၏ Pressure Relieve Device များမှ ဓာတ်ငွေ့ယိုစိမ့်မှုရှိ မရှိစစ်ဆေးခြင်း စသည်တို့အား မော်တော်ယာဉ်စီးနင်းသည့် ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် စစ်ဆေးဆောင်ရွက်ပေးလျက်ရှိပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

**မော်တော်ယာဉ်တွင် ဓာတ်ဆီနှင့် CNG တို့ကို အသုံးပြုမောင်းနှင်၍ လောင်စာဆီသုံးစွဲမှုနှုန်းနှင့် ကုန်ကျစရိတ်နှိုင်းယှဉ်တွက်ချက်မှု**

| စဉ် | မော်တော်ယာဉ် အမျိုးအစား | အင်ဂျင်ပါဝါ | လောင်စာဆီ အမျိုးအစား | လောင်စာဆီ အသုံးပြုမှုနှုန်း | လောင်စာဆီ ဈေးနှုန်း | ၁၀၀ ကီလိုမီတာ မောင်းနှင်ခြင်း | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | | | | | ကုန်ကျငွေ (ကျပ်) | သက်သာမှု % (ဓာတ်ဆီနှင့်နှိုင်းယှဉ်ခြင်း) | |
| ၁ | Suzuki Ciaz | ၁၃၀၀ စီစီ | 95 RON Gasoline | ၁၇.၉၀ ကီလိုမီတာ/လီတာ | ၃,၂၇၀ ကျပ်/လီတာ | ၁၈,၂၆၈.၁၆ | - | ရန်ကုန်-မန္တလေး အမြန်လမ်း |
| ၂ | Toyota Probox | ၁၃၀၀ စီစီ | CNG (နိုင်ငံတော်မှ စိုက်ထုတ်ပေးခြင်း) | ၂၀ ကီလိုမီတာ/ကေဂျီ | ၂၇၃.၂၅ ကျပ်/ကေဂျီ | ၁,၃၆၆.၂၅ | ၉၂.၅ % | အမြန်လမ်း 40 km + မြို့တွင်းလမ်း 60 km |

| နိုင်ငံအလိုက် CNG ဈေးနှုန်းများအား နှိုင်းယှဉ်တင်ပြခြင်း | | | | |
|---|---|---|---|---|
| စဉ် | နိုင်ငံအမည် | CNG Price/Kg | CNG Price (Ks/Kg) | မှတ်ချက် |
| ၁ | မြန်မာ | ၂၇၃.၂၅ ကျပ် | ၂၇၃.၂၅ | |
| ၂ | ထိုင်း | ၁၈.၄၇ ဘတ် | ၁,၉၈၁.၂၈ | ၁ ဘတ် = ၁၀၇.၂၇ ကျပ် |
| ၃ | တရုတ် | ၆.၆၄၃ ယွမ် | ၃၂၉၄.၉၉ | ၁ ယွမ် = ၄၉၆.၀၁ ကျပ် |
| ၄ | အိန္ဒိယ | ၈၈.၅ ရူပီး | ၃,၆၆၃.၉၃ | ၁ ရူပီး = ၄၁.၄၅ ကျပ် |
| ၅ | ဩစတြီးယား | ၂.၁ ယူရို | ၇,၉၀၈.၁၂ | ၁ ယူရို = ၃,၇၆၅.၇၉ ကျပ် |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ၂၄-၀၂-၂၀၂၅ ရက်နေ့တွင် ထုတ်ပြန်သော နိုင်ငံခြားငွေလဲလှယ်နှုန်းဖြင့် တွက်ချက်ထားပါသည်။)

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ မီးငြိမ်းသတ်စက်နှင့် မီးသတ်ပစ္စည်းများ ကိုင်တွယ်အသုံးပြု၍ မီးသတ်ကျွမ်းကျင်မှုစွမ်းရည်ပြိုင်ပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ မီးဘေးလုံခြုံရေးအတွက်အထောက်အကူပြုစေမည့် မီးဘေးလုံခြုံရေးဆိုင်ရာ မီးငြိမ်းသတ်စက်နှင့် မီးသတ်ပစ္စည်းများ ကိုင်တွယ်အသုံးပြု၍ မီးသတ်ကျွမ်းကျင်မှု စွမ်းရည်ပြိုင်ပွဲကို ယနေ့ မွန်းလွဲ ၃ နာရီတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ရုံးအမှတ်(၁၇) ၌ ကျင်းပသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် မီးဘေးအန္တရာယ်ကာကွယ်တားဆီးနိုင်ရေးအတွက် ဝန်ထမ်းများ အပေါ့စားမီးငြိမ်းသတ်စက်များကို ကျွမ်းကျင်ပိုင်နိုင်စွာကိုင်တွယ်အသုံးပြုတတ်စေရန် ရည်ရွယ်၍ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ သတ်မှတ်ထားသည့် စံနှုန်းများဖြစ်သည့်မီးလောင်မှုအခြေခံသဘောတရားများ၊ မီးအတန်းအစားခွဲခြားခြင်း၊ မီးသတ်ပစ္စည်းကိရိယာများ ကိုင်တွယ်အသုံးပြုခြင်းနှင့် မီးငြိမ်းသတ်ခြင်းတို့ကို သင်တန်းတက်ရောက်ထားသည့် အရာထမ်းများက စာတွေ့၊ လက်တွေ့လေ့ကျင့်သင်ကြားပေးခဲ့ပြီး အမျိုးသားဝန်ထမ်း ၁၂ ဦး၊ အမျိုးသမီးဝန်ထမ်း ၄၈ ဦး စုစုပေါင်း ၆၀ တို့ကို အဖွဲ့(၆) ဖွဲ့ခွဲ၍ ကျွမ်းကျင်မှုစွမ်းရည်ပြိုင်ပွဲအသွင် ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သော်၊ အဖွဲ့ဝင်များဖြစ်သော ဦးဆန်းမြင့်၊ ဒေါ်ခင်မျိုးမြင့်၊ ဦးရဲနိုင်၊ ဦးစိုးတင့်၊ သူရဦးဘိုနီ၊ ဦးကျော်မျိုးထွဋ်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဥက္ကဋ္ဌရုံးအဖွဲ့မှ အုပ်စု (၁) အသင်း၊ ဒုတိယဆုရရှိသည့် ဝန်ထမ်းရေးရာဦးစီးဌာနမှ အုပ်စု(၂) အသင်း နှင့် တတိယဆုရရှိသည့် ဝန်ထမ်းရေးရာဦးစီးဌာနမှ အုပ်စု(၁)အသင်းတို့အား ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ဒုတိယဝန်ကြီးဒေါက်တာဇော်မြင့် တောင်ငူတက္ကသိုလ်နှင့်တောင်ငူပညာရေးဒီဂရီကောလိပ် ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် ယနေ့နံနက်ပိုင်းတွင် ဆရာအတတ်ပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နှင်းကြည်နှင့်အတူ တောင်ငူပညာရေး ဒီဂရီကောလိပ်သို့ရောက်ပြီး ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် တွေ့ဆုံ၍ မိမိတို့ ပညာဆည်းပူးခွင့်ရချိန်တွင် သက်ဆိုင်ရာဘာသာရပ်ကို အမှန်တကယ် တတ်မြောက်အောင် သင်ယူလေ့လာရန် မှာကြားသည်။

ထို့နောက် စာကြည့်တိုက်၊ စာသင်ခန်းများ သန့်ရှင်းသာယာမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တောင်ငူတက္ကသိုလ်သို့ရောက်ရှိပြီး ပင်မဆောင်ခန်းမ၌ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံကာ တက္ကသိုလ်စာမေးပွဲမတိုင်မီ သင်ရိုးကုန်အောင်သင်ရန်၊ အမှန်တကယ် တတ်မြောက်အောင်သင်ရန်၊ စဉ်းစားတွေးခေါ်မှု၊ ဝေဖန်ပိုင်းခြားမှု၊ ပြဿနာကိုဖြေရှင်းတတ်မှုအရည်အသွေးများကိုအားပေးသော သင်ကြားနည်းစနစ်များကို ဘာသာရပ်သင်ကြားရေးအဖွဲ့များက သတ်မှတ်ချက်နှင့်အညီ သင်ကြားရန်မှာကြားကာ တက်ရောက် လာကြသူများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တက္ကသိုလ်ဝင်းအတွင်း လှည့်လည်ကြည့်ရှုကာ ဥပဓိရုပ် ကောင်းမွန်ရေးနှင့် စပ်လျဉ်း၍ မှာကြားပြီး တက္ကသိုလ်စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေး၍ စာသင်ခန်းများတွင် ကျောင်းသား ကျောင်းသူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ (၅)နှစ်စီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ (၅)နှစ်စီမံကိန်း အကောင်အထည်ဖော်ရေး လုပ်ငန်းအဖွဲ့အစည်းအဝေး (၁/၂၀၂၅)ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် ရဲချုပ်ရုံး အစည်းအဝေးခန်းမ (၁)၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ (၅)နှစ်စီမံကိန်းအကောင်အထည်ဖော်ရေး လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး၊ လုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ်က အမျိုးသားအဆင့် (၅)နှစ်စီမံကိန်းများကို ၂၀၀၇ ခုနှစ်မှ စတင်ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် စတုတ္ထ (၅)နှစ်စီမံကိန်း(၂၀၂၂-၂၀၂၆)၏ စတုတ္ထ(၅)နှစ်ဖြစ်သည့် ၂၀၂၅ ခုနှစ် လုပ်ငန်းစီမံချက်ကို ရေးဆွဲ၍ လူကုန်ကူးမှု တိုက်ဖျက်ရေး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၅ ခုနှစ် လုပ်ငန်းစီမံချက်ကို မူဝါဒနှင့်ပူးပေါင်းဆောင်ရွက်ရေး၊ ကြိုတင်ကာကွယ်ရေး၊ တရားစွဲဆိုရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းကဏ္ဍကြီး (၄)ရပ်တွင် လုပ်ငန်းစဉ်(၆၁)ခုနှင့် လုပ်ငန်းဆောင်ရွက်ချက် (၁၇၁) ချက်ကို ထည့်သွင်းရေးဆွဲထားရှိကြောင်း၊ မူဝါဒနှင့်ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းကဏ္ဍတွင် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး နည်းဥပဒေ (မူကြမ်း)နှင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ(မူကြမ်း)တို့ကို အတည်ပြုနိုင်ရေးနှင့် ၁၉၉၉ ခုနှစ် ပြည်ပ အလုပ်အကိုင်ဆိုင်ရာ ဥပဒေကို ပြင်ဆင်ရေးဆွဲနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းများ၊ သဘောတူစာချုပ်များ၊ နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးသည့်နိုင်ငံများ၊ လူကုန်ကူးမှုများ ဆက်စပ်ဖြစ်ပွားနေသော နိုင်ငံများနှင့် ပူးပေါင်း၍ လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ မဲခေါင်မြစ်ဝှမ်းအတွင်း နိုင်ငံများအကြား လူကုန်ကူးမှုများကို ထိရောက်စွာ တိုက်ဖျက်နိုင်ရန်အတွက် (၅)ကြိမ်မြောက် မဲခေါင်ဒေသခွဲ လုပ်ငန်းစီမံချက်(မူကြမ်း)ရေးဆွဲရာတွင် ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိကြောင်း။

ကြိုတင်ကာကွယ်ရေးလုပ်ငန်းကဏ္ဍတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဆောင်ရွက်မှုများကို ပြည်သူလူထုထံ ရောက်ရှိစေရန် မီဒီယာပိုင်းကို အလေးထား ဆောင်ရွက်နိုင်ခဲ့ပြီး အသိပညာပေးမှုများ၊ တားဆီးပြန်လွှတ်မှုများကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မည့် မြန်မာရွှေ့ပြောင်း လုပ်သားများ လူကုန်ကူး မခံရစေရေးအတွက် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်ရေး သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိကြောင်း၊ မြန်မာနိုင်ငံအတွင်း အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိလာပြီး အခက်အခဲမျိုးစုံ ကြုံတွေ့နေရသည့် နိုင်ငံခြားသားများအား ကူညီစုံစမ်း ရှာဖွေကယ်တင်ပေးရန် သက်ဆိုင်ရာသံရုံးများ၊ အပြည်ပြည်ဆိုင်ရာ ရဲအဖွဲ့ အင်တာပိုလ်၏ National Central Bureau (NCB)လမ်းကြောင်းများမှ တစ်ဆင့် အကူအညီတောင်းခံလာမှုများကို ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းကယ်တင်ပြီး သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးခြင်းတို့ ဆောင်ရွက်လျက်ရှိကြောင်း။



တရားစွဲဆိုရေး လုပ်ငန်းကဏ္ဍတွင် လူကုန်ကူးမှုများအား စုံစမ်းဖော်ထုတ်စစ်ဆေးမှု၊ အမှုတည်ဆောက်မှု၊ တရားစွဲဆိုမှုများနှင့် ဥပဒေနှင့်အညီ ထိုက်သင့်သော ပြစ်ဒဏ်များချမှတ်နိုင်ရေး တရားစွဲအဖွဲ့အစည်းများနှင့် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများ အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

ကာကွယ် စောင့်ရှောက်ရေး လုပ်ငန်းကဏ္ဍတွင် လူကုန်ကူး ခံရသူများကို ပြန်လည်ထူထောင်ရေးဆိုင်ရာ အမျိုးသားအဆင့် စံလုပ်ငန်း အစီအစဉ်ဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ပို့ချခဲ့ပြီး လူကုန်ကူး ခံရသူများအတွက် လိုအပ်သည့် ပံ့ပိုးကူညီမှုများ၊ ညွှန်းပို့ကူညီမှုများကိုလည်း ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ လူကုန်ကူးခံရသူများအား ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ရေးအပါအဝင် လူသားအချင်းချင်းစာနာသည့် လုပ်ငန်းစဉ်များကို သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်းပြီး ကူညီဆောင်ရွက်လျက်ရှိကြောင်း၊ ဘဝရပ်တည်နိုင်ရေးအတွက် နောက်ဆက်တွဲစောင့်ရှောက်မှုအနေဖြင့် ကူညီထောက်ပံ့မှုများကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့နှင့် ပြန်လည်ထူထောင်ရေးဦးစီးဌာနတို့မှ ဆောင်ရွက်လျက်ရှိကြောင်း။

လက်ရှိ အခြေအနေတွင် မြန်မာနိုင်ငံအတွင်းမှ ရွှေ့ပြောင်းသွားလာ လုပ်ကိုင်လိုသူများကို ပြည်ပသို့ တရားမဝင်ပို့ဆောင်နိုင်ရေးအတွက် လူမှောင်ခိုကူးသူများက အုပ်စုဖွဲ့ပြစ်မှုကျူးလွန်လာသည်ကိုတွေ့ရှိရကြောင်း၊ ဂိုဏ်းဖွဲ့ကျူးလွန်သော လူမှောင်ခိုကူးသူများကို တားဆီးနှိမ်နင်းနိုင်ရန် လူမှောင်ခိုကူးမှု တားဆီးနှိမ်နင်းရေးဥပဒေ ရေးဆွဲပြဋ္ဌာန်းနိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များပါဝင်သော ဥပဒေ (မူကြမ်း) ရေးဆွဲရေးကော်မတီကို ဖွဲ့စည်းနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။


ထို့နောက် လုပ်ငန်းကော်မတီဝင်များက ၂၀၂၅ ခုနှစ် လုပ်ငန်းစီမံချက်တွင်ပါရှိသည့် လုပ်ငန်းဆောင်ရွက်ချက်များ၊ အကောင်အထည်ဖော်ဆောင်ရွက်မှု၊ စိန်ခေါ်မှုများနှင့် လုပ်ငန်းအခက်အခဲများကိုပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးကြပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**သတင်းစဉ်**

## အကြမ်းဖက်မှုလုပ်ရပ်များကို မလိုလားသည့် ဒေသခံပြည်သူများ၏ သတင်းပေးပို့ချက်အရ နတ်မောက်မြို့နယ် ပင်းမြို့ကျေးရွာအနီး ခိုအောင်းနေသည့် PDF အမည်ခံအကြမ်းဖက်သမားများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်တိုက်ခိုက်ချေမှုန်း၊ လက်နက်နှင့် အကြမ်းဖက်သမားအလောင်းအချို့ သိမ်းဆည်းရရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

နယ်မြေတည်ငြိမ် အေးချမ်းမှုကို ပျက်ပြားစေသောလုပ်ရပ်များနှင့် အကြမ်းဖက်လုပ်ဆောင်မှုများကို လက်ခံနိုင်ခြင်းမရှိသည့် ဒေသခံပြည်သူအချို့၏လျှို့ဝှက်ဆက်သွယ် သတင်းပေးပို့မှုအရ NUG၊ CRPH တို့၏ ဆက်သွယ်ညွှန်ကြားမှုဖြင့် မကွေးတိုင်းဒေသကြီး အတွင်း အဖျက်အမှောင့် လုပ်ငန်းများ လုပ်ဆောင်နေသည့် PDF အမည်ခံ အကြမ်းဖက် သမားများသည် နတ်မောက်မြို့နယ် ပင်းမြို့ကျေးရွာ အနီး လက်နက်၊ ခဲယမ်းများနှင့် အတူ ခိုအောင်းနေကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ယနေ့ ညနေပိုင်းတွင် သွားရောက်ချေမှုန်း တိုက်ခိုက်ခဲ့ရာ PDF အမည်ခံအကြမ်းဖက်သမားအလောင်းအချို့၊ လက်နက်နှင့် ဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့သည်။

ပင်းမြို့ကျေးရွာအနီး PDF အမည်ခံအကြမ်းဖက်သမားများထံမှ သိမ်းဆည်းရမိခဲ့သည့် အလောင်းအချို့၊ လက်နက်နှင့် ဆက်စပ်ပစ္စည်းများ။

ဖြစ်စဉ်မှာ မကွေးတိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းမျိုးစုံလုပ်ဆောင်လျက် ရှိသည့် PDF အမည်ခံအကြမ်းဖက်သမားများသည် နတ်မောက်မြို့နယ် ပင်းမြို့ကျေးရွာအနီး လက်နက်၊ ခဲယမ်းများနှင့်အတူ ခိုအောင်းနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်၍ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများဆောင်ရွက်စဉ် အဆိုပါကျေးရွာ၏ အရှေ့ဘက် မီတာ ၅၀၀ ခန့်အရောက်၌ PDF အမည်ခံအကြမ်းဖက်သမားများနှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီး ၎င်းတို့ထံမှ အလောင်းသုံးလောင်း၊ GLOCK ပစ္စတိုတစ်လက်နှင့် ဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့သည်။

အကြမ်းဖက် သမားများ အနေဖြင့် လက်နက်ကိုင်ဆောင်၍ ဒေသခံပြည်သူများကို အနိုင်ကျင့်ဗိုလ်ကျခြင်း၊ နိုင်ငံ့ဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူများအပေါ် စိတ်မထင်လျှင် မထင်သလို သတ်ဖြတ်ခြင်းများ ဆောင်ရွက်လျက်ရှိရာ ရပ်ရွာတည်ငြိမ်အေးချမ်းရေးအတွက် အကြမ်းဖက်သမားများ၏ သတင်းများရရှိပါက လုံခြုံရေးတပ်ဖွဲ့ဝင်များထံ အချိန်မီ လျှို့ဝှက်စွာ သတင်းပေးပို့နိုင်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းစဉ်**

## အမရပူရမြို့နယ်အတွင်း ကျေးလက်လမ်း / တံတား ပြုပြင်ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းကြည့်ရှု

**မန္တလေး ဖေဖော်ဝါရီ ၂၈**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်အတွင်းရှိ စားတော်-လိပ်ဆံခွန်-ဘနော-ဖရဲကျွန်းလမ်းသည် ရာဂီမုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်း၍ ရေတိုက်စားပျက်စီးခဲ့သည့် မြေကာနံရံအပိုင်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စု(အထွေထွေပိုလျှံ) ရန်ပုံငွေကျပ် ၄၄ ဒသမ ဖ၀၁ သန်းဖြင့် ဌာနမှ Box culvert တစ်စင်းနှင့် ကျောက်ရိုးစီမြေကာနံရံတည်ဆောက်ပြီးစီးမှုအခြေအနေကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်) အင်ဂျင်နီယာချုပ် (မြို့ပြ) ဦးလှခိုင်နှင့် တာဝန်ရှိသူများက ယနေ့တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**စိုးသီဟ(အမရ)**



## ပြည်ကြီးတံခွန်မြို့နယ်အတွင်း မီးဘေးကြိုတင်ကာကွယ်ရေးစစ်ဆေး

**မန္တလေး ဖေဖော်ဝါရီ ၂၈**

မန္တလေးမြို့ မဟာအောင်မြေခရိုင် ပြည်ကြီးတံခွန်မြို့နယ်အတွင်း မီးလောင်မှု/ မီးလန့်မှုများမဖြစ်ပွားရေးအတွက် ဖေဖော်ဝါရီ ၂၈ ရက်က ဒုတိယမီးသတ်ဦးစီးမှူး ကျော်မျိုးသန်း ဦးဆောင်၍ ပူးပေါင်းအဖွဲ့သည် ချမ်းမြသာယာရပ်ကွက်အတွင်းရှိ အိမ်ခြေ ၂၅၀ ခန့်အား တစ်အိမ်တက်ဆင်း မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ ရေ၊ သဲနှင့် မီးသတ်ဆေးဘူးများ ပြည့်စုံစွာထားရှိစေရေးနှင့် မီးသတိပေးလက်ကမ်းစာစောင်ဖြန့်ဝေခြင်းများ ဆောင်ရွက်ကြောင်း သိရသည်။

**၂၂၂**



## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် နေပြည်တော် ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် ချောင်းခွကျေးရွာနေသူများဖြစ်ကြသည့် “Zayar Tun” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဇေယျာထွန်း(ခ)လုံးလုံး၊ “Aung San” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ အောင်ကျော်ဆန်းနှင့် “Nyein Nyein” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဇင်မာငြိမ်း(ခ)မာမာတို့သုံးဦးအား မွန်းလွဲ ၁ နာရီ ၅ မိနစ်တွင်လည်းကောင်း၊ “Sai Thant Zin” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ဘုရားဖြူရပ်ကွက်နေ စိုင်းသန့်ဇင်အား မွန်းလွဲ ၂ နာရီတွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း၍ အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

✳ ***ကျောဖုံးမှ***

ပြည်ပနိုင်ငံသား ၂၀၀ ကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးနိုင်ရေးလိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်း လုပ်ငန်းကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့ များဖြင့် နေ့ချင်းပြီး ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၂၈ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်းဦးရေ ၃၁၂၅ ဦးကို စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၇၅၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၃၆၈ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် အဆိုပါထိန်းသိမ်းခဲ့သည့် ပြည်ပနိုင်ငံသား ၃၁၂၅ ဦးသည် တရုတ်၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ မလေးရှား၊ ပါကစ္စတန်၊ အိန္ဒိယ၊ ယူဂန်ဒါ၊ အီသီယိုးပီးယား၊ နီပေါ၊ ထိုင်း၊ ရဝမ်ဒါ၊ ကင်ညာ၊ ကာဇက်စတန်၊ ကမ္ဘောဒီးယား၊ ဂါနာနှင့် တရုတ်(တိုင်ပေ) တို့မှ နိုင်ငံသားများဖြစ်ကြပြီး အများစုမှာ တရုတ်နိုင်ငံသားများ ဖြစ်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၀၀ ကို ထပ်မံထိန်းသိမ်းထားစဉ်။

## မြင်းခြံမြို့နယ်၌ အပြစ်မဲ့ပြည်သူ တစ်ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဝါဒဖြန့်

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ငါ့နန်းကျေးရွာမှ အပြစ်မဲ့ပြည်သူ တစ်ဦးကို ဖေဖော်ဝါရီ ၂၆ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များက ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန်လုပ်ကြံရေးသား ဝါဒဖြန့်ဝေလျက် ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ၎င်းသတင်းမှာ မှန်ကန်မှုမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် ငါ့နန်းကျေးရွာမှ အပြစ်မဲ့ပြည်သူ တစ်ဦးကို ပစ်ခတ်သတ်ဖြတ်ခဲ့ခြင်း မရှိကြောင်း၊ PDF အမည်ခံအကြမ်းဖက်သမားများကသာ မြင်းခြံမြို့နယ်အတွင်း ၎င်းတို့ကို ထောက်ခံအားပေးခြင်းမရှိသည့် မြို့ရွာများကို လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ အများပြည်သူ အသုံးပြုလျက်ရှိသည့်လမ်းများတွင် မိုင်းထောင်ဖောက်ခွဲခြင်းများကြောင့် အပြစ်မဲ့ပြည်သူများ ထိခိုက်သေဆုံးလျက်ရှိသည့်အတွက် တရားမဝင် ပြည်ဖျက်မီဒီယာများမှ တစ်ဆင့် ယခုကဲ့သို့ သတင်းတု၊ သတင်းအမှားများဖြင့် လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။**သတင်းစဉ်**




**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# ပုဂံဟိုတယ် မဟာဗျူဟာစီမံကိန်း အပြီးသတ်ရေးဆွဲနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ပုဂံဟိုတယ် မဟာဗျူဟာစီမံကိန်း (Bagan Hotel Strategy) အပြီးသတ် ရေးဆွဲနိုင်ရေးနှင့် ပတ်သက်သည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့နံနက် ၉ နာရီက ပုဂံရှေးဟောင်းသုတေသနပြတိုက်၌ ကျင်းပသည်။

အစည်းအဝေးသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဲ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ပုဂံဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကော်မတီ (ညောင်ဦးခရိုင်အဆင့်) အဖွဲ့ဝင်များ၊ ညောင်ဦးခရိုင်အဆင့် ဌာနဆိုင်ရာများ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲ အရာထမ်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက ကမ္ဘာ့အမွေအနှစ် မလျှောက်ထားမီကပင် တည်ရှိသည့် ဟိုတယ်အချို့သည် ယဉ်ကျေးမှု အမွေအနှစ်များ တည်ရှိရာဒေသအတွင်း ကျရောက်လျက်ရှိပါကြောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့ ပူးပေါင်း၍ ဟိုတယ်ဆိုင်ရာ အချက်အလက်များကို ကွင်းဆင်းကောက်ယူခဲ့ပါကြောင်း၊ ယခုတက်ရောက်လာကြသူများသည် ပုဂံဟိုတယ် မဟာဗျူဟာစီမံကိန်း(Bagan Hotel Strategy) ရေးဆွဲ လုပ်ငန်းစဉ်တွင် ပါဝင်နေကြသူများဖြစ်ပါကြောင်း၊ ပုဂံဟိုတယ်မဟာဗျူဟာစီမံကိန်း (Bagan Hotel Strategy) အပြီးသတ် ရေးဆွဲနိုင်ရေးလုပ်ငန်းစဉ်များတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းအလိုက် ဆောင်ရွက်ရမည့်အခန်းကဏ္ဍများကို ရှင်းလင်းဆွေးနွေးစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပုဂံကမ္ဘာ့အမွေအနှစ်ဒေသစီမံခန့်ခွဲမှုအတွက် အဖွဲ့များဖွဲ့စည်းထားမှုနှင့်ပတ်သက်၍ လည်းကောင်း၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (သတင်းအချက်အလက်) က Hotel Strategy (မူကြမ်း) ပြုစုထားမှုနှင့်ပတ်သက်၍ လည်းကောင်း၊ ညောင်ဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက Hotel Strategy ရေးဆွဲနိုင်ရေးနှင့် ပတ်သက်၍ လည်းကောင်း၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာန ပုဂံရုံးခွဲ ဒုတိယညွှန်ကြားရေးမှူးက ဟိုတယ်လိုင်စင်ထုတ်ပေးထားမှုနှင့် ပတ်သက်၍လည်းကောင်း၊ ညောင်ဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက တည်းခိုရိပ်သာလိုင်စင် ထုတ်ပေးထားမှုနှင့်ပတ်သက်၍ လည်းကောင်း ရှင်းလင်းတင်ပြကြပြီး အစည်းအဝေး တက်ရောက်လာကြသူများက ဖြည့်စွက်ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နိုင်ငံတကာသတင်း

### အီရန်နိုင်ငံက နျူကလီးယားဆွေးနွေးပွဲများပြုလုပ်ရန် လမ်းဖွင့်ထားသော်လည်း ဗိုလ်ကျစိုးမိုးခြယ်လှယ်မှုများကို လက်ခံမည်မဟုတ်ဟုဆို

**တီဟီရန် ဖေဖော်ဝါရီ ၂၈**

အီရန်နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ စေ့စပ်ညှိနှိုင်းမှုများ ပြုလုပ်ရန် လမ်းဖွင့်ပေးထားသော်လည်း အနိုင်ကျင့်ဗိုလ်ကျစိုးမိုး




ခြယ်လှယ်မှုများကို လက်ခံသွားမည်မဟုတ်ကြောင်း အီရန်သမ္မတ မာဆွတ်ပီဇက်ရှ်ကီယန်က ဖေဖော်ဝါရီ ၂၇ ရက်တွင် ပြောကြားသည်။

အီရန်အပေါ် အမေရိကန်၏ ပိတ်ဆို့အရေးယူမှုများနှင့် အမြင့်ဆုံးဖိအားပေးရန် လှုံ့ဆော်မှုကို ရည်ညွှန်းကာ သမ္မတပီဇက်ရှ်ကီယန်က တီဟီရန်ပြည်နယ်ရှိ ပြည်နယ်အစိုးရအဖွဲ့များမှ ညွှန်ကြားရေးမှူးများနှင့်တွေ့ဆုံစဉ် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

အီရန်အပေါ် ပိတ်ဆို့အရေးယူမှုများနှင့် ဖိအားပေးမှုများကို ကြောက်ရွံ့နေမည်မဟုတ်ဘဲ အနိုင်ကျင့်ဗိုလ်ကျ စိုးမိုးခြယ်လှယ်မှုများကိုမူ လက်မြှောက်အလျှော့ပေးသွားမည်မဟုတ်ကြောင်း၊ ထို့အပြင် ပိတ်ဆို့အရေးယူမှုများကို ပြင်းပြင်းထန်ထန်လုပ်ဆောင်ပြီးမှ စေ့စပ်ဆွေးနွေးညှိနှိုင်းရန်ဖိတ်ခေါ်သည့် ပုံစံကိုလည်း လက်ခံမည်မဟုတ်ကြောင်း သမ္မတပီဇက်ရှ်ကီယန်က ဆိုသည်။

အီရန်နိုင်ငံ၏ နျူလက်နက်ပိုင်ဆိုင်မှုကို ဟန့်တားရန် ရည်ရွယ်၍ ယခုလအစောပိုင်းတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အီရန်နိုင်ငံအပေါ် အမြင့်ဆုံးဖိအားပေး ပိတ်ဆို့အရေးယူရေးလှုပ်ရှားမှုကို ပြန်လည်လုပ်ဆောင်ခဲ့သည်။ အမေရိကန်က အီရန်နိုင်ငံ၏ ရေနံစိမ်းတင်ပို့မှုနှင့်ဆက်စပ်သည့် လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များအပေါ် အရေးယူပိတ်ဆို့မှု နှစ်ကြိမ်ပြုလုပ်ထားသည်။

**ဆင်ဟွာ**

### အင်ဒိုနီးရှား ပြည်တွင်းလောင်စာဆီထုတ်လုပ်မှု အဆင့်မြှင့်တင်ရန် ရေနံစိမ်းတင်ပို့မှုကို တားမြစ်

**ဂျကာတာ ဖေဖော်ဝါရီ ၂၈**

အင်ဒိုနီးရှားအစိုးရသည် ပြည်တွင်းရေနံချက်စက်ရုံများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်နိုင်ရေးနှင့် ပြည်တွင်းလောင်စာဆီထောက်ပံ့မှုကို ပိုမိုကောင်းမွန်အောင် စီမံခန့်ခွဲနိုင်ရေးအတွက် ရေနံစိမ်းတင်ပို့မှုကို တားမြစ်ရန် စီစဉ်လျက်ရှိသည်။

ယခင်က ရေနံစိမ်းတင်ပို့ရောင်းချမှုများကို ခွင့်ပြုခဲ့သော်လည်း ယခုအခါ ရေနံစိမ်းတင်ပို့မှုကို ခွင့်မပြုတော့မည်မဟုတ်ကြောင်း အင်ဒိုနီးရှားစွမ်းအင်နှင့် သတ္တုအရင်းအမြစ်ဝန်ကြီး ဘာ့ဟ်လီ လာဟာဒါလီယာက ဖေဖော်ဝါရီ ၂၇ ရက်က ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

လက်ရှိ ရေနံချက်စက်ရုံများ၏ စွမ်းဆောင်ရည်နှင့် ကိုက်ညီသည့် အဆင့်မြင့်နည်းပညာများကို အသုံးပြုပြီး ပြည်တွင်းလောင်စာဆီ ထုတ်လုပ်မှုကို မြှင့်တင်နိုင်ရေး လုပ်ဆောင်သွားမည်ဖြစ်သကဲ့သို့ အစိုးရအနေဖြင့် လောင်စာဆီတင်သွင်းခွင့်ပြုမိန့်များကိုလည်း ပြန်လည်သုံးသပ်ပြီး ခွင့်ပြုချက်သက်တမ်းကို တစ်နှစ်မှ ခြောက်လအထိ လျှော့ချသွားမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

ယခင်က တစ်နှစ်သက်တမ်းရှိ စက်သုံးဆီတင်သွင်းခွင့်အမိန့်ကို ယခုအခါ ခြောက်လအထိ လျှော့ချပြောင်းလဲကာ သုံးလတစ်ကြိမ် ပြန်လည်စစ်ဆေးသုံးသပ်သွားမည်ဟု လာဟာဒါလီယာက ပြောကြားသည်။ စက်သုံးဆီတင်သွင်းသည့် ကုမ္ပဏီများအနေဖြင့်လည်း ထုတ်လုပ်မှုလုပ်ငန်းလိုင်စင် သို့မဟုတ် ကုန်သွယ်မှုလုပ်ငန်းလိုင်စင်ကဲ့သို့သော သင့်လျော်သည့်လုပ်ငန်းလိုင်စင်များ ရရှိထားရမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

**ဆင်ဟွာ**

### ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း ဗုံးခွဲတိုက်ခိုက်မှုကြောင့် ၁၀ ဦး ဒဏ်ရာရ

**အစ္စလမ္မာဘတ် ဖေဖော်ဝါရီ ၂၈**

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း ဘလိုချီစတန်ပြည်နယ်တွင် ဖေဖော်ဝါရီ ၂၈ ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လုံခြုံရေးဝန်ထမ်းများ အပါအဝင် ၁၀ ဦး ဒဏ်ရာရခဲ့ကြောင်း ရဲတပ်ဖွဲ့တာဝန်ရှိသူများက ပြောကြားသည်။

ဘလိုချီစတန်ဒေသရှိ ခက်တာမြို့ ဈေးရေိယာအတွင်း၌ အင်အားပြင်းလက်လုပ်ဗုံးပေါက်ကွဲမှုဖြစ်ပွားချိန်တွင် ဖြတ်သန်းသွားလာနေသည့် လုံခြုံရေးဝန်ထမ်းများနှင့် လမ်းသွားလမ်းလာများ ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောသည်။

ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ကယ်ဆယ်ရေးအဖွဲ့များ၊ ရဲတပ်ဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အခင်းဖြစ်နေရာကို အမြန်သွားရောက်ကာ ဒဏ်ရာရသူများကို နီးစပ်ရာဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

**ဆင်ဟွာ**

### ဂါဇာ - အီဂျစ်နယ်စပ်မှ တပ်ဖွဲ့ဝင်များကို ရုပ်သိမ်းမည်မဟုတ်ကြောင်း အစ္စရေးပြောကြား

**ဂျေရုဆလင် ဖေဖော်ဝါရီ ၂၈**

အစ္စလာမ္မစ်အဖွဲ့ ဟားမားစ်နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ဒုတိယအဆင့်၏ တစ်စိတ်တစ်ပိုင်းဖြစ်သည့် အစ္စရေးနှင့် ဂါဇာကမ်းမြောင်နယ်စပ်မှ တပ်ဖွဲ့ဝင်များကို ရုပ် သိမ်းမည် မဟုတ်ကြောင်း အစ္စရေးက ပြောကြားထားသည်။

**ပါလက်စတိုင်း ၁၇၀၀ ခန့် အစ္စရေးလွှတ်ပေး**

ခြောက်ပတ်ကြာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အရ ဟားမားစ်အဖွဲ့က ဂါဇာတွင် ထိန်းသိမ်းခံထားရသည့် အစ္စရေး ဓားစာခံ ၃၃ ဦးကို လွှတ်ပေးခဲ့ပြီး ဖေဖော်ဝါရီ ၂၇ ရက်အထိ ပါလက်စတိုင်း ထိန်းသိမ်းခံထားရသူ ၁၇၀၀ ခန့်ကို အစ္စရေးက လွှတ်ပေးခဲ့သည်။

မတ် ၁ ရက်တွင် ဓားစာခံလဲလှယ်ရေး သဘောတူညီချက် ပထမအဆင့် သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။

ကျန်အစ္စရေး ဓားစာခံ ၅၉ ဦးကို လွှတ်ပေးရေး၊ တိုက်ပွဲများ အဆုံးသတ်ရေးနှင့် ဂါဇာကမ်းမြောင်မှ အစ္စရေးတပ်ဖွဲ့များအားလုံး ဆုတ်ခွာရေးတို့ ပါဝင်သော သဘောတူညီချက် ဒုတိယအဆင့်ကို အကောင်အထည်ဖော်ရေး ညှိနှိုင်းမှုများ ဆက်လက်လုပ်ဆောင်မည်ဖြစ်သည်။

သို့သော်လည်း အစ္စရေးနှင့် ဂါဇာတောင်ပိုင်း နယ်စပ်တစ်လျှောက် ကုန်းမြေရှိ ဖီလာဒဲလ်ဖီးယား စင်္ကြံမှ အစ္စရေးတပ်ဖွဲ့ဝင်များ ဆုတ်ခွာမည်မဟုတ်ကြောင်း ဖေဖော်ဝါရီ ၂၇ ရက်တွင် အစ္စရေးအရာရှိ တစ်ဦးက ပြောကြားသည်။

အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲများ ဆက်လက်ပြုလုပ်ရန် ကိုယ်စားလှယ်အဖွဲ့အား အီဂျစ်သို့ စေလွှတ်မည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၇ ရက်တွင် ထုတ်ဖော်ပြောကြားထားသည်။

**အင်န်အိတ်ချ်ကေ**

# ၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု ဇီဝဗေဒဘာသာရပ် သိကောင်းစရာများ

ဒေါက်တာသက်သက်မာဝင်း၊ ပါမောက္ခ၊ ရုက္ခဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်

**၂၀၂၄ – ၂၀၂၅ ပညာသင်နှစ် သင်ရိုးသစ် Grade 12 ဇီဝဗေဒဘာသာရပ်ကို လေ့လာသင်ယူနေကြတဲ့ ကျောင်းသား ကျောင်းသူများအားလုံး စာမေးပွဲမှာ လွယ်ကူချောမောစွာ ဖြေဆိုနိုင်ကြဖို့အတွက် ရည်ရွယ်ပြီး လမ်းညွှန်ပြထားတဲ့ ဇီဝဗေဒ မေးခွန်းပုံစံဆိုင်ရာ သိကောင်းစရာများ အကြောင်း ပို့ချသွားမှာ ဖြစ်ပါတယ်။ Grade 12 Biology Textbook မှာ ပါဝင်တဲ့ အခန်း ၁ မှ ၆ အထိ ပြဋ္ဌာန်းထားသော အကြောင်းအရာများ အားလုံးဟာ ဇီဝဗေဒဘာသာရပ်နဲ့ ပတ်သက်ပြီး သိရှိရမယ့်အချက်များကို ပြဋ္ဌာန်းထားတာဖြစ်တဲ့အတွက် သေချာကျေညက်အောင် လေ့လာ ကျက်မှတ်ခြင်းအားဖြင့် မေးခွန်းအားလုံးကို အခက်အခဲမရှိဘဲ ချောချောမောမောဖြင့် ထူးချွန်အောင်မြင်စွာ ဖြေဆိုနိုင်ကြမှာဖြစ်ပါတယ်။**

Grade 12 ဇီဝဗေဒဘာသာရပ်ရဲ့ မေးခွန်းပုံစံမှာ Section– A နှင့် Section– B နှစ်ပိုင်းအတွက် (Question No. 1 – 5) စုစုပေါင်း (၅) ပုဒ် ပါဝင်ပါတယ်။ အမှတ်ခွဲဝေမှုမှာ Section– A အတွက် (၃၀) မှတ်၊ Section– B အတွက် (၇၀) မှတ် ဖြစ်ပါတယ်။ Grade 12 ဇီဝဗေဒ ဘာသာရပ်ရဲ့ စာမေးပွဲ မေးခွန်းပုံစံကို ဇယားဖြင့် ဖော်ပြထားပါတယ်။

Grade 12 ဇီဝဗေဒဘာသာရပ် မေးခွန်းပုံစံ

| | | | | |
|---|---|---|---|---|
| **Section – A** | | | | |
| 1. | TRUE or FALSE | 1 mark each | 10 statements | 10 marks |
| 2. | Completion | 1 mark each | 10 statements | 10 marks |
| 3. | Multiple Choice | 1 mark each | 10 statements | 10 marks |
| **Section – B** | | | | |
| 4. | Short Questions | 5 marks each | 6 questions | 30 marks |
| 5. | Long Questions | 10 marks each | 4 out of 6 questions | 40 marks |

Grade 12 ဇီဝဗေဒဘာသာရပ်ရဲ့ မေးခွန်းပုံစံ Section – A မှာပါဝင်တဲ့ မေးခွန်း နံပါတ် (၁) (၂) (၃) နှင့် Section – B မှာပါဝင်တဲ့ မေးခွန်း နံပါတ် (၄) (၅) တို့ဖြင့် စုစုပေါင်း ငါးပုဒ် (Question No. 1 – 5) ပါရှိမှာဖြစ်ပါတယ်။ မေးခွန်းဖွဲ့စည်းတည်ဆောက်ရာမှာ Grade 12 Biology Textbook မှ Chapter 1 – 6 အထိ ပါဝင်ကြတဲ့ ရုက္ခဗေဒ နှင့် သတ္တဗေဒဘာသာရပ်များမှ အကြောင်းအရာတွေကို မေးခွန်း အမှတ်စဉ် (Question No. 1 – 5) အတွက် Chapter အစဉ်လိုက် သော်လည်းကောင်း၊ Chapter အစဉ်လိုက်မဟုတ်ဘဲသော် လည်းကောင်း မေးခွန်းတည်ဆောက်နိုင်ပါတယ်။ မေးခွန်းများသည် ကျောင်းသား ကျောင်းသူများအတွက် သင်ယူခြင်းနဲ့ ပူးပေါင်းဆောင်ရွက်ခြင်း၊ ဝေဖန်ပိုင်းခြားတွေးခေါ်ခြင်းနဲ့ ပြဿနာဖြေရှင်းခြင်း၊ တီထွင်ဖန်တီးမှုနဲ့ ဆန်းသစ်မှုအရည်အသွေးများ ကောင်းမွန်မြင့်မားမှုကို ဦးတည်၍ လွယ်ကူလွန်းခြင်း၊ ခက်ခဲလွန်းခြင်းမရှိစေဘဲ ကျောင်းသား ကျောင်းသူများ၏ အရည်အချင်းအလိုက် လျော်ညီစွာ ဖြေဆိုနိုင်မည့် မေးခွန်းများဖြင့် ဖွဲ့စည်းတည်ဆောက်ထားမှာ ဖြစ်ပါတယ်။

Section – A မှာပါဝင်တဲ့ မေးခွန်းနံပါတ် (၁) (၂) နဲ့ (၃) မှာ လုံးဝရွေးချယ် ပိုင်ခွင့်မရှိပါဘူး။

**မေးခွန်းနံပါတ် (၁)** တွင်အမှား (သို့မဟုတ်) အမှန် ဖြေဆိုခြင်း (TRUE or FALSE) မေးခွန်းပုဒ်ခွဲငယ် (၁၀) ခု No. (i – x) အတွက် တစ်ခုလျှင် တစ်မှတ်စီဖြင့် ပေးမှတ် (၁၀) မှတ် ဖြစ်ပါတယ်။ TRUE or FALSE statements ဖော်ပြချက်တွေဟာ Grade 12 Biology မှာ ပြဋ္ဌာန်းထားတဲ့ အကြောင်းအရာများအပေါ် နားလည်သဘောပေါက်မှုကို အခြေခံပြီး ဦးစားပေး မေးထားတာဖြစ်ပါတယ်။ ကောက်နုတ်ထားတဲ့ Statement များအနေနဲ့ ဖတ်စာအုပ်မှ တိုက်ရိုက် ကောက်နုတ်ထားတာရှိသလို Own construction နဲ့မေးထားတဲ့ statement များလည်း ရှိမှာ ဖြစ်ပါတယ်။ မေးခွန်းနံပါတ် (၁) TRUE or FALSE statements ကို ဖြေဆိုဖို့ Statement ဟာ အားလုံးမှန်ကန်ပြီး မိမိသိရှိထားတဲ့ အကြောင်းအရာနဲ့ ကိုက်ညီရင် TRUE ဖြစ်ပြီး ကွဲလွဲမှုရှိရင် FALSE ဖြစ်၍ အဖြေများကို all capital letter နဲ့ရေးလျှင် ပိုကောင်းပါတယ်။ သို့သော် မည်သို့ပင်ဖြေဖြေ အဖြေမှန်လျှင် အမှတ်ရမည်ဖြစ်ပြီး အဖြေ နှစ်မျိုးရေးခဲ့လျှင် လုံးဝအမှတ်မပေးပါ။

**မေးခွန်းနံပါတ် (၂)** ကွက်လပ်ဖြည့်ခြင်း (Completion) တွင် မေးခွန်း ပုဒ်ခွဲငယ် (၁၀) ခု No. (i – x) အတွက်တစ်ခုလျှင် တစ်မှတ်စီ နဲ့ ပေးမှတ် (၁၀) မှတ် ဖြစ်ပါတယ်။ မေးခွန်းနံပါတ် (၂) ရဲ့ Completion statement များအတွက် ကွက်လပ်ချန်ထားတဲ့နေရာမှာ မှန်ကန်တဲ့ အဖြေစကားလုံး (Word) ကို စာလုံးပေါင်း (Spelling) မှန်မှန်နဲ့ဖြေဆို ပေးရမှာဖြစ်ပါတယ်။ ဖြည့်စွက်မယ့် အဖြေစကားလုံးရဲ့ Tense ကို ဂရုစိုက်ဖို့လိုသလို သိပ္ပံအမည်များ (Scientific name) ကို ရေးသား ဖော်ပြခိုင်းရင်တော့ မျိုးစု (Genus) ၏ အစစာလုံးကို Capital letter နဲ့ စရေးပြီး 'Genus နှင့် species' တစ်ခုစီကို မျဉ်းသားပေးဖို့ လိုအပ်ပါတယ်။ စာလုံးပေါင်းများကိုလည်း အမှားအယွင်းမရှိအောင် သတိထားပြီး ရေးသားကျက်မှတ်ရပါမယ်။

**မေးခွန်းနံပါတ် (၃)** အဖြေမှန်ရွေးချယ်ခြင်း (Multiple Choice) တွင် မေးခွန်းပုဒ်ခွဲငယ် (၁၀) ခု (i – x) အတွက် တစ်ခုလျှင် တစ်မှတ်စီ နဲ့ ပေးမှတ် (၁၀) မှတ် ဖြစ်ပါတယ်။ မေးခွန်းနံပါတ် (၃) Multiple Choice ဖြေဆိုရာမှာ အဖြေမှန် (Correct answer) ကို ရွေးချယ်ရန် စကားလုံး (၄) လုံး (A, B, C, D) ထဲက တစ်လုံးကို ပုဒ်ခွဲငယ်နံပါတ်နဲ့ အတူ ဖော်ပြဖြေဆိုရမှာဖြစ်တယ်။ နောက်ကအဖြေမှန် စကားလုံးကို ရေးသားဖော်ပြရန် မလိုပါ။

မေးခွန်းနံပါတ် (၁) (၂) (၃) Objectives မေးခွန်းတွေ ဖြေဆိုရာမှာ စာကြောင်း (Statements) တွေကို ပြန်ကူးရေးစရာ မလိုပါဘူး။ Objectives Statements (၃၀) ကို မှန်ကန်အောင် ဖြေဆိုနိုင်ဖို့ကတော့ ကျောင်းသား ကျောင်းသူများအနေနဲ့ သင်ရိုးပါအကြောင်းအရာတွေကို နှုတ်တိုက်ကျက်မှတ်မည့်အစား အကြောင်းအရာရဲ့ အနှစ်သာရကို အဓိပ္ပာယ်ရှိစွာနဲ့ ဆက်စပ်တွေးခေါ်ပြီး သဘောပေါက်နားလည်အောင် မှတ်သားထားမှသာ လွယ်လင့်တကူဖြေဆိုနိုင်မှာ ဖြစ်တယ်။ Objectives မေးခွန်းတွေဟာ နားလည်သဘောပေါက်မှုနဲ့ စဉ်းစား တွေးခေါ်ယူဆမှုကို အခြေခံတဲ့အတွက် သေချာလေ့လာမှတ်သားဖို့ လိုတယ်။ အဓိကပါဝင်တတ်တဲ့ မေးခွန်းတွေက ပြဋ္ဌာန်းစာအုပ်ပါ အဓိပ္ပာယ်ဖွင့်ဆိုချက် (Definition) များနဲ့ Statements များ ဖြစ်တယ်။ ရွေးချယ်ဖြေဆိုစရာမရှိတဲ့အတွက် အမှတ်ပြည့်ရလိုသူများ အနေနဲ့ Grade 12 Biology ပြဋ္ဌာန်းစာအုပ်တစ်အုပ်လုံးကို ခြုံငုံ လေ့လာဖတ်ရှုထားဖို့ လိုပါမယ်။ မေးခွန်းနံပါတ် ၁၊ ၂ နဲ့ ၃ Objectives မေးခွန်းမျိုးကိုဖြေတဲ့အခါ ပထမဆုံး ဆင့်ပွားမေးခွန်းငယ် နံပါတ်တွေ မှားတပ်ခြင်းနဲ့ နံပါတ်ပိုခြင်း၊ လိုခြင်းမရှိစေရန် ဂရုစိုက်ဖို့နဲ့ နံပါတ် ရေးချပြီးမှ Statements များကို သေချာစွာဖတ်ရှုပြီး မိမိအနေနဲ့ သေချာ မှန်ကန်တဲ့အဖြေတွေကို သက်ဆိုင်ရာနံပါတ်ဘေးမှာ ဖြေဆိုဖို့ လိုအပ်ပါတယ်။

Section – B မှာ မေးခွန်းနံပါတ် (၄) မေးခွန်းတို No. 4 (Short questions) နဲ့ မေးခွန်းနံပါတ် (၅) မေးခွန်းရှည် No. 5 (Long questions) တွေပါဝင်မှာဖြစ်ပါတယ်။

**မေးခွန်းနံပါတ် (၄)** တွင် မေးခွန်းပုဒ်ခွဲငယ် (၆) ပုဒ် (a – f) အတွက် ပုဒ်ခွဲငယ် တစ်ခုလျှင် ငါးမှတ်စီဖြင့် ပေးမှတ် (၃၀) မှတ် ဖြစ်ပါတယ်။ မေးခွန်း နံပါတ် (၄) အတွက် (Answer ALL questions) မေးခွန်း အားလုံးကို ဖြေဆိုရမှာဖြစ်ပြီး လုံးဝရွေးချယ်ပိုင်ခွင့်မရှိပါဘူး။ မေးခွန်း နံပါတ် (၄) မေးခွန်းတို ဖြေဆိုရာမှာ မေးခွန်းတွေကို သေချာစွာဖတ်ရှု ပြီး တိုတိုနဲ့လိုရင်းကိုသာ ဖြေဆိုရမှာ ဖြစ်တဲ့အတွက် မေးခွန်းက မေးထားတဲ့ အဖြေပေါ်မူတည်ပြီး ကိုက်ညီမှန်ကန်မှုရှိတဲ့ ဖြေဆိုမှု ပြုလုပ်နိုင်ဖို့ လိုအပ်ပြီး သို့မှသာ အမှတ်ပြည့်ရရှိနိုင်မှာဖြစ်ပါတယ်။

**မေးခွန်းနံပါတ် (၅)** (Long questions) တွင် (Answer any FOUR questions) ဟူ၍ ရွေးချယ်ပိုင်ခွင့်ရှိတဲ့ မေးခွန်းပုဒ်ခွဲငယ် (၆) ပုဒ် No. (a – f) မေးထားပြီး နှစ်သက်ရာ (၄) ပုဒ် ရွေးချယ်ဖြေဆိုရမှာ ဖြစ်ပါတယ်။ မေးခွန်းရှည် (Long questions) မှာ ဘာသာရပ်ဆိုင်ရာ တတ်ကျွမ်းနားလည်မှုကို ဖြေဆိုရမှာဖြစ်ပြီး ဆက်လက်လေ့လာမယ့် အဆင့်မြင့် ဘာသာရပ်များကို အထောက်အကူဖြစ်စေဖို့ ရည်ရွယ်ပါတယ်။ မေးခွန်းနံပါတ် (၅) မှာ ရွေးချယ်ဖြေဆိုပိုင်ခွင့်ရှိတဲ့ မေးခွန်းမျိုး ကို ဖြေဆိုရာတွင် မိမိကျွမ်းကျင်စွာ ဖြေဆိုနိုင်မည့်၊ အမှတ်ပြည့်ရနိုင် မည့် မေးခွန်းမျိုးကို ရွေးချယ်ဖြေဆိုကြရန်နဲ့ မေးခွန်းအရွေး မမှားစေ ဖို့ အထူးသတိပြုကြရန် အရေးကြီးပါတယ်။ မေးခွန်းတွေမှာ ပုံဆွဲခိုင်း ခဲ့ရင် အချိုးကျသပ်ရပ်တဲ့ပုံနဲ့ အညွှန်း(Labels) မျဉ်းအတွက် ခဲတံကို အသုံးပြုပြီး ပြည့်စုံမှန်ကန်တဲ့အညွှန်း Labels နဲ့ ပုံခေါင်းစဉ် Caption တွေအတွက် ဘောလ်ပင်နဲ့ တပ်ပေးလျှင် ပိုကောင်းပါတယ်။ ဒ့ါကြောင့် သင်ခန်းစာများကို လေ့လာတဲ့အခါသရုပ်ဖော်ပုံနဲ့တွဲပြီး လေ့လာဖို့လို သလို Word diagram နဲ့ Table များကိုပါ လေ့လာဖို့လိုတယ်။

Grade 12 ဇီဝဗေဒဘာသာရပ်သင်ရိုးမှာပါတဲ့သင်ခန်းစာများကို လေ့လာကြည့်ရင် အခန်း ခြောက်ခန်း (Chapter 1 – 6) ပါဝင်ပါတယ်။

**Chapter 1 INTRODUCTION TO BIOLOGY** တွင် THEMES OF BIOLOGY ၌ ဇီဝဗေဒကို ကျယ်ပြန့်စွာ ပိုင်းခြားထားတဲ့ အဓိက အကြောင်းအရာငါးခု (Themes 1 – 5) နဲ့ ဆက်လက်ပြီး IMPORTANCE OF BIOLOGY IN DAILY LIFE လူတို့၏ နေ့စဉ်ဘဝတွင် ဇီဝဗေဒ၏ အရေးပါမှုနှင့် စပ်လျဉ်း၍ လူတို့၏ အသက်ရှင်ရပ်တည်မှုတွင် အဓိက ကျသော စားနပ်ရိက္ခာအရင်းအမြစ်များအတွက် စိုက်ပျိုးရေး (Agriculture, Horticulture and Hydroponic Culture)၊ မွေးမြူရေး (Aquaculture and Livestock)၊ လူတို့၏ အသက်ရှင်သန်မှုအတွက် အစားအစာ (Food)၊ ကျန်းမာရေးနှင့်ဆေးဝါးအသုံးပြုခြင်း (Health and Medicine)ကျန်းမာသော နေထိုင်မှုဘဝအတွက် အဝတ်အထည် နှင့် အမိုးအကာပြုလုပ်ရာတွင် အသုံးပြုသည့် အပင်များနှင့် ဆက်စပ် လုပ်ငန်းများ (Clothing and Shelter) စသည့် အကြောင်းအရာများ ကိုလေ့လာကြရမှာဖြစ်ပါတယ်။

**Chapter 2 MOLECULAR BIOLOGY** ၏ INTRODUCTION TO MOLECULAR BIOLOGY ၌ သက်ရှိဆဲလ် အားလုံးတွင် မရှိမဖြစ်ပါဝင် ပြီး သက်ရှိတိုင်း၏ မျိုးရိုးဆက်ခံသော လက္ခဏာများကို အဆုံးအဖြတ် ပေးသည့်မော်လီကျူး ၂ ခုဖြစ်သော DNA (Deoxyribonucleic acid) နှင့် RNA (Ribonucleic acid) တည်ဆောက်ဖွဲ့စည်းပုံ၊ DNA ၏ အခန်း ကဏ္ဍနှင့် ၎င်း၏ပုံတူပွားခြင်း သဘောသဘာဝ(DNA replication)၊ GENETIC CODE မျိုးရိုးဗီဇဝှက်၊ PROTEIN SYNTHESIS သက်ရှိ ဆဲလ်အတွင်း ပရိုတင်းပေါင်းစပ်ဖွဲ့စည်းခြင်းဖြစ်စဉ်နှင့် ပါဝင်သော လုပ်ငန်းစဉ်များ၊ SOME TECHNIQUES IN MOLECULAR BIOLOGY အပင်နှင့်တိရစ္ဆာန်အား မျိုးရိုးဗီဇဆိုင်ရာပြုပြင်ထားသော မော်လီကျူး ဇီဝဗေဒဆိုင်ရာ နည်းပညာအကြောင်းအရာများကို စိတ်ဝင်စားဖွယ် လေ့လာကြရမှာ ဖြစ်ပါတယ်။

**Chapter 3 TRANSPORT SYSTEM IN ORGANISMS** ရှိ TRANSPORT SYSTEM IN PLANTS တွင် TRANSPORT SYSTEM IN PLANTS အပင်များ၏ သယ်ယူပို့ဆောင်ရေး စနစ်ရှိ

– သယ်ယူပို့ဆောင်ရေး တစ်ရှူးများ (xylem နှင့် phloem) တည်ဆောက်ပုံ

– TRANSPORT MECHANISMS IN PLANTS အပင်များ၏ အစာ၊ ရေ နှင့် inorganic ions များကို ပို့ဆောင်ပေးသည့် လုပ်ငန်းယန္တရားများ၊ TRANSPIRATION ပင်ငွေ့ပြန်ခြင်းတွင် Factors Affecting Transpiration ပင်ငွေ့ပြန်ခြင်းအပေါ်သက်ရောက်သည့် အချက်များ၊ Benefits of Transpiration ပင်ငွေ့ပြန်ခြင်း အကျိုးကျေးဇူးများ၊ Demonstration of Transpiration Pull ပင်ငွေ့ပြန်ခြင်းဆွဲအားကို သရုပ်ဖော်ပြသခြင်း၊TRANSLOCATION အပင်များအတွင်း အစာ အာဟာရ၊ ရေနှင့် ပျော်ဝင်ပစ္စည်းများ ရွှေ့လျားရွှေ့ပြောင်းခြင်းဖြစ်စဉ် အကြောင်းအရာများကို လေ့လာကြရမှာဖြစ်ပါတယ်။ ဆက်လက်၍ TRANSPORT SYSTEM IN ANIMALS သတ္တဝါများရှိ သယ်ယူပို့ဆောင် ရေးစနစ်တွင် Principles of Circulation သတ္တဝါများရှိ သွေးလည်ပတ် မှုစနစ်သည် အစုလိုက်သယ်ယူပို့ဆောင်ရေး (mass transport) ပုံစံ ဖြစ်ပြီး အရာဝတ္ထုများကို ခန္ဓာကိုယ်အနှံ့ အရည်စီးဆင်းမှုပုံစံယန္တရား အသွင်ဖြင့် ပို့ဆောင်ပေးသည့် အစီအစဉ်ဖြစ်ပါတယ်။ The Need for Transport ခန္ဓာကိုယ်အနှံ့ သယ်ယူပို့ဆောင်ရာတွင် လိုအပ်ချက်များ၊ Features of Mass Transport System ခန္ဓာကိုယ်တစ်လျှောက်ရှိ အရာဝတ္ထုများကို ရွှေ့ပြောင်းရန် ထိရောက်မှုရှိသည့် Mass Transport System ၏ လက္ခဏာရပ်များကို လေ့လာကြရမှာ ဖြစ်ပါတယ်။

*စာမျက်နှာ ၁၆ သို့*

*စာမျက်နှာ ၁၅ မှ*

CIRCULATORY SYSTEM သွေးလည်ပတ်မှုစနစ်တွင် Open circulatory system (အဖွင့်သွေးလည်ပတ်မှုစနစ်) နှင့် Closed circulatory system (အပိတ်သွေးလည်ပတ်မှုစနစ်) အဓိကအမျိုးအစား နှစ်မျိုးရှိပါတယ်။ CARDIOVASCULAR SYSTEM IN MAMMALS နို့တိုက်သတ္တဝါများ၏ နှလုံးသွေးလည်ပတ်မှုတွင် သွေးကြောများမှ တစ်ဆင့်သွေးများ ရွေ့လျားနိုင်ရန် ရေပန့်စက်ကဲ့သို့ ဆောင်ရွက်ပေးသည့်နှလုံး၏ ဖွဲ့စည်းတည်ဆောက်ပုံ (The Structure of the Heart)၊ The Blood Vessels သွေးလွှတ်ကြော၊ သွေးပြန်ကြော၊ ဆံချည်မျှင်သွေးကြောများ၊The components of the Blood သွေးတွင်းပါဝင်ပစ္စည်းများ၊ The Clotting of the Blood ထိခိုက်ဒဏ်ရာရသည့် နေရာမှာ သွေးများစုပုံလာ၍ သွေးတိတ်စေသောဖြစ်စဉ်၊ The Cardiac Cycle နှလုံးခုန်ခြင်းဖြစ်စဉ်၊ Control of Heart Beat နှလုံးခုန်နှုန်းအား ထိန်းချုပ်ခြင်းအကြောင်းအရာများနဲ့ LYMPHATIC SYSTEM ဆံချည်မျှင်သွေးကြောများနှင့် ဆဲလ်များ၏ အကြားတွင်ရှိသော တစ်ရှူးရည်၏ အခန်းကဏ္ဍ စသည့်အကြောင်းအရာများကို စိတ်ဝင်စားဖွယ်လေ့လာကြရမှာ ဖြစ်ပါတယ်။

**Chapter 4 DISEASES IN PLANTS AND ANIMALS** တွင် PLANT DISEASES အပင်ရောဂါများကို အများအားဖြင့် ပုံမှန်မဟုတ်သော ကြီးထွားမှု (abnormal growth) နှင့် /သို့မဟုတ် အပင်၏ ကမောက်ကမဖြစ်မှု (dysfunction) အဖြစ် သတ်မှတ်ပါတယ်။ Biotic diseases သက်ရှိများ (ဥပမာ– မှို၊ ဗက်တီးရီးယားနှင့် ဗိုင်းရပ်စ်များ) ကြောင့်ဖြစ်သည့် အပင်ရောဂါ အမျိုးအစားများနှင့် Abiotic diseases သက်ရှိမဟုတ်သော ပတ်ဝန်းကျင်အခြေအနေများ (ဥပမာ– မြေဆီလွှာကျုံ့ခြင်း၊ လေ၊ နှင်းခဲ၊ မြေဆီလွှာဆားများ ပျက်စီးခြင်း) ကြောင့်ဖြစ်သည့် အပင်ရောဂါ အမျိုးအစားများရှိကြတယ်။ Disease Causing Factors ရောဂါဖြစ်စေသော အကြောင်းရင်းများ၊ အပင်ရောဂါများ၏ Signs and Symptoms ရောဂါလက္ခဏာများ၊ Types of Pathogens အပင်ရောဂါပိုး အမျိုးအစားများနှင့် Control of Plant Diseases အပင်များတွင် ကျရောက်သော ရောဂါပိုးမွှားများကို ထိန်းချုပ်ခြင်းများအား ကဏ္ဍအလိုက် သင်ကြားကြရမှာ ဖြစ်ပါတယ်။ ANIMAL DISEASES ဆိုသည်မှာ ခန္ဓာကိုယ် (သို့မဟုတ်) စိတ်၏နာမကျန်းမှု (သို့မဟုတ်) စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းမှုကိုဖြစ်စေသော ရောဂါများကို ဆိုလိုပါတယ်။ ANIMAL DISEASE များကို မကူးစက်နိုင်သော ရောဂါအမျိုးအစားများ Non–infectious Diseases နှင့် ကူးစက်နိုင်သောရောဂါ အမျိုးအစားများ Infectious Diseases ဟု ခွဲခြားနိုင်ပါတယ်။ မကူးစက်နိုင်သောရောဂါအမျိုးအစားများ Non–infectious Diseases တွင် နှလုံးသွေးကြောဆိုင်ရာ ရောဂါကာကွယ်ခြင်းနှင့် ကုသခြင်းဆိုင်ရာ အကြောင်းအရာများ ပါဝင်ကြပါတယ်။ ကူးစက်နိုင်သော ရောဂါအမျိုးအစားများ Infectious Diseases တွင် နမူနာအဖြစ် ငှက်ဖျားပိုး Plasmodium ကူးစက်ခြင်း၊ ငှက်ဖျားပိုး၏ ဇီဝစက်ဝန်း Life cycle of Plasmodium၊ ငှက်ဖျားရောဂါကုသခြင်း၊ ကာကွယ်ခြင်း၊ ကမ္ဘာ့တစ်ဝန်း ငှက်ဖျားရောဂါထိန်းချုပ်မှု အကြောင်းအရာများကို စိတ်ဝင်စားဖွယ်လေ့လာသင်ကြားကြရမှာဖြစ်ပါတယ်။

**Chapter 5 COORDINATION AND RESPONSE** သည် အပင်နှင့် တိရစ္ဆာန်များတွင် ပေါင်းစပ်ညှိနှိုင်းမှု၊ တုံ့ပြန်မှုများနှင့် သက်ဆိုင်သည့် အကြောင်းအရာများပါဝင်ပြီး COORDINATION AND RESPONSE IN PLANTS အပင်၏ အစိတ်အပိုင်းများအကြား ပေါင်းစပ်ညှိနှိုင်းမှုနှင့် တုံ့ပြန်မှု အပြန်အလှန်အကျိုးသက်ရောက်ပုံ အကြောင်းအရာများကို စိတ်ဝင်စားဖွယ် လေ့လာကြရမှာ ဖြစ်တယ်။ PLANT GROWTH AND DEVELOPMENT အပင်ကြီးထွားမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု၌ Plant Growth Regulators အပင်ကြီးထွားမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု၏ ရှုထောင့်အမျိုးမျိုးကို ထိန်းချုပ်သည့် အပင်ဟော်မုန်း၏ အဓိကအမျိုးအစား ငါးမျိုးရှိတယ်။ Auxins, gibberellins, cytokinins, ethylene နှင့် abscisic acid တို့ဖြစ်ကြတယ်။ ဤဟော်မုန်းတစ်ခုစီဟာ အပင်ကြီးထွားမှုနဲ့ ဖွံ့ဖြိုးမှုအပေါ် တိကျသောအကျိုးသက်ရောက်မှုများရှိကြတယ်။ Seed Dormancy အစေ့ငုတ်ခြင်း၊ Seed Germination အစေ့ပေါက်ခြင်းနှင့် အမျိုးအစား (၃)မျိုး Photoperiodism ပန်းပွင့်စေရန် အပင်မှ လိုအပ်သော အလင်းနှင့် အမှောင်၏ ကာလနှင့် အလင်းကာလပေါ်မူတည်၍ အပင်အမျိုးအစား (၃) မျိုး ခွဲခြားခြင်း Photo–morphogenesis အပင်များ အလင်းရောင်ကို တုံ့ပြန်ပြီး ကြီးထွားသည့် ဖြစ်စဉ်နှင့် အရေးပါပုံ စသည့်အကြောင်းအရာများကို စိတ်ဝင်စားဖွယ် လေ့လာကြရမှာဖြစ်ပါတယ်။ COORDINATION AND RESPONSE IN ANIMALS တိရစ္ဆာန်များတွင် ညှိနှိုင်းခြင်းနှင့် တုံ့ပြန်မှုအပိုင်းမှာ ပတ်ဝန်းကျင်နှင့် အမူအကျင့်များကို တုံ့ပြန်ပြီး ညှိနှိုင်းနိုင်စွမ်းသည် အသက်ရှင်ရပ်တည်မှုအတွက် အရေးကြီးပြီး တိရစ္ဆာန်များကို ပြောင်းလဲနေသောအခြေအနေများနှင့် လိုက်လျောညီထွေဖြစ်အောင် လုပ်ဆောင်နိုင်စေတယ်။ Human Nervous System လူ့အာရုံကြောစနစ် တည်ဆောက်ပုံ Structure of Neurones မတူညီသော Neurones အမျိုးအစားများနှင့် ၎င်းတို့၏ လုပ်ငန်းဆောင်တာများ Synapses ၏ တည်ဆောက်ပုံနှင့် လုပ်ဆောင်ချက်များ SENSE ORGANS သက်ရှိများ အသက်ရှင်ရပ်တည်နိုင်ရန် ပတ်ဝန်းကျင်၏ ပြောင်းလဲမှုများကို သိရှိပြီး သင့်လျော်စွာ တုံ့ပြန်ရမည်ဖြစ်ပြီး အပြောင်းအလဲများကို ထောက်လှမ်းရန် လူသားများနှင့် အခြားသက်ရှိများတွင် အဆင့်မြင့်ဖွံ့ဖြိုးစွာ ပါရှိနေသည့် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာနှင့် အရေပြားတို့ကဲ့သို့သော အာရုံခံအင်္ဂါများမှ Structure of human eye and mechanism of vision လူ့မျက်လုံးဖွဲ့စည်းပုံနှင့် အမြင်အာရုံဆိုင်ရာယန္တရား၊ THE ENDOCRINE SYSTEM ၌ Endocrine glands Hormones လူ့ခန္ဓာကိုယ်ရှိ endocrine ဂလင်းများ၏ တည်နေရာနှင့် ဟော်မုန်းများ၏အခန်းကဏ္ဍ Comparison between Nervous System and Endocrine System လူ့ခန္ဓာကိုယ်ရှိ အာရုံကြောစနစ်နှင့် endocrine စနစ်အကြား နှိုင်းယှဉ်လေ့လာမှုဇယား စသည့်ခေါင်းစဉ်များဖြင့် စိတ်ဝင်စားဖွယ်လေ့လာကြရမှာဖြစ်ပါတယ်။

**Chapter 6 BIODIVERSITY AND CONSERVATION** မှာ ဤစာအုပ်၏ နောက်ဆုံးအခန်းဖြစ်ပြီး ဇီဝမျိုးစုံမျိုးကွဲများနဲ့ ထိန်းသိမ်းစောင့်ရှောက်ရေးအကြောင်းဖြစ်ပါတယ်။ သဘာဝတွင် ဇီဝမျိုးစုံမျိုးကွဲများသည် အဘယ်ကြောင့် အရေးကြီးရသနည်းဆိုသည့် အကြောင်းအရာ၊ အချက်အလက်များကို သေချာစွာ လေ့လာကြရမှာဖြစ်ပါတယ်။ ဇီဝမျိုးစုံမျိုးကွဲများကို ဒေသတစ်ခု၏ မျိုးဗီဇ၊ မျိုးစိတ်များနှင့် ဂေဟစနစ်စုစုပေါင်းအဖြစ် သတ်မှတ်နိုင်ပါတယ်။ ဇီဝမျိုးစုံမျိုးကွဲများ ဟန်ချက်ညီစွာ ရှင်သန်ကြီးထွားပေါက်ပွားနိုင်မှုကို ထိန်းသိမ်းစောင့်ရှောက်ပေးခြင်းသည် သက်ရှိများ၏ ဘဝရှင်သန်နေထိုင်မှုနှင့် သဘာဝဂေဟစနစ်နှစ်ခုလုံးတွင် အရေးပါသော အခန်းကဏ္ဍမှာပါဝင်ပါတယ်။ Levels of Biodiversity ဇီဝမျိုးစုံတို့၏ မတူကွဲပြားသော အဆင့်များ၊ Importance of Biodiversity ဇီဝမျိုးစုံမျိုးကွဲများ၏ အရေးပါမှု၊ Biodiversity in Myanmar တွင် Forest Diversity မြန်မာနိုင်ငံရှိ သစ်တောအမျိုးအစားများနှင့် Endangered Species မျိုးသုဉ်းလုနီးပါး ဇီဝမျိုးစိတ်များ၊ THREATS TO BIODIVERSITY ဇီဝမျိုးစုံမျိုးကွဲများအား မျိုးသုဉ်းလုနီးပါးခြိမ်းခြောက်ခံနေရသော အကြောင်းတရားများ၌ Habitat Destruction ဇီဝမျိုးစုံမျိုးကွဲများ၏ နေထိုင်ရာများပျက်စီးခြင်း၊Invasive Alien Species (IAS) ဒေသရင်းမဟုတ်သောမျိုးစိတ်များ ဝင်ရောက်လာခြင်း၊ Genetic Pollution ဗီဇညစ်ညမ်းမှုဖြစ်ခြင်း (ဥပမာ–မျိုးစပ်ခံရခြင်း၊ မျိုးရိုးဗီဇရောယှက်ခြင်း)၊ Overexploitation ဇီဝမျိုးစုံမျိုးကွဲမျိုးစိတ်များအား အလွန်အကျွံထုတ်ယူသုံးစွဲခြင်း၊ Climate Change ထိုသို့ အလွန်အကျွံထုတ်ယူသုံးစွဲခြင်း အကျိုးဆက်ကြောင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲလာခြင်း၊ Human Overpopulation လူဦးရေ တိုးမြင့်ထူထပ်လာခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှု၊ ပဋိပက္ခများ ဖြစ်ပေါ်လာခြင်း၊ Wildlife Trade သဘာဝတောရိုင်းသက်ရှိများနှင့် ၎င်းတို့မှ ထုတ်လုပ်သောပစ္စည်းများကို တရားမဝင်ရောင်းဝယ်ခြင်း စတဲ့အကြောင်းအရာများကြောင့် ကမ္ဘာ့မြေ၏ ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ရေး CONSERVATION အတွက် အမျိုးမျိုးသော အစီအမံများနှင့် နည်းလမ်းများ၊ In situ နှင့် ex situ ထိန်းသိမ်းရေးနည်းလမ်းများအကြောင်း အသိပညာပေးမြှင့်တင်ခြင်းနှင့် မြန်မာနိုင်ငံတွင် တည်ထောင်ထားသော သဘာဝထိန်းသိမ်းရေးနယ်မြေများ၏ အမျိုးအစားနှင့် တည်နေရာများကို ကဏ္ဍအလိုက် စိတ်ဝင်စားဖွယ်သင်ကြားကြရမှာဖြစ်ပါတယ်။

Grade 12 Biology Textbook တွင် တိကျသော ရောင်စုံပုံချပ်များ precise colourful diagrams, ဓာတ်ပုံမိုက်ခရိုဂရပ်များ photomicro–graphs, figures and charts, Chapter တစ်ခုချင်းစီ၏ အဆုံးမှာ နမူနာမေးခွန်းများ၊ ဝေါဟာရအသုံးအနှုန်း အခက်အခဲများကို ကျော်လွှားရန် GLOSSARY များ ပါဝင်ကြပါတယ်။ ကျောင်းသားကျောင်းသူများသည် Grade 12 Biology Textbook မှာ ပါဝင်တဲ့ အကြောင်းအရာတွေကို သေချာကျေညက်အောင် လေ့လာပြီးတဲ့နောက် ဇီဝဗေဒ၊ ဇီဝဗေဒနှင့် ဆက်နွယ်လျက်ရှိသည့် သက်ဆိုင်ရာ အသက်မွေးဝမ်းကျောင်းပညာရပ်နယ်ပယ်များတွင် ဆက်လက်လေ့လာရန် အရည်အချင်းပြည့်မီသူများ ဖြစ်လာကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

နိဂုံးချုပ်အနေနဲ့စာမေးပွဲဖြေဆိုတဲ့အခါ –

- မေးခွန်းမှာ Mention / Name / List နဲ့စထားရင် အမည်များဖော်ပြဖြေဆိုရန်။
- Enumerate နဲ့စရင် အမှတ်စဉ်ထိုး၍ ဖြေဆိုရန်။
- Define နဲ့စရင် အဓိပ္ပာယ်သတ်မှတ်ရန်။
- What / How / Cite / Give / State / Describe / Discuss/ Explain/ Clarify/ Write နဲ့စထားရင် ရေးပါ၊ ရှင်းပြပါ၊ ဖြေရှင်းပါ၊ ဆွေးနွေးပါ၊ ဖော်ပြပါ၊ ဘယ်လိုနားလည်သလဲ အစရှိတဲ့ မေးခွန်းတွေကို စာသားအားဖြင့် အဖြေထုတ်ရန်။
- Distinguish/ Classify/ Differentiate နဲ့စရင် အုပ်စုနှင့် အမျိုးအစားတို့ကို ခွဲခြားပြရန်။
- Comparative / Compare and contrast/ versus နဲ့ မေးထားရင် နှိုင်းယှဉ်ဖြေဆိုရန်။
- Give a table/ Tabulate နဲ့စရင် ဇယားဆွဲ၍ ဖြေဆိုရန်။
- Give a word diagram နဲ့စရင် စကားလုံးများကို အညွှန်းမြားတန်းဖြင့် ချိတ်ဆက်ဖော်ပြရန်။
- Draw / Illustrate / illustration / drawing / diagram နဲ့ မေးထားရင် သရုပ်ဖော်ပုံဆွဲပေးရန်။
- Provide labels and caption နဲ့ စရင်ပုံကို ပြန်ကူးဆွဲစရာမလိုဘဲ အညွှန်းမြားဖြင့် ညွှန်ပြသောနေရာကို အမည်ဖော်ပေးရန်နှင့် ပုံခေါင်းစဉ်တပ်ပေးရန်ဖြစ်ပြီး နောက်ဆက်တွဲမေးသည့်မေးခွန်းရှိခဲ့လျှင် မကျန်ရစ်အောင် ဖြေဆိုရန် သတိပြုပါ။
- မေးခွန်းကို သေချာစွာဖတ်ပါ၊ နားလည်သဘောပေါက်အောင် ဖတ်ပြီးမှဖြေဆိုပါ။
- အဖြေလွှာရဲ့ သတ်မှတ်ထားတဲ့နေရာမှာ ခုံနံပါတ်ကို မှန်အောင် တပ်ပါ။
- အဖြေလွှာပေါ်ကညွှန်ကြားချက်များကို သေချာစွာ လိုက်နာပါ။
- ဖြေဆိုမည့်မေးခွန်းနံပါတ်ကို ဘေးမျဉ်းအတွင်း မှန်အောင် တပ်ပြီးမှ ဖြေဆိုပါ။
- ဖြေဆိုပြီးအဖြေများ မှန်ကန်မှု ရှိ၊ မရှိ ပြန်လည်စစ်ဆေးပါ။

ယခုတင်ပြခဲ့တဲ့ အကြံပြုချက်များကို လိုက်နာပြီး တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ ဇီဝဗေဒဘာသာရပ်ကို ဂုဏ်ထူးမှတ်များနဲ့ ထူးထူးချွန်ချွန် အောင်မြင်အောင် ကြိုးစားကြပါလို့ တိုက်တွန်းလိုက်ပါတယ်။ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ ကျောင်းသားများအားလုံး ထူးချွန်စွာ အောင်မြင်ကြပါစေ။



ဧရာဝတီ တိုင်းဒေသကြီး ကျောင်းကုန်းမြို့ ရန်ကုန်–ပုသိမ်ကားလမ်းဘေးရှိ ရွှေဇင်ယော် ဆန်စက်နှင့် အခြားစက်ရုံ၊ အလုပ်ရုံများကို မီးဘေးလုံခြုံရေးအတွက် ဖေဖော်ဝါရီ ၂၇ ရက်က မြို့နယ်မီးသတ် ဦးစီးမှူး ဦးတင်ဝင်းနှင့် တပ်ဖွဲ့ဝင်များ စစ်ဆေးဆောင်ရွက်စဉ်။
ဝင်းကြိုင်(ပြန်/ဆက်)




မွန်ပြည်နယ် ဘီးလင်းမြို့နယ်ရှိ ပြည်သူများ မီးဘေးအန္တရာယ်ကြိုတင် ကာကွယ်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်လင်းဦးနှင့် ဝန်ထမ်းများ ဖေဖော်ဝါရီ ၂၆ ရက်က မြို့ပေါ်ရပ်ကွက်များသို့ သွားရောက်၍ အသိပညာပေး နှိုးဆော်ခြင်း ဆောင်ရွက်စဉ်။
ဘီးလင်း(ပြန်/ဆက်)

# (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုပြီး ကျင်းပမည့် မျိုးစေ့ပွဲအတွက် မျိုးစေ့ဌာနခွဲ၏ ကြိုတင်ပြင်ဆင်မှုများ သွားရောက်တွေ့ဆုံမေးမြန်းခြင်း

**မတ် ၂ ရက်တွင် ကျရောက်မည့် (၆၃) နှစ်မြောက် တောင်သူလယ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် မတ် ၁ ရက်မှ ၃ ရက်အထိ ကျင်းပမည့် မျိုးစေ့ပွဲအတွက် စိုက်ပျိုးရေးသိပ္ပံ(ပျဉ်းမနား) ကျောင်းဝင်းအတွင်း မျိုးစေ့ပြပွဲတာဝန်ရှိသူများနှင့် သွားရောက်တွေ့ဆုံမေးမြန်းခြင်းကို ရေးသားတင်ပြလိုက်ပါသည်–**

*(ယမန်နေ့မှအဆက်)*

**တွေ့ဆုံမေးမြန်းသူ-**
**အိအိစံ(Sugar Land)**
**ဓာတ်ပုံ - ကောင်းထွဋ်ဦး**



ဒေါက်တာယုမွန်
လက်ထောက်ညွှန်ကြားရေးမှူး



ဒေါ်မူမူမြင့်
ဒုလက်ထောက်ဦးစီးမှူး

**ဒေါက်တာယုမွန်**
**လက်ထောက်ညွှန်ကြားရေးမှူး**
**(မျိုးစေ့ဌာနခွဲ)**

မျိုးစေ့ပြပွဲမှာ ပြသဖို့ ၁၀၅–၁၁၀ သက်တမ်းရှိတဲ့ မျိုးစေ့မှတ်ပုံတင်ရရှိပြီး အစေ့ထုတ်ပြောင်းမျိုးတွေကို တာဝန်ယူ စိုက်ပျိုးပြသ ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ အခုလို စိုက်ပျိုးပြသထားခြင်းရဲ့ ရည်ရွယ်ချက်ကတော့ လာရောက်လေ့လာတဲ့ စိုက်ပျိုးထုတ်လုပ်သူတွေ၊ မျိုးစေ့ ရောင်းချသူတွေ၊ မျိုးစေ့ရောင်းဝယ်တဲ့သူတွေက အစေ့ထုတ်ပြောင်းရဲ့ ပန်းတိုင်အထွက်နှုန်းဖြစ်တဲ့ တစ်ဧက ၈၅ တင်းထွက်ရှိစေဖို့ စိုက်ပျိုးရမယ့် စိုက်စနစ်တွေ၊ အစေ့ထုတ်ပြောင်း မျိုးသစ်တွေကို တောင်သူတွေသိရှိစေဖို့ ရည်ရွယ်ပြီး စိုက်ပျိုးပြသထားခြင်းဖြစ်ပါတယ်။

စိုက်ခင်းမှာ အသုံးပြုထားတဲ့ စိုက်စနစ်တွေကတော့ အစေ့ထုတ်ပြောင်းတွေကို တန်းကြား နှစ်ပေခွဲ၊ ပင်ကြား ရှစ်လက်မနဲ့ တိုက်ရိုက်မျိုးစေ့ချ စိုက်ပျိုးခဲ့ခြင်းဖြစ်ပါတယ်။ အပင်ကြီးထွားမှုအဆင့်တစ်လျှောက် လိုအပ်တဲ့ ရေနဲ့မြေဩဇာတွေကို လုံလုံလောက်လောက် ပေးသွင်းပြီး မြေဩဇာအနေနဲ့ ၁၅ ပတ်လည် ကွန်ပေါင်းမြေဩဇာ နှစ်အိတ်နဲ့ ယူရီးယား တစ်အိတ်ခွဲ အသုံးပြုထားပါတယ်။ မြေဩဇာကို မြေခံ၊ အပင် ရက် ၂၀ သား၊ ရက် ၃၀ သားနဲ့ ရက် ၄၀ သားတို့မှာ ခွဲပြီး ကျွေးထားပါတယ်။ မြေဩဇာကျွေးတိုင်း ရေပေးသွင်းရပါတယ်။

စိုက်ပျိုးထုတ်လုပ်တဲ့သူတွေအနေနဲ့ ပန်းတိုင်အထွက်နှုန်းရရှိစေဖို့ ဆောင်ရွက်မယ့် အချက်တွေကတော့ အပင်ရေပြည့်မီဖို့ အရေးကြီးပါတယ်။ မျိုးစေ့ချချိန်မှာ အစိုဓာတ်လုံလောက်စေဖို့ ရေပေးသွင်းပြီး အပင်ရေပြည့်မီရေး ဆောင်ရွက်ခြင်း၊ အပင်ငယ်စဉ် ပေါင်းနှိမ်နင်းခြင်း၊ အပင်ကြီးထွားမှုအဆင့်အလိုက် လိုအပ်တဲ့မြေဩဇာ၊ ရေတို့ ပေးသွင်းခြင်းဖြင့် လိုအပ်တဲ့ သွင်းအားစုတွေ ဖြည့်တင်းပေးဖို့ လိုအပ်ပါတယ်။

အခုလို စိုက်ပျိုးပြသထားခြင်းဖြင့် စိုက်ပျိုးထုတ်လုပ်သူတွေ ရရှိမယ့် အကျိုးကျေးဇူးတွေကတော့ တောင်သူတွေ မျိုးသစ်တွေကို သိရှိမယ်၊ ပန်းတိုင်အထွက်နှုန်းရရှိအောင် စိုက်ပျိုးရမယ့် စိုက်နည်းစနစ်တွေကို သိရှိနားလည်ပြီး တောင်သူသမားရိုးကျစိုက်ပျိုးတဲ့ စိုက်နည်းစနစ်တွေနဲ့ ကွာခြားချက်တွေကို သိရှိလို့ လိုက်လံဆောင်ရွက်ခြင်းဖြင့် တစ်ဧကအထွက်နှုန်း တိုးတက်လာနိုင်ပါတယ်။ မျိုးကောင်းမျိုးတွေရရှိနိုင်ဖို့ ကျွန်မတို့ဌာနကနေ ကူညီဆောင်ရွက်ပြီး တောင်သူတွေ လာရောက်လေ့လာကြဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်မူမူမြင့်**
**ဒုလက်ထောက်ဦးစီးမှူး**
**(မျိုးစေ့ဌာနခွဲ)**

လာရောက်လေ့လာတဲ့ စိုက်ပျိုးထုတ်လုပ်သူတွေက အရည်အသွေးကောင်းတဲ့ နည်းစနစ်တကျ စိုက်ပျိုးထားတဲ့ စင်တင်သီးနှံတွေ စိုက်ပျိုးထားတာကို မျက်မြင်တွေ့ရှိရမှာဖြစ်ပြီး ကျွန်မတို့ စိုက်ပျိုးပြသထားတဲ့ စိုက်နည်းစနစ်ဆောင်ရွက်ချက်နဲ့ မြေဩဇာနှုန်းထား အသုံးပြုမှုတွေကို သိရှိနိုင်မှာ ဖြစ်ပါတယ်။ ထို့အတူ ဘယ်မျိုးတွေက ဈေးကွက်ပိုရရှိနေလဲ၊ ဘယ်မျိုးတွေကို ရွေးချယ်စိုက်ပျိုးသင့်တယ်ဆိုတာကို သိရှိသွားခြင်းအားဖြင့် ဈေးကွက်ပိုရရှိပြီး ဝင်ငွေကောင်းတဲ့မျိုးတွေကို ရွေးချယ်စိုက်ပျိုးနိုင်ဖို့ ရည်ရွယ် စိုက်ပျိုးပြသထားခြင်း ဖြစ်ပါတယ်။

ဒေသမျိုးတွေနဲ့ စပ်မျိုးတွေရဲ့ အရည်အချင်းလက္ခဏာကွဲပြားမှုကို သိရှိနိုင်စေဖို့ ရည်ရွယ်ပြီး စိုက်ပျိုးပြသထားတာဖြစ်ပါတယ်။ ပူပြင်းတဲ့ရာသီဥတုကိုလည်း ရောက်ရှိလာပြီဖြစ်တဲ့အတွက် လာရောက်လေ့လာတဲ့ စိုက်ပျိုးတောင်သူတွေ၊ မိဘပြည်သူတွေအတွက် အေးချမ်းမှုလည်း ရရှိစေမှာဖြစ်ပါတယ်။

စိုက်ပျိုးပြသထားတဲ့ သီးနှံအမျိုးအစားပေါင်းကတော့ စင်တင်သီးနှံ ၁၅ မျိုး (ဘူး၊ ဖရုံ၊ ထောပတ်ဖရုံ၊ ကျောက်ဖရုံ၊ သခွား၊ သခွားမွှေး၊ ခဝဲ၊ သပွတ်ချို၊ ပဲလင်းမြွေ၊ ကြက်ဟင်းခါး၊ ဂေါ်ရခါး၊ ခရမ်းချဉ်၊ ချယ်ရီခရမ်းချဉ်၊ ပဲတိုင်ထောင်၊ ပဲစောင်းလျား) နဲ့ မျိုးကွဲ ၃၉ မျိုး (ဘူးလုံးကြီး၊ Green Long၊ Lina 273၊ မြကျောက်စိမ်း၊ ပစ်တိုင်းထောင်၊ VF–SN 1၊ POLO၊ Tossa–kan၊ ကျောက်ဖရုံ–၉၀၀၊ Nga Thong၊ အာဂျူးနား၊ Thong Phun၊ Orange Sweet၊ NAKORNBAN၊ ရွှေဖရုံအဝါလုံးကြီး(VFRTC)၊ Baby Ball၊ SHWE WAH F1၊ DELICA၊ Khom–Krit၊ Viset Chia Chan 165၊ Fha–Lun၊ Purple Winged Bean၊ NO.300၊ Longa၊ GONBAN 085၊ ဒေသမျိုး၊ BIO 444၊ ချယ်ရီအဝါ၊ Manee–Dang၊ Manee–Chun၊ Pareso RZ၊ SK–475၊ SK–476၊ ANANDA 333၊ LUCKY 380၊ SK– 189၊ Gladial RZ၊ Fujisawa RZ၊ Jnthanon RZ) မျိုးတွေကို စိုက်ပျိုးပြသထားပါတယ်။

အခုလို စိုက်ပျိုးပြသထားခြင်းဖြင့် စိုက်ပျိုးထုတ်လုပ်သူတွေ ရရှိမယ့်အကျိုးကျေးဇူးတွေကတော့ သီးနှံမျိုးသစ်တွေ၊ အမယ်သစ်တွေကိုလည်း တောင်သူတွေ လေ့လာသိရှိပြီး လိုက်လံစိုက်ပျိုးနိုင်ပါတယ်။ လာရောက်လေ့လာတဲ့ စိုက်ပျိုးတောင်သူတွေအနေနဲ့ စင်တင်သီးနှံတွေ စိုက်ပျိုးထားခြင်းကို မျက်မြင်တွေ့ရှိရတဲ့အတွက်ကြောင့် အိမ်ခြံဝင်းအတွင်း မိသားစု တစ်ပိုင်တစ်နိုင် စိုက်ပျိုးနိုင်ခြင်းဖြင့် ဟင်းသီးဟင်းရွက်တွေကို လတ်လတ်ဆတ်ဆတ် စားသုံးနိုင်မယ်၊ အပိုဝင်ငွေရရှိနိုင်မှာ ဖြစ်ပါတယ်။ အိမ်တွင်းဥယျာဉ်အနေနဲ့ စိုက်စိုက်၊ စီးပွားဖြစ်ပဲစိုက်စိုက်၊ ရုံးတွေ အိမ်ရာတွေမှာ စိုက်ပျိုးနိုင်ကြဖို့ လာရောက်လေ့လာကြဖို့ ဖိတ်ခေါ်ပါတယ်။



ဘူး စိုက်ပျိုးထားမှု။



ဖရုံ စိုက်ပျိုးထားမှု။



သခွား စိုက်ပျိုးထားမှု။

## ချမ်းအေးသာစံမြို့နယ် လူမှုဖူလုံရေးရုံး၌ အကျုံးဝင်မှတ်ပုံတင်ထားသူအား လူမှုဖူလုံရေးအကျိုးခံစားခွင့်ပေးအပ်



**မန္တလေး ဖေဖော်ဝါရီ ၂၈**

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် လူမှုဖူလုံရေးရုံး၌ အကျုံးဝင်မှတ်ပုံတင်ထားသူအား လူမှုဖူလုံရေးအကျိုးခံစားခွင့်ပေးအပ်ပွဲကို ယမန်နေ့က တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်ထွန်းက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေပါ အကျိုးခံစားခွင့်များကို ရှင်းလင်းပြောကြားပြီး အကျုံးဝင်မှတ်ပုံတင်ထားသည့် မြန်မာ့မီးရထားမှ အာမခံအလုပ်သမား ဦးအောင်အောင်ထွန်း၏ ဇနီးဖြစ်သူ ဒေါ်ဇင်ဇင်ကျော်အား အလုပ်တွင် ထိခိုက်ဒဏ်ရာရရှိမှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် (ငွေလုံးငွေရင်း) ငွေကျပ် ၈၁၀၀၀၀၀ ကို ပေးအပ်ခဲ့သည်။

**မောင်အေးချမ်း**



တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စိုင်ဒင်းကျေးရွာ စာကြည့်တိုက်၌ MRTV စက်နှင့် စာအုပ်များကို ပေးအပ်လှူဒါန်းခြင်းနှင့် ခေတ်မီစံပြကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၂၇ ရက်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ညိုညိုဝင်းနှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးစဉ်။ ၂၂၂

# ကရင်ပြည်နယ်ဝန်ကြီးချုပ် အမှတ်(၂၂) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ အိမ်ထောင်စုများအား စားသုံးကုန်ပစ္စည်းများ ချီးမြှင့်ပေးအပ်

**ဘားအံ ဖေဖော်ဝါရီ ၂၈**

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အမှတ် (၂၂) လုံခြုံရေး ရဲတပ်ဖွဲ့ခွဲတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ရဲတပ်ဖွဲ့ဝင် အိမ်ထောင်စုများအတွက် စားသုံးကုန်ပစ္စည်းများ ချီးမြှင့်ပေးအပ်သည့် အခမ်းအနားကို ယနေ့နံနက်၈ နာရီက ဘားအံမြို့ မြိုင်ကလေးကျေးရွာရှိ အဆိုပါရဲတပ်ရင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ပေးအပ်သည့်လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရန် စိတ်ရောကိုယ်ပါ ကျန်းမာကြံ့ခိုင်ရန် လိုပြီး အမြဲတမ်းလေ့ကျင့်နေရန်လိုကြောင်း၊ တာဝန်များထမ်းဆောင်ရာတွင် ပေါ့ပေါ့ဆဆမနေဘဲ စစ်ရေးသတိအမြဲရှိရန်လိုပြီး တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုလုပ်ကိုင်၍ မြိုးခြံချွေတာကာ စည်းလုံးညီညွတ်စွာနေထိုင်ပြီး အထက်အောက် အပြန်အလှန် လေးစားမှုဖြင့် ရည်မှန်းချက်တာဝန်များကို ပြီးမြောက်အောင်မြင်အောင် ထမ်းဆောင်ကြစေလိုကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အမှတ်(၂၂) လုံခြုံရေးရဲတပ်ဖွဲ့ခွဲရှိ တပ်ဖွဲ့ဝင်အိမ်ထောင်စုများအတွက် ငွေကျပ် ၂၇၃၅၆၀၀ တန်ဖိုးရှိ ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက် အစရှိသော စားသုံးကုန်ပစ္စည်းများကို ချီးမြှင့်ပေးအပ်ပြီး တပ်ဖွဲ့ဝင်၊ မိသားစု၊ အိမ်ထောင်စုများအား ရင်းနှီးနွေးထွေးစွာ တွေ့ဆုံနှုတ်ဆက်၍ အားပေးစကားများပြောကြားကာ တပ်ဖွဲ့ခွဲမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။

**စောမျိုးမင်းသိန်း (ပြန်/ဆက်)**



## ညစ်ညမ်းစာများကို ပုံနှိပ်၊ ထုတ်ဝေခဲ့သည့်အတွက် လုပ်ငန်းပိတ်သိမ်းထားသော ပုံနှိပ်သူနှင့်ထုတ်ဝေသူများစာရင်းအား အသိပေးကြေညာခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာနသည် ၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပုံနှိပ်ခြင်းလုပ်ငန်း၊ ထုတ်ဝေခြင်းလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် အောက်ဖော်ပြပါ ပုံနှိပ်သူနှင့်ထုတ်ဝေသူများသည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ(ဂ)ပါ ညစ်ညမ်းစာများကိုဖော်ပြခြင်း စည်းကမ်းချက်ကိုဖောက်ဖျက်၍ ဟီရိဩတ္တပ္ပကင်းသော၊ မြန်မာ့လူ့အဖွဲ့အစည်းက လက်မခံသော၊ လူငယ်များ၏ တွေးခေါ်မြော်မြင်မှုနှင့် ခံစားနားလည်မှုကို လွဲမှားစေနိုင်သော အကြောင်းအရာများကို ပုံနှိပ်၊ ထုတ်ဝေဖြန့်ချိခဲ့ကြောင်း တွေ့ရှိရပါသည်-

| စဉ် | စာအုပ်အမည် | စာရေးသူ အမည် | ပုံနှိပ်သူ/ထုတ်ဝေသူ အမည်/မှတ်ပုံတင် အမှတ်/ စာပေတိုက် | ပုံနှိပ်သူ/ထုတ်ဝေသူ နေရပ်လိပ်စာ | အရေးယူ ဆောင်ရွက်မှု |
|---|---|---|---|---|---|
| (က) | " မိုင် " | Marida | ဦးမြင့်ကျော်သူ (Green House Printing) (လုပ်ငန်းအသိအမှတ်ပြု လက်မှတ်မရှိ)<br><br>ဒေါ်ဖူးပွင့်ဖြူ ၁၂/သကတ(နိုင်) ၁၉၈၉၆၆ (ရှိန်ဝါစာပေ-၀၃၁၃၅) | အမှတ်(၉၈၅)၊ ထူပါရုံ လမ်းမကြီး၊ (၁)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။<br><br>အမှတ်(၈၆/ ၆-အေ) ရောဝတီလမ်း၊ အလုံမြို့နယ်၊ အနောက်ပိုင်းခရိုင်၊ ရန်ကုန်တိုင်းဒေသကြီး။ | -ညစ်ညမ်းစာများ ဖော်ပြခြင်း<br>-ပုံနှိပ်ခြင်းလုပ်ငန်း အသိအမှတ်ပြု လက်မှတ်မရှိခြင်း<br>-ထုတ်ဝေစာပေးပို့ ရန်ပျက်ကွက်ခြင်း |
| (ခ) | "ဗင်ဒါလေးရဲ့ မူပိုင်ရှင်" | Smile Apple | ဒေါ်အေးမြတ်မွန် ၉/ကပတ(နိုင်)၁၉၉၇၀၅ (Yangon Printing Service) (လုပ်ငန်းအသိအမှတ်ပြု လက်မှတ်မရှိ)<br><br>ဦးအောင်သန်းနိုင် ၁၂/ဒဂဆ(နိုင်)၁၂၂၃၇၅ (Friendly Book House) (လုပ်ငန်းအသိအမှတ်ပြု လက်မှတ်မရှိ) | အမှတ်(၁၁၄၄)၊ သုမနလမ်း၊ (၂/တောင်)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။<br><br>အမှတ်(၄၅၄)၊ ကရဏာ လမ်းမကြီး၊ (၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီး။ | -ညစ်ညမ်းစာများ ဖော်ပြခြင်း<br>-ပုံနှိပ်ခြင်းလုပ်ငန်း အသိအမှတ်ပြု လက်မှတ်မရှိခြင်း<br>-ထုတ်ဝေခြင်း လုပ်ငန်းအသိ အမှတ်ပြု လက်မှတ်မရှိခြင်း |
| (ဂ) | "Maiden SA" | Satt | ဒေါ်ဆုစန္ဒီသင်း (99 Printing) (လုပ်ငန်းအသိအမှတ်ပြု လက်မှတ်မရှိ)<br><br>ဒေါ်သန္တာကျော်ဝင်း ၁၂/ရကန(နိုင်)၀၇၆၀၆၂ (ညို့- NYOH စာပေတိုက်) (လုပ်ငန်းအသိအမှတ်ပြု လက်မှတ်မရှိ) | တိုက်(၂၂၁)၊ ပထမထပ်၊ (၃၁)လမ်း၊ (၁၁)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။<br><br>အခန်း (၂၀)၊တိုက်(၂၂၁)၊ ရန်ကင်း(၁)ရပ်ကွက်၊ ရန်ရှင်းလမ်း၊ ရန်ကင်း မြို့နယ်၊အရှေ့ပိုင်းခရိုင်၊ ရန်ကုန်တိုင်းဒေသကြီး။ | -ညစ်ညမ်းစာများ ဖော်ပြခြင်း<br>-ပုံနှိပ်ခြင်းလုပ်ငန်း အသိအမှတ်ပြု လက်မှတ်မရှိခြင်း၊<br>-ထုတ်ဝေခြင်း လုပ်ငန်းအသိ အမှတ်ပြု လက်မှတ်မရှိခြင်း |
| (ဃ) | "တောပန်း လေးမို့ အရိုင်း ဆန်သည်" | Jasmine | ဒေါ်ဆုစန္ဒီသင်း (99 Printing) (လုပ်ငန်းအသိအမှတ်ပြု လက်မှတ်မရှိ)<br><br>ဒေါ်လှိုင်ယမင်း ၁၂/ဒဂရ(နိုင်)၀၄၃၀၅၅ (ယွန်းစာပေ-၀၃၂၇၃) | တိုက်(၂၂၁)၊ ပထမထပ်၊ (၃၁)လမ်း၊ (၁၁)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။<br><br>အမှတ်(၁၁၈)၊ စွယ်တော်လမ်း၊ (၂၂)ရပ်ကွက်၊ ဒဂုံ မြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | -ညစ်ညမ်းစာများ ဖော်ပြခြင်း<br>-ပုံနှိပ်ခြင်းလုပ်ငန်း အသိအမှတ်ပြု လက်မှတ်မရှိခြင်း<br>-ထုတ်ဝေစာ ပေးပို့ရန် ပျက်ကွက်ခြင်း |
| (င) | "WILD ROSE" | Lah Phan | ဒေါ်ဆုစန္ဒီသင်း (99 Printing) (လုပ်ငန်းအသိအမှတ်ပြု လက်မှတ်မရှိ)<br><br>ဒေါ်လှိုင်ယမင်း ၁၂/ဒဂရ(နိုင်)၀၄၃၀၅၅ (ယွန်းစာပေ-၀၃၂၇၃) | တိုက်(၂၂၁)၊ ပထမထပ်၊ (၃၁)လမ်း၊ (၁၁)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။<br><br>အမှတ်(၁၁၈)၊ စွယ်တော်လမ်း၊ (၂၂)ရပ်ကွက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | -ညစ်ညမ်းစာများ ဖော်ပြခြင်း<br>-ပုံနှိပ်ခြင်းလုပ်ငန်း အသိအမှတ်ပြု လက်မှတ်မရှိခြင်း<br>-ထုတ်ဝေစာ ပေးပို့ရန် ပျက်ကွက်ခြင်း |
| (စ) | "KING" | Myat Hsu | ဒေါ်ဆုစန္ဒီသင်း (99 Printing) (လုပ်ငန်းအသိအမှတ်ပြု လက်မှတ်မရှိ)<br><br>ဒေါ်လှိုင်ယမင်း ၁၂/ဒဂရ(နိုင်)၀၄၃၀၅၅ (ယွန်းစာပေ-၀၃၂၇၃) | တိုက်(၂၂၁)၊ ပထမထပ်၊ (၃၁)လမ်း၊ (၁၁)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။<br><br>အမှတ်(၁၁၈)၊ စွယ်တော်လမ်း၊ (၂၂)ရပ်ကွက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | -ညစ်ညမ်းစာများ ဖော်ပြခြင်း<br>-ပုံနှိပ်ခြင်းလုပ်ငန်း အသိအမှတ်ပြု လက်မှတ်မရှိခြင်း<br>-ထုတ်ဝေစာပေးပို့ ရန်ပျက်ကွက်ခြင်း |
| (ဆ) | "Sate Saung Yar" | Blade | ဒေါ်ဆုစန္ဒီသင်း (99 Printing) (လုပ်ငန်းအသိအမှတ်ပြု လက်မှတ်မရှိ)<br><br>ဒေါ်လှိုင်ယမင်း ၁၂/ဒဂရ(နိုင်)၀၄၃၀၅၅ (ယွန်းစာပေ-၀၃၂၇၃) | တိုက်(၂၂၁)၊ ပထမထပ်၊ (၃၁)လမ်း၊ (၁၁)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။<br><br>အမှတ်(၁၁၈)၊ စွယ်တော်လမ်း၊ (၂၂)ရပ်ကွက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | -ညစ်ညမ်းစာများ ဖော်ပြခြင်း<br>-ပုံနှိပ်ခြင်းလုပ်ငန်း အသိအမှတ်ပြု လက်မှတ်မရှိခြင်း<br>-ထုတ်ဝေစာ ပေးပို့ရန် ပျက်ကွက်ခြင်း |

၂။ ပြန်ကြားရေးဝန်ကြီးဌာနသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ထုတ်ဝေစာများအား ဖတ်ရှုလေ့လာစိစစ်၍ ကြပ်မတ်စိစစ်လျက်ရှိပါကြောင်းနှင့် အဆိုပါဥပဒေစည်းကမ်းချက်များကို ဖောက်ဖျက်ကျူးလွန်သော အထက်ဖော်ပြပါ ပုံနှိပ်သူနှင့်ထုတ်ဝေသူတို့အား ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလမှ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကိုရုပ်သိမ်းခြင်း၊ ထုတ်ဝေစာအုပ်များကို တရားမဝင်ထုတ်ဝေစာအဖြစ် ထုတ်ပြန်ကြေညာခြင်း၊ ဥပဒေနှင့်အညီ တရားစွဲဆိုခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ ပုံနှိပ်သူနှင့်ထုတ်ဝေသူများသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကို လေးစားလိုက်နာကြရန်နှင့် ဥပဒေပါစည်းကမ်းချက်များကို ဖောက်ဖျက်၍ ပုံနှိပ်၊ ထုတ်ဝေခြင်းများကိုပြုလုပ်ပါက ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

**နှစ် ၂၀ တစ်ပိုက်အချိန်ကိုက်၊ တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင် အခုချိန်စိုက် နောက်မကျ၊ ဒုတိယအကြိမ် အကောင်းဆုံးပ။**

# MISS YANGON 2025 ပြိုင်ပွဲ

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးကော်မတီမှ ကြီးမှူးပြီး Miss Yangon 2025 ပြိုင်ပွဲကြီးကို ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးနေ့ အထိမ်းအမှတ်အဖြစ် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ် MCC ခန်းမ၌ (၇-၃-၂၀၂၅) နေ့ နံနက် ၀၉၀၀ နာရီအချိန်တွင် ကျင်းပပြုလုပ်ပါမည်။

အဆိုပါပြိုင်ပွဲကြီးတွင် ပါဝင်ယှဉ်ပြိုင်လိုသူများ အနေဖြင့် အောက်ပါစည်းကမ်းချက်များနှင့် ကိုက်ညီပါက မည်သူမဆို ဝင်ရောက် ယှဉ်ပြိုင်နိုင်ပါသည်။

(၁) အိမ်ထောင်မကျဖူးသူအပျိုဖြစ်ရမည်။
(၂) အရပ်အမြင့် အနိမ့်ဆုံး (၅ ပေ ၄ လက်မ) ရှိရမည်။
(၃) ကိုယ်အလေးချိန်ပေါင် (၁၂၀) နှင့် (၁၆၀) ကြားဖြစ်ရမည်။
(၄) အသက် (၁၈) နှစ်မှ (၂၈) နှစ်အတွင်းဖြစ်ရမည်။
(၅) ပညာအရည်အချင်း အထက်တန်းအောင်မြင်ပြီးသူ ဖြစ်ရမည်။
(၆) ကျန်းမာရေးကောင်းမွန်ပြီး ကူးစက်ရောဂါမရှိသူ ဖြစ်ရမည်။
(၇) ပြစ်မှုမှတ်တမ်းကင်းစင်သူ ဖြစ်ရမည်။

ပြိုင်ပွဲမှ Winner ရရှိသူအား ငွေသား ကျပ် (၃၀) သိန်း ၊ Skin Care ကျပ် (၃၀) သိန်း ၊ ရတနာပစ္စည်း ကျပ် (၁၅)သိန်းတို့အား ချီးမြှင့်ပါမည်။ Winner ဆုအပြင် 1st Runner Up မှ 5th Runner Up အထိ ငါးဆုကိုလည်းကောင်း၊ Title Award ခေါင်းစဉ်ဆု (၁၂) ဆုကိုလည်းကောင်း၊ ပါဝင်ယှဉ်ပြိုင်သူများအားလုံးကို Participation Award ဆုများကို လည်းကောင်း အသီးသီး ချီးမြှင့်သွားမည်ဖြစ်သည်။

ပြိုင်ပွဲကျင်းပရေးကော်မတီ

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် TNI/2463,Honda Dream-125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးလင်းထိုက် ၆/ကစန (နိုင်)၁၀၈၉၅၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မြိတ်)

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် ပပ-၉၊ ဦးပိုင်အမှတ်(၇၂)၊ ၆၂(A)လမ်း၊ ၁၃၄x၁၃၅ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ကြည်ကြည်ထွေး၏(SP ရရှိသူ ဦးဟိန်းလင်းထက်) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် အမှတ်(၄/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ဥမ္မာကျော် ၉/အမဇ(နိုင်)၀၀၇၆၂၈က အမှုတွဲအမှတ် (၆၇၀၃/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## စာအုပ်စာပေ လှူမိတ်ဆွေ

## ဦးစိန်မောင်၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဦးဇော်မြင့်ထွန်း၏ (၂၄-၂-၂၀၂၅)ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ-၂၇ ပါ ဒေါ်ခင်စန်းနိုင်(ခ)ဒေါ်ခင်သီတာမွန် ၁၂/မရက(နိုင်) ၀၁၄၀၂၅နှင့် အများသိစေရန် ကြေညာခြင်းအပေါ် အများသိစေရန် တုန့်ပြန်ရှင်းလင်းကြေညာခြင်း

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ရန်ကုန်၊ အင်းစိန်လမ်းမကြီး၊ အမှတ် ၉၅/၉၆နေ ဒေါ်ခင်စန်းနိုင်(ခ)ဒေါ်ခင်သီတာမွန် ၏လွှဲအပ်ချက်အရ အောက်ပါအတိုင်း တုန့်ပြန်ရှင်းလင်း အသိပေးကြေညာအပ်ပါသည်-

(၅-၁၀-၂၀၂၃)ရက်က "နှစ်ဦးသဘောတူငွေပြန်လည်ပေးဆပ်ရန် ဝန်ခံကတိ စာချုပ် " ချုပ်ခဲ့သော်လည်း စာချုပ်ပါ ငွေသိန်း(၈၆၀)သည် အတိုးရင်းပေါင်းစပ်လျက်ရှိပါကြောင်း ကျွန်မ အဆင်ပြေသလို ပေးသွင်းပါမည်ဟု ကျွန်ုပ်တို့၏ မိတ်ဆွေကပြောကြားခဲ့ကြောင်း သိရှိရပါသည်။ ကျွန်ုပ်တို့၏ မိတ်ဆွေက K pay ဖြင့် ဦးစိန်မောင်ထံ ပေးသွင်းခဲ့သည်မှာ ကျပ်သိန်း(၁၀၀)ကျော်ရှိကြောင်း အထောက်အထားရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏ မိတ်ဆွေသည် ဦးစိန်မောင်၏ဇနီးဖြစ်သူ ဒေါ်တင်တင်စိန်နှင့် ဖက်စပ်ခနောက်စိမ်းသတ္တုမိုင်းလုပ်ငန်း လုပ်ကိုင်ကြရာမှ (၃၁-၃-၂၀၂၃)ရက်က ဂျပန်နိုင်ငံတွင် ဒေါ်တင်တင်စိန်သည် ကွယ်လွန်ခဲ့ခြင်းဖြစ်ပါသည်။ ငွေပေးငွေယူကိစ္စရပ်များကို ဒေါ်တင်တင်စိန်ဖြင့်သာ ဆက်သွယ်ဆောင်ရွက်လျက်ရှိပါကြောင်း အထောက်အထားများရှိပါသည်။ ဦးစိန်မောင်၊ ဒေါ်ကြည်ကြည်စိန်နှင့် ဒေါ်ဝင့်ဖြိုးသွယ်တို့ထံမှ ငွေကြေးတောင်းခံမှု မရှိခဲ့သော်လည်း ဒေါ်တင်တင်စိန် ငွေယူခိုင်းသည့်အခါ ကျွန်ုပ်တို့၏မိတ်ဆွေက ၎င်းတို့ထံသွားရောက်ယူခဲ့ခြင်းသာရှိကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေနှင့် ဦးစိန်မောင်တို့သည် တယ်လီဖုန်းဖြင့် အဆက်သွယ်မပျက်ရှိခဲ့ကြောင်း(၁-၁-၂၀၂၄)ရက်က ဦးစိန်မောင် ဖုန်းဆက်သဖြင့် ကန်တော့ငွေ (၁)သိန်း ဦးစိန်မောင်ထံ K Payဖြင့် ပေးပို့ခဲ့ကြောင်းနှင့် (၁၉-၂-၂၀၂၄)ရက်က ဦးစိန်မောင်နှင့် စကားပြောဆိုခဲ့ကြောင်း၊ ဦးစိန်မောင်နှင့် အပတ်စဉ်ဆက်သွယ်ခဲ့ကြောင်း အထောက်အထားများရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏ မိတ်ဆွေသည် မိုင်းလုပ်ငန်းပိတ်ထားပြီးနောက် ဦးစိန်မောင်တို့ စာချုပ်လက်မှတ်လာထိုးရာ ကျွန်ုပ်တို့၏ မိတ်ဆွေနေအိမ်တွင် အစဉ်တစိုက်နေထိုင် လျက်ရှိပါသည်။ ထိုသို့ ဦးစိန်မောင်နှင့်လည်း အဆက်အသွယ်မပျက်ရှိခဲ့သည်ကို ကျွန်ုပ်တို့မိတ်ဆွေ၏ ဂုဏ်သိက္ခာညှိုးနွမ်းကျဆင်းစေရန် ရည်ရွယ်၍ ဆက်သွယ်၍မရဘဲ တိမ်းရှောင်လျက်ရှိကြောင်း ကြေညာချက်အား ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပြန်လည်ရုပ်သိမ်းပေးပါရန် အများသိစေရန် တုန့်ပြန်ရှင်း လင်းကြေညာအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လိုက်နာဆောင်ရွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် တုန့်ပြန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| ဦးမင်းမင်း LL.B | ဒေါ်ချန်သန္တာ B.Sc,H.G.P | ဒေါ်ငုဝါလှိုင် LL.B |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်-၁၄၃၁၀/၂၀၁၈) | (စဉ်-၁၃၆၃၀/၁၉၈၆) | (စဉ်-၅၀၉၀၅/၂၀၁၉) |

**အမှတ်(၁)၊ မေတ္တာ(၁)လမ်း၊ ပတ္တမြားမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၀၁၅၉၉၂၉၀၊ ၀၉-၆၈၂၇၂၂၄၆၈၊ ၀၉-၂၅၃၀၆၀၁၀၂**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅ )
ပြင်ဦးလွင်မြို့နယ်တရားရုံးတော်
၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၈

| | | |
|---|---|---|
| ဦးအောင်မျိုးထွန်း | နှင့် | ဒေါ်စုစု |
| တရားလို | | တရားပြိုင် |

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ အမှတ်(ခ-၄၁)နေ တရားပြိုင် ဒေါ်စုစု (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဦးအောင်မျိုးထွန်း က မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ မတ်လ ၅ ရက် (၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက် ) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန်ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သော အထောက်အထားစာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင်အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ရဲလင်းသန့်)
ဒုတိယမြို့နယ်တရားသူကြီး(၂)
ပြင်ဦးလွင်မြို့နယ်တရားရုံး

## ငြင်းချက်ထုတ်ရန်ဆင့်စာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅ )
ပြင်ဦးလွင်မြို့နယ်တရားရုံးတော်
၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၉

| | | |
|---|---|---|
| ဒေါ်လှခင် | နှင့် | ဦးသန်းငွေ |
| တရားလို | | တရားပြိုင် |

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၃)၊ ၁၃-ညံကွဲနေ တရားပြိုင် ဦးသန်းငွေ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်လှခင် က မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ မတ်လ ၅ ရက် (၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန်ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင်အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သော အထောက်အထားစာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(နှင်းယုလွင်)
မြို့နယ်တရားသူကြီး
ပြင်ဦးလွင်မြို့နယ်တရားရုံး

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၂ ရပ်ကွက်၊ မာဃလမ်း၊ အမှတ်(၈၁၄)နေ ဒေါ်ရင်မြ(၁၂/ဥကတ(နိုင်)၁၁၂၆၅၈) သည် ခင်ပွန်းဖြစ်သူ ဦးကျော်ရှင်း ကွယ်လွန်ပြီးနောက် သားသမီး(၄)ဦးအား ပြုစု စောင့်ရှောက်ခဲ့သူတစ်ဦးဖြစ်ပါသည်။ ယခုအခါ ဒေါ်ရင်မြသည် ၎င်းပိုင် ရွှေ့ပြောင်းနိုင်သည့်ပစ္စည်း၊ မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းများအား (၆-၂-၂၀၂၅)ရက်နေ့တွင် သားသမီးများထံသို့ အပြီးအပိုင်လက်ရောက်ပေးကမ်းခဲ့ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ရင်မြ ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမျိုးသန့်(LL.B) (C.B.L)**
**အထက်တန်းရှေ့နေ(စဉ်-၄၅၇၀၅)**
**အမှတ် ၉၁၆/ခ၊ မာဃ ၁၂ လမ်း၊ ၁၂ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း ၀၉-၇၇၁၉၇၁၀၆၄**

## Passport စာအုပ်ပျောက်ဆုံးကြောင်း

(ဘ) ဦးဝင်းနိုင် ၏သမီး၊ ကျွန်မ ဖြိုးအိဇာ ၁၂/လသယ(နိုင်)၀၄၆၃၇၂ ၏ မြန်မာနိုင်ငံကူးလက်မှတ်အမှတ် MB-069417 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၅၁၁၂၇၄၁၀**

## ပျောက်ဆုံးကြောင်း

ဒေါ်စိမ်းမာ ၆/ကသန(နိုင်) ၀၀၄၈၃၅ ပိုင်ဆိုင်သော FV. Phyo Thandar Aung-119 ရေယာဉ်၏ (AIS Certificate of Approval) မူရင်းစာရွက်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဆက်သွယ်အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၂၀၇၁၂၃**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3M/6728 ယာဉ်အမည်ပေါက်သူ Lucky May Co.,Ltd. က ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြင်းခြံ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/4822, Honda Wave-100,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိုးမိုးမြတ် ၁၄/ဒဒရ(နိုင်)၀၀၃၅၅၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဖျာပုံ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/36009, HAOJUE 115, M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်းနိုင် ၁၄/ဒဒရ(နိုင်)၁၂၄၇၆၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဖျာပုံမြို့)**

## ဖခင်အမည်မှန်

ဝါးခယ်မမြို့နယ်၊ အ.ထ.က(ခွဲ) ငှက်ပျောစုကျောင်း Grade-10မှ မနှင်းဝေဝေ၏ ဖခင်အမည်မှန်မှာ ဦးစိန်မြဝင်း ၁၄/ဝခမ(နိုင်)၁၅၁၇၃၈ ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

ဝါးခယ်မမြို့နယ်၊ အထက(မောင်းဒီး)ကျောင်း Grade 11 မှ စစင်တာရီး၏ မိခင်အမည်မှန်မှာ နန့်ကျင်လှိုင် ၁၄/ပတန(နိုင်)ဝ၄၂၄၆၁ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဝါးခယ်မမြို့နယ်၊ အ.ထ.က (မောင်းဒီး)ကျောင်း၊ Grade -10 မှ မောင်ဝင်းထော်ထော်၏ ဖခင်အမည်မှန်မှာ ဦးလှမြိုင် ၁၄/ ဝခမ(နိုင်)ဝ၅၆၁၈၄ ဖြစ်ပါကြောင်း။

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ ၂၀)
### ဓနုဖြူမြို့နယ်တရားရုံး၌
### ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၅၀

ဒေါ်ချမ်းမြေ့သူ နှင့် ဦးအုန်းမောင်
**တရားလို** **တရားပြိုင်**

ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ်၊ လက်ဝဲသုန္ဒရလမ်း၊ အမှတ်(၁၈)ရပ်ကွက်နေ ဦးအုန်းမောင် (ဘ)ဦးစံရွှေ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်ချမ်းမြေ့သူက ကတိပဋိညာဉ်အတိုင်း၊ မြေနှစ်ဦးသဘောတူ အရောင်းအဝယ်စာချုပ် မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရုံးအခွင့်အမိန့်အရရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၅ခုနှစ်၊ မတ်လ (၂၀)ရက် (၁၃၈၆ ခုနှစ်၊ တပေါင်းလဆုတ် ၇ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူက တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ ဖေဖော်ဝါရီလ (၂၇)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(တေဇာလွင်)**
**မြို့နယ်တရားသူကြီး**
**ဓနုဖြူမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### ( တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀ )
### ပခုက္ကူမြို့နယ်တရားရုံးတော်
### ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၁၇

ဘီဂျီမိုင်ခရိုင်ဖိုင်းနန့်စ်မြန်မာကုမ္ပဏီလီမိတက် (ကုမ္ပဏီ၏တာဝန်ပေးအပ်ခြင်းခံရသူ ဒေါ်ခြူးမွန်အောင်) နှင့် ၁။ ဒေါ်ဇာနည်ကျော် ၂။ ဒေါ်ဝင်းမာ
**တရားလို** **တရားပြိုင်များ**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ်၊ လယ်ယာအုပ်စု၊ ဆင်လမ်းရွာနေ (၁)တရားပြိုင် ဒေါ်ဇာနည်ကျော်၊(၂)တရားပြိုင်ဒေါ်ဝင်းမာ (ယခုနေရပ်လိပ်စာမသိ ) သိစေရမည်။

သင်တို့အပေါ်၌တရားလို ဘီဂျီမိုင်ခရိုင်ဖိုင်းနန့်စ်မြန်မာကုမ္ပဏီလီမိတက် (ကုမ္ပဏီ၏တာဝန်ပေးအပ်ခြင်းခံရသူ ဒေါ်ခြူးမွန်အောင်)က တရားလိုကုမ္ပဏီမှ ချေးယူထားသော ငွေအတိုးအရင်းပေါင်း ကျန်ငွေ(၁၅၃၉၀၀၀၀/-)နှင့် နစ်နာကြေးငွေ (၂၆၄၈၀၄/-) အပါအဝင် စုစုပေါင်း ငွေကျပ်(၁၈၀၃၈၀၄) (တစ်ဆယ့်ရှစ်သိန်းသုံးထောင့်ရှစ်ရာလေးကျပ်တိတိ)ရလိုမှုလျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ မတ်လ (၄) ရက်၊ ၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း (၆) ရက် မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ ဖေဖော်ဝါရီလ (၁၈) ရက်တွင် ဤရုံးတံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက် သည်။

**(တိုးတက်အောင်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ပခုက္ကူမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### ( တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊နည်းဥပဒေ -၂၀)
### မဟာအောင်မြေမြို့နယ်တရားရုံးတော်
### ၂၀၂၅-ခုနှစ်၊ တရားမကြီးမှုအမှတ်-၂

၁။ ဒေါ်ရင်ရင်မာ ၂။ ဒေါ်စုစုကြည် နှင့် ဦးသာမြ (၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဒေါ်ဂျာနီး)
**တရားလိုများ** **တရားပြိုင်**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ၆၆လမ်း၊ ၃၇-၃၈ကြား၊အကွက်(ဒဒ-၁) မဟာမြိုင်(၁)ရပ်ကွက်နေ ဦးသာမြ (ဘ) ဦးမြင့် (၎င်း၏အထူးကိုယ်စားလှယ်စာရသူ-ဒေါ်ဂျာနီး)(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

| ဒေါ်သူဇာအောင် | ဒေါ်ခင်မာထွန်း | ဒေါ်လေးလေးနုထွေး |
| --- | --- | --- |
| LL.B,D.B.L,D.I.L, | LL.B,D.B.L | LL.B,LL.M,D.B.L |
| စဉ်-၁၁၈၇၉/၂၀၁၇ | စဉ်-၁၂၇၀၁/၂၀၁၇ | စဉ်-၁၅၃၅၀/၂၀၁၉ |

တရားလွှတ်တော်ရှေ့နေများ
အမှတ်(၇၈၅/၄လွှာ-A4)၊ ရာဇာဓိရာဇ်(၂၁/က)လမ်း၊ (၇)ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၄၂၀၀၀၉၉၃၇၊ ၀၉-၂၅၀၂၂၃၈၁၊ ၀၉-၂၅၃၁၀၃၉၀၆

## မိဘအမည်မှန်

ရေဝတီတိုင်းဒေသကြီး၊ အိမ်မဲ မြို့နယ်၊ အလက(ခွဲ)လက်ပံကုန်း၊ Grade-9 မှ မောင်ချစ်မင်းကို ၏ မိခင်အမည်မှန်မှာ ဒေါ်ဝင်းဝင်းခိုင် ၁၄/အမန(နိုင်)၁၉၈၀၅၇ ဖြစ်ပါကြောင်း။

ဒေါ်ဝင်းဝင်းခိုင်

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၃ယ/၈၂၇၁၁ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
ဟင်္သာတမြို့

## အများသိစေရန် ကြေညာချက်

၁။ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊သီလ(၁၂)လမ်း၊ မြေတိုင်း အမှတ် (၄)၊ မြေကွက်အမှတ် (၉၃၆)၊ အမှတ် (၉၃၆)တွင် (၆)ထပ်တိုက် အဆောက်အအုံဆောက်လုပ်ခွင့်ပြုမိန့်အား ဌာန၏ ၂၆-၄-၂၀၁၉ရက်စွဲပါ စာအမှတ်၊၀၇၂၈/၁၇၂၉/စည်ပင်-ယာ(အုံ) မြေအမည်ပေါက်မြေရှင်ဦးသန်းနိုင်၏ အထူးကိုယ်စား လှယ်လွှဲစာ ရရှိသူ ဦးဝင်းနိုင်၊ လိုင်စင်ရကန်ထရိုက်တာ ဦးဝင်းဇော်အောင် (LC-၄၉၁) နှင့် မှတ်ပုံတင်လက်မှတ်ရ အင်ဂျင်နီယာ ဦးစိုးသီဟလှိုင်(RSE-၂၃၅၅)တို့ဖြင့် ဆောက်လုပ်ခွင့်ပြုခဲ့ပါသည်။

၂။ အဆိုပါ (၆)ထပ်တိုက် အဆောက်အအုံ၏ လိုင်စင်ရကန်ထရိုက်တာ ဦးဝင်းဇော်အောင်(LC-၄၉၁)မှာကွယ်လွန်သွားပါသဖြင့်လိုင်စင်ရကန်ထရိုက်တာ ကင်းလွတ်ခွင့်ဖြင့် အဆောက်အအုံပြီးစီးကြောင်းလက်မှတ် (BCC) ခွင့်ပြု ပေးပါရန် မြေအမည်ပေါက်မြေရှင် ဦးသန်းနိုင်၏ အထူးကိုယ်စားလှယ်လွှဲ စာရရှိသူ ဦးဝင်းနိုင်မှ တင်ပြလာခြင်း နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက် နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်အတွင်းကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့် အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ် ပါသည်။

အင်ဂျင်နီယာဌာန(အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၅-သမိုင်း)၊ မြေကွက်အမှတ် (၅/ဃ-၂/အေ)၊ မြေအကျယ်အဝန်း ဧရိယာ ၀ ဒသမ ၁၅၃ ဧကရှိ B-မြေပိုင်မြေကွက်ဟု ခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်သီတာဌေး ၁၂/ဒဂန(နိုင်)၀၂၁၉၉၇နှင့် ဦးမျိုးအောင်ဌေး ၁၂/မဘန(နိုင်) ၀၀၂၂၃၁တို့၏ အမည်ဖြင့် မှတ်သားထားပါသည်။ အထက်ဖော်ပြပါ ရောင်းချသူ သည် တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသည်ကို ယုံကြည်သဖြင့် ကျွန်ုပ်၏ မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော သက်သေအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြေညာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင် ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စုစုနန္ဒာထွန်း
အထက်တန်းရှေ့နေ (စဉ်-၅၃၇၃၇)
အမှတ်-၃၃/၄၉၊ အခန်း(၃၈)၊Strand Condo(ပ)ထပ်၊
မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၄၃၁၀၅၁၁၃

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၆ အက်ဖ်[၁၀]၊ သာခုလမ်း၊ မြေကွက်အမှတ်-၉၂၊ အမှတ် ၃၅၊ အကျယ်အဝန်း ၃၅'/၃၅'.၉x ၇၆'.၅"/၈၂'.၁၀"ပေ၊ ၀ ဒသမ ၀၆၅ ဧက၊ ၂၈၁၆ စတုရန်းပေသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေယာစီမံခန့်ခွဲမှုဌာန၏ ဒေါ်ရင်+၃ အမည်ပေါက်သော နှစ်(၆၀)ဂရန်မူရင်းမြေကွက်ဖြစ်ပါသည်။ ၁၀-၂-၂၀၂၄ ရက်စွဲပါ နှစ်ဦးသဘောတူမြေနှင့် အိမ်အပြီးအပိုင်အရောင်းအဝယ်ကတိ စာချုပ်ဖြင့် ဒေါ်ရင်+၃ထံမှ ၁။ ဦးဇော်သိန်း ၁၂/ပဘတ(နိုင်)၀၂၄၈၆၉၊ ၂။ ဦးအောင် သန်းမြင့် ၁၂/စခန(နိုင်)၀၅၅၉၃၃ တို့က လက်ဝယ်ထားပိုင်ဆိုင်ခဲ့ပါသည်။ ဦးဇော်သိန်းနှင့် ဦးအောင်သန်းမြင့်တို့က မိမိတို့ လက်ဝယ်ထားပိုင်ဆိုင်ခဲ့သော အကျယ်အဝန်း (၃၅'/၃၅'.၉x ၇၆'.၅"/၈၂'.၁၀")ပေ၊ ၀ ဒသမ ၀၆၅ဧက၊ ၂၈၁၆ စတုရန်းပေ၌ ဒေါ်ရင်+၃အမည်ပါ နှစ်(၆၀)ဂရန်မူရင်းမြေကွက်ပေါ်တွင် (၂)ခန်း တွဲ(၈)ထပ်လူနေအဆောက်အအုံမှ (၄)လွှာ၊ (ဘီ) (ခြေရင်းခြမ်း)၊ အကျယ်အဝန်း (၁၆ ၁/၂'x ၆၇')ပေ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ကြိုပွဲဂွင့်စနစ်ဖြင့် လွှဲပြောင်းရောင်းချရန်အဆိုပြုကမ်းလှမ်းလာသဖြင့်ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်တင်မိုးသူ ၁၄/ပသန(နိုင်)၁၈၁၈၂၀ က အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် အဆိုပါတိုက်ခန်း၏ တန်ဖိုးငွေကျပ် တစ်စိတ်တစ်ဒေသကို ၂၁-၂-၂၀၂၅ရက်စွဲပါ အခန်းပျောက်အရောင်းအဝယ် စရန်ငွေပေးကတိစာချုပ်ဖြင့်လည်းကောင်း၊ ၂၆-၂-၂၀၂၅ ရက်စွဲပါ ကြိုပွဲဂွင့်စနစ်ဖြင့်နှစ်ဦးသဘောတူ လူနေ တိုက်ခန်းအရစ်ကျ အရောင်းအဝယ် စရန်ငွေပေးကတိစာချုပ်ဖြင့် စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ဤလူနေတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ယခုသတင်းစာ ကြေညာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း တရားဝင်ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများ၊ စာရွက်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လည်းကောင်း၊ ကျွန်ုပ်မိတ်ဆွေထံသို့လည်းကောင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံ တစ်ရာမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မို့မို့ဇင်ကို (LLB,D.B.L,D.I.L,D.M.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၅၇)
တိုက်အမှတ်-၉/၁၁၊ အခန်းအမှတ်-၀၀၄၊ (မြေညီထပ်)၊ ၃၆ လမ်း(အောက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၅၁၄၅၆၃၀၊ ၀၉-၉၇၇၆၇၂၇၅၇၊ ၀၉-၇၅၆၂၁၅၃၃၀

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 83W/48629 Honda Wave 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစောမြင့်နိုင် ၃/ဘအန(နိုင်)၀၀၀၁၆၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး
(ဘားအံမြို့)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9G/3373 Toyota Probox NCP51, Station Wagon ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးဇော် ၁၄/ပတန(နိုင်)၁၂၆၃၂၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊
ရန်ကုန်မြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၇ယ/၇၂၁၇၈ Luojia 110, M/C ယာဉ်လက်ဝယ် ရှိသူ Khwar Nyo Trading Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက် ၃၀အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(သာယာဝတီ)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3I/5159 Toyota Townace KM 75 ယာဉ်လက်ဝယ် ရှိသူ ဦးကြည်ရွှင် ၉/ဝတန(နိုင်) ၁၁၇၇၈၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မိတ္ထီလာမြို့)

# ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီခရိုင်၊မှော်ဘီမြို့နယ်၊ ဆပ်သွားတော စံပြကျေးရွာ အုပ်စု၊ မြိုင်သာယာစံပြရပ်ကွက်၊ ဘီ/၄လမ်း၊ အမှတ်(၁၂၉) ဟု ခေါ်တွင်သော အလျား x အနံ(၄၀ x ၆၀)ပေအကျယ်ရှိ မြေကွက်အနက် အလျား x အနံ (၂၀ x ၆၀)ပေ (မြေကွက်ကို မျက်နှာမူလျှင် ညာဘက်ခြမ်း) မြေကွက်နှင့် ယင်းမြေကွက် ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်အေးသီတာ (ဘ) ဦးမြင့်မောင် ၁၂/မဘန(နိုင်)၀၀၆၆၀၂ ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်မေသူထွန်း (ဘ) ဦးတင်ငွေ ၁၁/သတန(နိုင်)၀၇၀၀၀၉ က ပြန်လည် ဝယ်ယူရန်အတွက် ၎င်းအား စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ် နှင့်ပတ်သက်၍ အကျိုးတစ်စုံတစ်ရာ သက်ဆိုင်သူ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူ မရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့် ပစ္စည်းကို ဝယ်သူထံ အပြီးအပိုင် လက်ရောက်လွှဲပြောင်းပေးအပ်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| ဒေါ်အိအိမော်(ခ)အိသဥ္ဇာအောင် (LL.B) | ဒေါ်ခင်သီတာမြင့်အောင် (LL.B) |
| --- | --- |
| (စဉ်-၁၈၇၂၆) | (စဉ်-၅၂၀၆၄) |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |

အမှတ်(ဘီ-၇၀)၊ ဗဟို ၅ လမ်း၊ အေးသာယာရပ်ကွက်၊ သန်လျင်မြို့၊
ဖုန်း-၀၉-၄၂၂၅၃၇၃၇၇

# ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရေဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ပန်းတနော်မြို့၊ မြို့ကွက်သစ် ရပ်ကွက်၊ အကွက်အမှတ်(၂၊ မြို့ကွက်သစ်)၊ ဦးပိုင်အမှတ်(၅၁)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြေအား ရေဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်၊ ကနိကျေးရွာ အုပ်စု၊ ကနိကျေးရွာနေ ဒေါ်စန်းစန်းအေးမှ မြေငှားဂရန် အမည်ပြောင်း လျှောက်ထားမှုနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုအထောက်အထားများနှင့်အတူ မအူပင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့တင်ပြလျှောက်ထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာစာပါသည့်ရက်မှ(၁၅)ရက်အတွင်း ပန်းတနော် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မအူပင်ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနတွင် ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာ အပ်ပါသည်။

ဒေါ်စန်းစန်းအေး
၁၄/ဖပန(နိုင်) ၁၅၇၅၈၅
ကနိကျေးရွာ၊ ကနိကျေးရွာအုပ်စု၊ ဖျာပုံမြို့နယ်

# ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ လူနေရပ်ကွက်အမှတ်-စက်မှုဒေသ၊ မြေတိုင်းရပ်ကွက်အမှတ်(၄၂)၊ မြေကွက်အမှတ်-၂၃၅ ဟု ခေါ်တွင်သော အမှတ်(၂၃၅)၊ စက်မှု(၇)လမ်း၊ ရွှေပြည်သာစက်မှုဇုန်(၁)၊ ရွှေပြည်သာမြို့နယ်၊ အကျယ်အဝန်းဧရိယာ ၀ ဒသမ ၂၄၇ ဧက၊ (၁၀၇၄၄)စတုရန်းပေရှိ ဒေါ်လှလှမြင့် ၁၂/သဃက(နိုင်)၀၇၂၈၃၀ အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ လူနေရပ်ကွက်အမှတ်-စက်မှုဒေသ၊ မြေတိုင်းရပ်ကွက်အမှတ်(၄၂)၊မြေကွက်အမှတ်-၂၃၆ဟုခေါ်တွင် သော အမှတ်(၂၃၆)၊ စက်မှု(၇)လမ်း၊ ရွှေပြည်သာစက်မှုဇုန်(၁)၊ ရွှေပြည်သာ မြို့နယ်၊ အကျယ်အဝန်းဧရိယာ ၀ ဒသမ ၂၄၇ ဧက၊ (၁၀၇၄၄)စတုရန်းပေရှိ ဦးသိန်းအောင် (S/RGN-၀၀၂၅၆၀)၊(၁၂/သဃက(နိုင်)၀၇၂၈၂၉) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါ အဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်များကိုယ်တိုင်မှ မိမိတို့သာလျှင် တရားဝင် လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေ ထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် အတွက် အရောင်းအဝယ်ပြုလုပ်သော စရန်ငွေတစ်စိတ်တစ်ပိုင်းပေးချေထား ပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါ အရောင်းအဝယ်ပြုမည့် မြေကွက်(၂)ကွက်နှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်များနှင့်ပတ်သက်ပြီး မည်သူမဆို အရောင်းအဝယ်ပြုခြင်းကို ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်း များနှင့်တကွ ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာစာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| ဒေါ်ခင်မေသူ | ဦးမြတ်သန်းကျော် |
| --- | --- |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| (စဉ်-၁၅၆၉၄/၂၀၁၉) | (စဉ်-၁၉၄၉၇/၂၀၂၄) |

အမှတ်-၁၂၈/၁၃၀(ပထမထပ်)၊ ၃၅-လမ်း(အလယ်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၀၄၃၂၆၁၊ ၀၉-၂၆၀၁၆၇၆၈၀၊ ၀၉-၂၅၀၁၅၅၆၈၅

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၇)၊ မြေတိုင်းရပ်ကွက်အမှတ်(၇/၂)၊ ဦးပိုင်အမှတ် (၃၇၀)၊ မြေကွက်အကျယ်အဝန်း (၄၀ x ၆၀)ပေ၊ (၀.၀၅၅)ဧကရှိ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ရှိထား နေထိုင်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဖြူဖြူရှိန် (ဘ) ဦးမောင်မောင်ရှိန် ၁၃/တကန(နိုင်)၀၆၉၉၄၂၊ ယုဇနဥယျာဉ်မြို့တော်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့နေသူထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်သဇ္ဈာလွင်မှ ဝယ်ယူရန် သဘောတူညီသောကြောင့် ရောင်းဖိုးငွေများ၏ တစ်စိတ်တစ်ပိုင်းကို စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်လိုပါက အထောက်အထားအပြည့်အစုံဖြင့် ကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း ကျွန်ုပ်ထံသို့ စာမှတ်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်သဇ္ဈာလွင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိုင်းဝဏ္ဏဇော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၆၃၆/၂၀၁၆)**
**အမှတ်(၆/၁၀၇)၊ ရှမ်းတန်း(၅)လမ်း၊ မြို့သစ်(၈)ရပ်ကွက်၊ ပဲခူးမြို့၊**
**ဖုန်း-၀၉-၄၂၈၁၂၉၅၂၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (UE-1/တိုးချဲ့)၊ လူနေရပ်ကွက်အမှတ်-သခင်ခင်ဇော်(၁)လမ်း၊ မြေကွက်အမှတ် (၅၇) ဦးသန်းမောင် အမည်ပေါက် မြေချပါမစ်ထွက်ရှိထားသော အကျယ်ပေ ပေ(၄၀x၆၀)ရှိ တရားဝင်မခွဲမစိတ်ရသေးသော မြေကြီးအနက်မှ မြေကွက်ကို မျက်နှာမူလျှင်-ညာဘက်(ခေါင်းရင်းခြမ်း) အကျယ်ပေ(၂၀x၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ယခုလက်ရှိပိုင်ဆိုင်ထားသူဖြစ်သော ဒေါ်အေးအေးမော် ၃/ဘအန(နိုင်)၀၂၈၀၃၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မင်းမင်းအေး ၁၂/ပဇတ(နိုင်)၀၀၄၄၂၉ တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ မည်သူမဆို ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးစုကြည် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၈၆)**
**ဖုန်း-၀၉-၄၃၁၇၁၆၅၉**

## ဖောင်းကြွပျောက်နံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3F/8595 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ရုံးကြီးရပ်ကွက်၊ ယုဇနလမ်း၊ ကွင်းအကွက်အမှတ်(၁၅ဘီ)၊ ကွင်းကွက်အမည် ရုံးကြီးရပ်၊ ဦးပိုင်အမှတ်(၆၂-စ)၊ ဧရိယာ ၀ဒသမ ၁၇၄ဧက၊ မြေမျိုးအတန်းအစား မြို့မြေ(ဘိုးဘပိုင်) မြေကွက်သည် အရှေ့လားသော် ဦးပိုင်အမှတ်(၆၂-င)၊ အနောက်လားသော်-ဦးပိုင်အမှတ်(၆၂-ဇ) တောင်လားသော်-ဦးပိုင်အမှတ်(၆၂-ဈ)၊ မြောက်လားသော်-ယုဇနလမ်းအတွင်းတည်ရှိပြီး ပဲခူးမြို့နယ် မြေစာရင်းဦးစီးဌာန၏(၁-၂-၂၀၁၁) ရက်စွဲပါ စာအမှတ်၊ ၉၄၂/နစ-၂(၂၀၁၀-၂၀၁၁)တို့အရ ပိုင်ဆိုင်မှုရှိကြောင်း လက်မှတ်ကို ဦးဟိန်းထက်အောင်၊ (ညီမ) ဒေါ်မေလှဲ့ဟိန်း အမည်ဖြင့် ထုတ်ပေးရရှိထားပြီး ဘိုးဘပိုင်မြေကွက် မြေပိုင်ဆိုင်မှုရှိကြောင်းလက်မှတ်ရရှိထားသူ ဦးဟိန်းထက်အောင် (ညီမ) ဒေါ်မေလှဲ့ဟိန်းတို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်စန်းစန်းမော် (ဘ) ဦးဘစိန်က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက (၁၄)ရက်အတွင်း လူကိုယ်တိုင် ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးတင်ထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၁၅၆၃)**
**(၂၀၁၆ ခုနှစ် နိုဝင်ဘာ ၂၉ ရက်)**
**အမှတ်(၂၄/၁၄၄ -၁၄၆) မြို့ရှောင်(၂)လမ်း ရပ်ကွက်ကြီး(၈)၊ ဥဿာမြို့သစ် ပဲခူးမြို့၊ ဖုန်း-၀၉-၂၅၀၂၉၉၉၇၆**

## အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ်၊ ဖွဲသင်းကျေးရွာအုပ်စု၊ ဖွဲသင်းကျေးရွာနေ ဒေါ်သန်းစိန်(ဘ)ဦးလှဒင် ၉/ပဘန(နိုင်)၀၉၂၀၀၈၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ဌေး-ဒေါ်သန်းစိန်၏ သားဖြစ်သူ ကိုကိုနိုင်(ခ) ချစ်ကျော် ၉/ပဘန(နိုင်)၁၂၅၀၂၉ သည် မိဘများ၏ ဆိုဆုံးမမှုကို လိုက်နာမှုမရှိသည့်အပြင် မိဘမောင်နှမသားချင်း ဆွေမျိုး များအား စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် အကြိမ်ကြိမ်ပြုလုပ်ပြီး ၎င်း၏သဘောဆန္ဒအတိုင်း လုပ်ကိုင်ဆောင်ရွက်မှုများပြုလုပ်နေပါသဖြင့် ၎င်းအား ယနေ့ကြေညာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မိုမိုကို (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၁၄၇ )**
**၆-လမ်း၊ ရွှေပြည်ရန်အောင်ရပ်ကွက်၊ ပျော်ဘွယ်မြို့**
**ဖုန်း-၀၉-၄၄၉၁၅၅၂၁၁**

## ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့၊ ရှမ်းပွဲရပ်ကွက်၊ ကွင်း/အကွက်အမှတ် (၁၃/ရှမ်းပွဲ)၊ ဦးပိုင်အမှတ် (၆၉)၊ မြေဧရိယာ (၀ ဒသမ ၀၉၃ ဧကရှိ မြေကွက်အား ဦးသိန်းဇော်မင်း ၉/မသန(နိုင်)၀၀၅၄၇၇ မှ လူနေထိုင်ရန်အတွက် မြေငှားဂရန်(အမည်ပြောင်း၊ သက်တမ်းတိုး) လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက အဆိုပါမြေကွက်နှင့် ပတ်သက်သည့် တရားဝင် ခိုင်လုံသောအထောက်အထား စာရွက်စာတမ်း (မူရင်း)များဖြင့် ဤကြေညာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း မြစ်သားမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လူကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလ ကျော်လွန်သည်အထိ ကန့်ကွက်လာမှုမရှိပါက ဦးသိန်းဇော်မင်း ၉/မသန(နိုင်)၀၀၅၄၇၈ မှ လူနေထိုင်ရန်အတွက် မြေငှားဂရန် (အမည်ပြောင်း၊ သက်တမ်းတိုး) လျှောက်ထားလာခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်သားမြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
### ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
### ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၇

| | | |
|---|---|---|
| ဒေါ်သီသီထွန်း | **နှင့်** | ဒေါ်ခင်သောင်း (၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဦးအောင်ငွေဦး) |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ အကွက်(၄၁၃/ခ)နေ ဒေါ်ခင်သောင်း (ဘ) ဦးပြုံး (၎င်း၏အထူးကိုယ်စားလှယ်စာ ရသူ ဦးအောင်ငွေဦး) (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ ဒေါ်သီသီထွန်းက မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက် အကွက်အမှတ်(နန-၂၂)၊ ဦးပိုင်အမှတ် (၂၄)၊ ဧရိယာ ၀ ဒသမ ၀၅၅၁ ဧက အကျယ်အဝန်းရှိ ဒေါ်ခင်သောင်းအမည်ပေါက် ဂရန်မြေကွက်အတွင်းမှ တောင်ဘက်ခြမ်း(ခဲစင်း) (၂၀x၆၀)ပေ အကျယ်အဝန်းရှိ ဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆို ပေးစေလိုမှုရလိုကြောင်းနှင့်လျှောက်ထား စွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ မတ် လ ၁၀ ရက် (၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ် လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဆွေမာလှိုင်)**
**ဒုတိယမြို့နယ်တရားသူကြီး(၃)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3B/8556 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
### ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
### ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၅၃

| | | |
|---|---|---|
| ဒေါ်နုနုဟန် | **နှင့်** | ဦးချစ်ရွှေ |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ ထထ-၁/၄၇ နေ ဦးချစ်ရွှေ (ဘ) ဦးပေါ်လှ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဒေါ်နုနုဟန်က မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ် (ဒဒ-၅)၊ ဦးပိုင်အမှတ် (၆၀)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧက အကျယ်အဝန်းရှိ ဦးချစ်ရွှေအမည်ပေါက် ဂရန်မြေကွက်အတွင်းမှ မြောက်ဘက်ခြမ်း (၂၀x၆၀)ပေ အကျယ်အဝန်းရှိ ဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ မတ် လ ၁၀ ရက်(၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဆွေမာလှိုင်)**
**ဒုတိယမြို့နယ်တရားသူကြီး(၃)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ဝဏ္ဏသိဒ္ဓိရေကူးကန်တွင် နွေရာသီအခြေခံရေကူးသင်တန်းများ ဖွင့်လှစ်မည်

ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ် ရေကူးအားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ နွေရာသီအခြေခံရေကူးသင်တန်းများအား နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ဝဏ္ဏသိဒ္ဓိ Sports Complex အတွင်းရှိ ဝဏ္ဏသိဒ္ဓိရေကူးကန်တွင် သင်တန်းအမှတ်စဉ်(၁/၂၀၂၅)နှင့်(၂/၂၀၂၅)တို့အား သင်တန်းအမှတ်စဉ် (၁)ခုလျှင် သင်တန်းချိန် (၂)ချိန်ဖြင့် သင်တန်းသား(၂၀၀)ဦး၊ သင်တန်းကာလ (၄)ပတ်၊ တစ်ပတ်လျှင်(၅)ရက်ဖြင့် နံနက်ပိုင်း အချိန်များတွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။

သင်တန်းအမှတ်စဉ် ၁/၂၀၂၅ အား ၁၀- ၃-၂၀၂၅ ရက်မှ ၄- ၄- ၂၀၂၅ ရက်အထိ လည်းကောင်း၊ သင်တန်းအမှတ်စဉ် ၂/၂၀၂၅ အား ၂၈-၄-၂၀၂၅ ရက်မှ ၂၃-၅ -၂၀၂၅ ရက်အထိ လည်းကောင်းဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းအား အတွေ့အကြုံရှိကျွမ်းကျင်နည်းပြများဖြင့် စနစ်တကျ သင်ကြားပေးသွားမည် ဖြစ်ပါသည်။

သင်တန်းကြေးအဖြစ် တစ်ဦးလျှင် ငွေကျပ်(၇၀,၀၀၀/-)နှုန်း သတ်မှတ်ကောက်ခံသွားမည်ဖြစ်ပြီး သင်တန်းတက်ရောက်လိုပါက အနိမ့်ဆုံး အသက်(၉)နှစ်နှင့် အရပ် (၄ ပေ ၆ လက်မ)ရှိရမည်ဖြစ်ပြီးသင်တန်းသားတစ်ဦးလျှင် ဝင်ခွင့်လျှောက်လွှာပုံစံ၊ ဓာတ်ပုံ(၁)ပုံ၊ ဓာတ်ပုံပါ Soft Copy CD(၁) ချပ်နှင့်အတူ ၃-၃-၂၀၂၅ ရက်မှစ၍ စာရင်းပေးသွင်းနိုင်ပြီဖြစ်ပါသည်။

အသေးစိတ်အချက်အလက်များသိရှိလိုပါက ဝဏ္ဏသိဒ္ဓိရေကူးကန် ဖုန်း-၀၉-၄၀၁၆၄၂၁၅၇၊ ၀၉-၄၄၀၆၃၉၁၈၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

"အရေးကြုံက
သက်လုံလည်းကောင်း
အညောင်းလည်းပြေ
ကိုယ်ဟန်လည်းလှ ရေကူးကြ"

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၉)ရပ်ကွက်၊ အိမ်ကြီးလမ်း၊ တိုက်အမှတ်(၄၀)၊ အခန်းအမှတ် (B-3)၊ အကျယ်အဝန်း (၁၅ပေ × ၅၀ပေ)ရှိတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်အေးအေး (၁၂/လသန (နိုင်) ၀၀၅၇၈၉)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်လင်းလင်းထက်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)** | **အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)** |

**၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်(၄)ရပ်ကွက်၊ အေးရိပ်မွန်(၁)လမ်း၊ တိုက်အမှတ်(၂၂)၊ အခန်းအမှတ်(၁၀၂)၊ (ပထမထပ်) တိုက်ခန်း(၁)ခန်းနှင့်တကွ အကျိုးခံစားခွင့်အားလုံးတို့သည် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးလှရွှေ အမည်ဖြင့် ပိုင်ဆိုင်နေထိုင်ခွင့်ရရှိထားပြီး (ဖခင်) ဦးလှရွှေ နှင့် (မိခင်) ဒေါ်သန်းမြင့် (မောင်/အစ်ကို)ဖြစ်သူ ဦးအောင်ကျော်နိုင်တို့ ကွယ်လွန်သွားသည့်အတွက် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ သမီး/အစ်မ/ညီမများဖြစ်သည့် ၁။ ဒေါ်မိမိစံ(RGN-၀၂၁၁၈၈)၊ ၂။ ဒေါ်အေးအေး(N/RGN-၀၀၁၆၆၂) ၃။ ဒေါ်ချောချော(BTHG-၀၀၅၂၇၄)၊၄။ ဒေါ်နီနီ(BTHG-၀၀၇၁၀၁)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေမှဝယ်ယူရန်အတွက် တိုက်ခန်းတန်ဖိုးငွေ၏ စရန်ငွေအားပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဒေါ်မြလှဲ့ဝင်း (LL.B)** | **ဒေါ်အေးအေးသိန်း (B.A, PGDL)** | **ဒေါ်စန်းမြသက် (B.Sc,PGDL)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၉၂၁၂)** | **(စဉ်-၅၆၅၆၆)** | **(စဉ်-၅၆၅၆၅)** |

**အမှတ်-၄၆၈၊ အောင်မြေသာလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၁၅၁၈၃၃၊ ၀၉-၅၀၉၀၅၅၃၊ ၀၉-၈၉၉ ၂၉၂၅၅**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9R/2357 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(သာယာဝတီ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 36W/78280 Honda Wave 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇင်မင်းထိုက် ၁၄/ရသယ(နိုင်)၀၀၉၂၁၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ်နေ (ဘ) ဦးလီရှောက်ကွေး၊ မစင်းပှေး ၁၃/လရန(နိုင်)၁၉၃၈၇၂၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိပါ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၀၆၆၇၈၈၈**

## ဖခင်အမည်မှန်

မကွေးမြို့၊ နေခြည်ကိုယ်ပိုင် အထက်တန်းကျောင်း Grade-12မှ မောင်အောင်နိုင်ဝင်း၏ ဖခင် ဦးအောင်မင်း၏ အမည်မှန်မှာ ဦးအောင်မင်းစိန် ၈/စတရ(နိုင်)၀၁၂၉၂၆ ဖြစ်ပါကြောင်း။

**ဦးအောင်မင်းစိန်**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ဟသ်ာတခရိုင်၊ ဟသ်ာတမြို့၊ ဥယျာဉ်မြောက်ရပ်ကွက်၊ အကွက်အမှတ်(၄၉)၊ ဦးယျာဉ်ကြီးမြောက်ရပ်၊ ဦးပိုင်အမှတ်(၁၉၉)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဒေါ်အေးငွေ၊ (သား)ဦးအောင်အောင်တို့ အမည်ဖြင့် (၁၁-၄-၂၀၂၄)ရက်အထိ နှစ်(၃၀) မြေငှားဂရန် ရရှိထားသောမြေကို ဒေါ်အေးငွေ၊ (သား) ဦးအောင်အောင်တို့က လူနေအိမ်အသုံးပြုရန်အတွက် မြေငှားဂရန် (သက်တမ်းတိုး) လျှောက်ထားလာမှုအပေါ် ကန့်ကွက်ရန်ရှိပါက ယခုကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက် မြောက်သည့်ရက်အထိ ဟသ်ာတခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**ဟသ်ာတမြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 83W/96231 Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးရဲမင်းနိုင် ၇/လပတ(နိုင်)၁၅၇၂၉၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟသ်ာတ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် MGY/12287 Honda Wave 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိုးမိုးအောင် ၈/ရနခ(နိုင်)၀၇၇၉၀၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းရုံး(မကွေး)**

ခရစ်တော်၌ အိပ်ပျော်ခြင်း

## ဒုတိယဗိုလ်မှူးကြီး စိန်တင်ညွန့်(ငြိမ်း)

ဒုတိယညွှန်ကြားရေးမှူး (က က လျှပ်)

### အသက်(၉၂)နှစ်

အမှတ်(၂၆)၊ ရတနာကျွန်းရိပ်သာ၊ မြောက်ဥက္ကလာပမြို့နယ်နေ ဒေါ်ဝင်းဝင်းမြင့်၏ ခင်ပွန်း၊ ဦးကျော်ဆန်းဝင်း-ဒေါ်ခင်ခင်ဦး၊ ဦးခင်အောင်ဇော်-ဒေါ်နန့်အုန်းငွေ၊ (ဦးခင်ဇော်လတ်)၊ ဒေါ်ခင်သက်ဇော်၊ ဦးဇော်ကိုကို-ဒေါ်ခင်မြင့်ဇော်၊ Mr.Erin Browne-ဒေါ်လဲ့လဲ့ဇော်တို့၏ ဖခင်၊ မြေး ၁၃ ယောက်၊ မြစ် သုံးယောက်တို့၏အဘိုး ဒုတိယဗိုလ်မှူးကြီး စိန်တင်ညွန့်(ငြိမ်း)သည် ၂၆-၂-၂၀၂၅(ဗုဒ္ဓဟူးနေ့) အမေရိကန်စံတော်ချိန် ၁၄:၀၄ နာရီတွင် Pacifica မြို့၌ ခရစ်တော်၌အိပ်ပျော်သွားကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်တယ်ရှော့တင်

### အသက်(၁၀၂)နှစ်

ရန်ကုန်မြို့နေ (တယ်လေရမ်-ရှန်းန)တို့၏ သမီး၊ ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ လသာလမ်း၊ အမှတ်(၇၀)၊ လေးလွှာနေ(ဦးတန်ကီလင်း)၏ ချစ်လှစွာသော ဇနီး၊ (ဦးတန်မော်မော်)-ဒေါ်ထား၊ (ဦးတန်ခက်ချိုင်း)-ဒေါ်လှလှဝင်း၊ (ဦးတန်ခက်ဟင်း)-ဒေါ်နေနွယ်နီဖြိုး၊ ဒေါ်တန်ကင်ကျူး-(ဦးတန်ဟုတ်ဆန်း)၊ ဦးတန်ခက်ဆွေ- ဒေါ်ခင်မျိုးမြင့်၊ (ဦးတန်ခက်ချောင်း)-ဒေါ်စိန်တင်၊ ဦးတန်ခက်ကျိုင်-ဒေါ်ထွေးကြည်၊ ဦးတန်တွာပို့-ဒေါ်ရွှေရွှေမြင့်၊ ဦးတန်စွေ့ပို့-ဒေါ်မြမြိုင်၊ ဒေါ်တန်စွမ်ကျူး-ဦးကျော်မိုး၊ ဒေါ်တန်ပိုးကြူး-ဦးထိန်ဝင်း၊ ဒေါ်တန်ရှော့ကြူး-ဦးစင်ဆာထက်၊ ဒေါ်တန်ဖိတ်ကြူး၊ (ဦးတန်ခေးဗုက်)တို့၏ ကျေးဇူးရှင်မိခင်၊ မြေး ၃၀ ယောက်၊ မြစ် ၁၇ ယောက်တို့၏ ဘွားဘွားကြီးသည် ၂၇-၂-၂၀၂၅ ရက် (ကြာသပတေးနေ့) နံနက် ၉ နာရီတွင် နေအိမ်၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၃-၃-၂၀၂၅ ရက် (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးဖုကျန့်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်းနှင့် ရွှေဂုံတိုင်လမ်းထောင့်၊ Yuzana Tower (14 Storey) ယုဇနကွန်ဒိုတာဝါ၊ အခန်းအမှတ်(၉၀၁) (၉လွှာ)၊ အကျယ်အဝန်း (၁၈၅၀)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်စန္ဒာအောင် (၁၂/သလန (နိုင်) ဝ၁၀၅၄၃) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးခင်မောင်ဦး | ဒေါ်လင်းလင်းထက် |
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

မြန်မာ့အလင်းသတင်းစာ၏ (၂၃-၄-၂၀၂၃)ရက်စွဲပါ လွှဲအပ်ညွှန်ကြားသူ ဒေါ်သန်းသန်းလှ အမည်ဖြင့်- အများသိစေရန် ကြေညာခြင်းအား ပြန်၍ရုပ်သိမ်းပါကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ ဒေလီယာလမ်း၊ အိမ်အမှတ်(၌-၅၂)နေ ဒေါ်သန်းသန်းလှ ၁၄/ပတန(နိုင်)၁၇၅၈၉၆မှ ၎င်းပိုင်ဆိုင်သည့် ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ အကွက်အမှတ် (RA-IV)၊ ဦးပိုင်အမှတ် ၅၂-၌၊ မြေယာအမှတ် (၆၈/၂၆၀ F)၊ မြေဧရိယာ(၀.၁၅)ဧကရှိ (ယခင်)မြေငှားဂရန် အမှုတွဲအမှတ် ၇၀၅/၉၇-၉၈၊ ဒေါ်သန်းသန်းလှ အမည်ပေါက်မြေငှားဂရန်မူရင်းမှာ ဒေါ်သန်းသန်းလှမှ ခရီးသွားနေစဉ် နေအိမ်အခန်းအတွင်း၌ သိမ်းဆည်းထားခဲ့ရာ ခရီးမှ ပြန်ရောက်စဉ်တွင် ဖော်ပြပါအိမ်ဂရန်မူရင်းမှာ ပျောက်ဆုံးနေပါကြောင်း ထည့်သွင်းကြေညာခဲ့ပြီးနောက် ဒေါ်သန်းသန်းလှမှ ပျောက်ဆုံးနေသည့် ဖော်ပြပါမြေငှားဂရန်မူရင်းအား ပြန်၍တွေ့ရှိပါသဖြင့် (၂၃-၄-၂၀၂၃)ရက်စွဲကြေညာခြင်းအား ပြန်၍ရုပ်သိမ်းပါကြောင်း။

| | | |
|---|---|---|
| လွှဲအပ်ညွှန်ကြားသူ- | လွှဲအပ်ညွှန်ကြားချက်အရ- | |
| ဒေါ်သန်းသန်းလှ (၁၄/ပတန(နိုင်)၁၇၅၈၉၆ ) | ဦးအောင်သီဟ(LL.B) | ဦးရန်ရှင်းအောင်(LL.B) |
| | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| | (စဉ်-၁၅၁၈၆/၂၀၁၈) | (စဉ်- ၅၄၅၅၆/၂၀၂၁) |

အမှတ်(၂၈)၊ပိတောက်လမ်း၊ ကွက်ပြင်(၃)မြောက်၊ ယူဂိုဆလပ်၊ ရပ်ကွက်ကြီး(၁)၊ပြင်ဦးလွင်မြို့။ဖုန်း-၀၉-၄၃၂၀၁၇၆၁/၀၉-၇၈၄၃၂၀၁၇၆

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် မမ-၅၊ ဦးပိုင်အမှတ် ၄၇၊ ၁၁၅ x ၁၁၆ကြား၊ ၄၉ x ၅၀လမ်းကြားရှိ မြေကွက်အား တောဂရန်အမှုတွဲအမှတ် (၄၆၈၇/၉၂-၉၃)အရ ဦးနေ မောင်ထွန်း WLT-၀၆၆၁၂၇/၉/မနတ(နိုင်)၀၇၃၅၃၇ အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန် ဒေါ်ယဉ်ယဉ်ငွေ ၅/ရဘန(နိုင်)၁၅၂၆၂၉ မှ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု ဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## သွေးသည် အသက်

## ကျေးဇူးတင်ရှိခြင်း

ဖခင်ဖြစ်သူ ဒုတိယဗိုလ်မှူးကြီးမြင့်လွင်(ငြိမ်း)၊ မျက်စိပါရဂူ ဆေးရုံတက်ရောက်ကုသစဉ် အစစအရာရာ ဂရုစိုက်ကုသပေးခဲ့သော အမှတ်(၁)တပ်မတော်စစ်ဆေးရုံ (ခုတင်-၁၀၀၀) တပ်မှူး၊ အမှတ်(၂)တပ်မတော်စစ်ဆေးရုံ(ခုတင်-၅၀၀) တပ်မှူး ၊ တပ်မတော်ဆေးတက္ကသိုလ် ပါမောက္ခချုပ်၊ သမားတော်များ၊ ပါရဂူများ၊ ဆရာဝန်များ၊ သူနာပြုများ၊ အရာရှိစစ်သည်များ၊ အာဟာရဌာနမှဝန်ထမ်းများ၊ သန့်ရှင်းရေးဝန်ထမ်းများနှင့် ကူညီအားပေးခဲ့သော ဆွေမျိုးမိတ်သင်္ဂဟ သူငယ်ချင်းများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်ခင်ဗျာ။

**ကျန်ရစ်သူမိသားစု**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်အေးမြင့်

### အသက်(၈၇)နှစ်

အမှတ်(၂၉)၊ ပိတောက်လမ်း၊ ပိန္နဲကုန်းရပ်ကွက်အင်းစိန်မြို့နယ်နေ(ဦးမြရှိန်၊ မြို့နယ်အင်ဂျင်နီယာ) ၏ဇနီး၊ ဦးမင်းဟန်(EE-EPC) - ဒေါ်သန်းသန်းအေး (အထက်တန်းပြ)၊ ဒေါ်စံပယ်ရှိန်(အလယ်တန်းပြ၊ အ-ထ-က(၂)အင်းစိန်)၊ ဒေါ်ဝါဝါရှိန်(မန်နေဂျာ-ဆ-သ-ရ)၊ ဦးတင်ထွန်းနိုင်(ဦးစီးအရာရှိ၊ စစစ)-ဒေါ်အိအိခင်၊ ဦးသိန်းကိုကို(ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး)-ဒေါ်ကျော့ကျော့ရှိန်(အထက်တန်းပြ-အ-ထ-က(၆)၊ (ဦးအောင်စိုးနိုင်)-ဒေါ်မိမိခိုင်၊ ဦးညီညီစိုး-ဒေါ်စောယုရှိန်၊ ဦးမိုးကျော်အောင်(PSO)-ဒေါ်ချိုဝင်းရှိန်(စာရင်းEPC)၊ ဦးရဲမြတ်ဝင်း-ဒေါ်မိုးမြင့်မြင့်ရှိန်(ညွှန်ကြားရေးမှူး-ပတ်ဝန်းကျင်ထိန်းသိမ်းရေး)၊ ဦးအေးမင်းနိုင်(မန်နေဂျာ URC ကုမ္ပဏီ)၊ ဒေါ်ခက်အိထွေးခိုင်၊ ဦးအောင်မင်းထွဋ် (ညွှန်ကြားရေးမှူး၊ မော်ဘီ-TU)-ဒေါက်တာသင်းမြတ်ထွေးရှိန်(ပါမောက္ခ၊ YTU)တို့၏မိခင်၊ မြေး(၁၅)ယောက်တို့၏ဘွားဘွားကြီးသည် ၂၇-၂-၂၀၂၅ရက်(ကြာသပတေး)နေ့ ညနေ(၆:၃၀)နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် (၁-၃-၂၀၂၅)ရက်(စနေနေ့)နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ နေအိမ်မှကားများ နံနက် (၁၀:၀၀)နာရီတွင် ထွက်ခွာပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၅-၃-၂၀၂၅ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## မောင်မိုးပိုင်စိုး
## ယွန်း ခတ်ပုံ ဗီဒီယို

### အသက်(၃၈)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ပန်းဆိုးတန်းလမ်း၊ အမှတ်(၂၈၄)နေ ဦးကျော်မိုးလွင်(ခတ်ပုံ)-(ဒေါ်သက်သက်ဒွေး-စည်ပင်)တို့၏သား၊ မမိုးဆုမွန် ၏မောင်၊ မဆန်းစုကြည်နိုင် ၏ခင်ပွန်း၊ မောင်မျိုးဆက်သွေး၏ဖခင် မောင်မိုးပိုင်စိုးသည် ၂၃-၂-၂၀၂၅ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၂-၂၀၂၅ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁-၃-၂၀၂၅ ရက် (စနေနေ့)တွင် ပန်းဆိုးတန်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ထိန်ကုန်းရပ်ကွက်၊ အကွက်အမှတ် ၅၈၉-က၊ ဦးပိုင်အမှတ် (ဈ-၁၃/ခ)ရတနာပုံတက္ကသိုလ်လမ်းတောင်ဘက်၊ ရန်-မန်းကားလမ်းအနောက်ဘက်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကျော်စိန်(ခ) စိန်ရီစိန်၊ ဦးကျော်ဝင်းလွင်(ခ)မောင်ကောင်းတို့၏ (SP ရရှိသူ ဦးတင်မျိုးကျော်) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် အမှတ် (၃၇၆၇/၂၀၁၂)ဖြင့် ဝယ်ယူခဲ့သူ ဦးဝင်းသန်းဦး ၉/မနမ(နိုင်)၀၄၅၈၈၂၊ ဦးတင်မျိုးဦး ၉/မနမ(နိုင်)၀၄၅၈၈၀၊ ဦးသိန်းသန်းဦး ၉/မနမ(နိုင်)၀၀၀၉၈၀၊ ဒေါ်သီတာထွေး ၉/မနမ(နိုင်)၀၀၀၅၁၈ တို့က အမှုတွဲအမှတ် (၆၇၀၆/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက်အမှတ်(လလ-၈၂)၊ဦးပိုင်အမှတ်(၈၄)၊၁၄၂လမ်းxရွှေလုံဘိုလမ်းကြား၊ ၄၉x၅၀လမ်းကြားရှိ မြေကွက်အား ဦးမောင်ဝင်း ၉/မနတ(နိုင်)၀၆၄၁၆၄က စက်မှုဇုန်ပြောင်းရွှေ့ရေးကော်မတီ၊ ငွေရပြေစာနှင့်အတူ အမှုတွဲအမှတ်(၆၆၉၇/၂၀၂၄-၂၀၂၅)ဖြင့် ဂရန်သစ် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင်ရပ်ကွက်၊ အကွက်အမှတ် ၁၅၁၊ ဦးပိုင်အမှတ် ၈၊ ၈၃ လမ်း၊ ၂၀ လမ်းထောင့်ရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဒေါ်ခင်ခင်ထွေး ၁/ရကန(ပြု)၀၀၀၀၆၂ က ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့် ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်နွဲ့

### အသက်(၉၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗိုလ်မှူးအောင်လမ်း၊ အမှတ်(၃၄)နေ(ဦးဖိုးသော်-ဒေါ်စိန်ရွှေ)တို့၏ သမီး၊ (တိုင်းရင်းဆေးဆရာကြီးဦးမြင့်)၏ ချစ်လှစွာသော ဇနီး၊ ငါးထပ်ကြီးဒေါ်နုခင်ကျောင်းတိုက် ဦးဉာဏဇောတဘာသ၏ ရဟန်းမယ်တော်ကြီး၊ ဦးဆန်းလွင်(တိုင်းရင်းဆေး)၊ (တိုင်းရင်းဆေးဆရာ ဦးမြေင့်-ဆရာမဒေါ်စန္ဒာသက်)၊ ဦးမောင်မောင်အေး [ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြို့တော်စည်ပင်]-ဒေါ်အေးဇင်စိုး(ဥပဒေအကြံပေး၊ မြို့တော်စည်ပင်)၊ ဦးခင်မောင်အေး-ဒေါ်နီနီလွင်(တိုင်းရင်းဆေး)တို့၏ ချစ်လှစွာသောမိခင်၊ ဦးသီဝ-ဒေါ်သူသူစိုး၊ ဦးပြည့်ဖြိုး၊ ဦးဟန်ဝင်းထွန်း-ဒေါ်ခင်မြတ်သူ(တိုင်းရင်းဆေး)၊ ဒေါက်တာခန့်စိုးမောင်-ဒေါ်ယွန်းစန္ဒီဝင်း၊ ဦးခန့်လင်းမောင်၊ ဦးဟိန်းထက်လွင်တို့၏ အဘွား၊ မောင်လင်းဘုန်းပြည့်အောင်၊ မောင်သန့်သုတ၊ မောင်ဥက္ကာစိုးသူ၊ မောင်ဟန်မင်းမြတ်လင်းတို့၏ ဘွားဘွားကြီးသည် ၂၇-၂-၂၀၂၅(ကြာသပတေးနေ့) ည ၇:၃၅ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁-၃-၂၀၂၅(စနေ့နေ့) မွန်းလွဲ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေး၊ ရပ်နီးမှ ဆွေမျိုး မိတ်သင်္ဂဟများအား ညှိုးငယ်စွာဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယိကာမကြီး

## ဒေါ်ခင်အေးမြင့်

### အသက် (၈၇) နှစ်

အမှတ် (၂၉)၊ ပိတောက်လမ်း၊ ပိန္နဲကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်နေ (ဦးမြရှိန်-မြို့နယ်အင်ဂျင်နီယာ)၏ဇနီး ဦးရဲမြတ်ဝင်း-ဒေါ်မိုးမြင့်မြင့်ရှိန် (ညွှန်ကြားရေးမှူး-ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ နေပြည်တော်)၏မိခင်ဖြစ်သူ ဒေါ်ခင်အေးမြင့်သည် ၂၇-၂-၂၀၂၅ရက် (ကြာသပတေးနေ့) ညနေ (၆:၃၀)နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းမိသားစုများ**
**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

အထူးဝမ်းနည်းကြေကွဲခြင်း

## ရဲမှူးကိုကိုလှိုင်(မိုင်းယောင်းမြို့နယ် ရဲတပ်ဖွဲ့မှူး)

### အသက်(၆၀)နှစ်

မိုင်းယောင်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး တာဝန်ထမ်းဆောင်နေသော ရဲမှူး ကိုကိုလှိုင်(မိုင်းယောင်းမြို့နယ် ရဲတပ်ဖွဲ့မှူး) အသက်(၆၀)နှစ်သည် ၂၈-၂-၂၀၂၅ရက် (သောကြာနေ့)နံနက်(၀၆:၄၀) နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မိုင်းယောင်းမြို့နယ်အုပ်ချုပ်ရေးမှူးနှင့်**
**မိုင်းယောင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည် မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် ဗ-၇၊ ဦးပိုင်အမှတ် ၉၈-က၊ ၅၇ x ၅၈ ကြား၊ ၁၁၄ x ၁၁၅ လမ်းကြားရှိ မြေကွက်အား တောဂရန် အမှုတွဲအမှတ် (၂၀၇/ ၉၁-၉၂)အရ ဦးသံချောင်း ၉/မရတ (နိုင်)၀၉၀၇၉၆ အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန်ဒေါ်ယဉ်ယဉ်ငွေ ၅/ရဘန(နိုင်)၁၅၂၆၂၉မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု ဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြော်ငြာ

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးမျိုးမင်းဦး (ဘ) ဦးစိုးတင့် (၁၂/ကမရ(နိုင်)၀၆၄၁၆၃)နှင့် ဒေါ်အေးမြတ်မွန်(ဘ) ဦးမောင်မောင်ထက် (၁၂/မရက(နိုင်)၀၅၉၈၂၉)တို့သည် (၂၀၁၈)ခုနှစ်မှစပြီး လင်မယားအဖြစ်ပေါင်းသင်းနေထိုင်ခဲ့ကြသော် လည်း ယခုအခါတွင် တစ်ဦးနှင့်တစ်ဦးစိတ်သဘောထားခြင်း တိုက်ဆိုင်မှု မရှိတော့သည့်အတွက် (၁၆-၂-၂၀၂၅) ရက်တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်ပြုလုပ်ကာ လက်မှတ်ရေးထိုး ကွာရှင်းပြီးဖြစ်ပါ သည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးမျိုးမင်းဦးနှင့် ဒေါ်အေးမြတ်မွန်တို့သည် တစ်ဦးနှင့်တစ်ဦး မည်သို့မျှ တစ်စုံတစ်ရာ ပတ်သက်စပ်ဆိုင်ခြင်းမရှိပါကြောင်းနှင့် နှစ်ဦးသဘောတူ ကွာရှင်းစာချုပ်တွင် လက်မှတ်ရေးထိုးကာ ကွာရှင်းပြတ်စဲပြီးပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ တစ်ဦးနှင့်တစ်ဦးနှောင့်ယှက်မှုတစ်စုံတစ်ရာများ ပေါ်ပေါက်ခဲ့ပါ က ဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးမျိုးမင်းဦး၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ရွှန်းလဲ့ဇော် (LL.B;D.B.L;D.I.L) တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၀၆၈၄) အမှတ်(၃၇၉)၊ ဓမ္မာရုံလမ်း၊ (၁၃)ရပ်ကွက်၊**
**ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊**

❖ “ပြည့်အင်အားဟာ ပြည်တွင်းမှာသာရှိသည်” ဆိုသည့်အတိုင်း နိုင်ငံအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်သည့်အခါတွင် ဝိဇ္ဇာနှင့် သိပ္ပံနယ်ပယ်(၂)ခုလုံးတွင် ကျွမ်းကျင်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ လိုအပ်...

❖ လူငယ်များအနေဖြင့် ဝိဇ္ဇာနှင့် သိပ္ပံဘာသာရပ် (၂) ခုလုံးကို တန်ဖိုးထားလေ့လာကြရန် တိုက်တွန်းလို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၄) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ စနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၀၀ ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းခဲ့

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင်အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများကို နိုင်ငံတကာနှင့် ပူးပေါင်း၍ ထိထိရောက်ရောက် ဖော်ထုတ်အရေးယူနှိမ်နင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့ - ရွှေကုက္ကိုလ်၊ မယ်ထော်သလေးနှင့် KK Park နယ်မြေများတွင် တရားမဝင်အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် စာမျက်နှာ ၁၃ ကော်လံ ၁ ✳



တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၀၀ ကို ထပ်မံထိန်းသိမ်းထားစဉ်။



# နီပေါလေးနိုင်ငံဖိတ်ခေါ် ပြိုင်ပွဲချန်ပီယံ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်း ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

နီပေါဖိတ်ခေါ်ဘောလုံးပြိုင်ပွဲတွင် ချန်ပီယံဆုရရှိခဲ့သည့် အောင်ပွဲရ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။

ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၆ ရက်အထိ နီပေါနိုင်ငံ၌ကျင်းပသည့် လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ဗိုလ်လုပွဲတွင် အိမ်ရှင် နီပေါအသင်းကို စာမျက်နှာ ၁၉ ကော်လံ ၅ ❍

# တန်းဆင်းဇုန်မှ လက်စတာကို ဝက်စ်ဟမ်းအသင်း ဂိုးပြတ်အနိုင်ရ

ပရီမီယာလိဂ်ပွဲစဉ် (၂၇) မှ ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၂ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် ဝက်စ်ဟမ်းနှင့် လက်စတာအသင်းပွဲစဉ်တွင် ဝက်စ်ဟမ်းအသင်းက နှစ်ဂိုးပြတ် အနိုင်ရရှိခဲ့သည်။

နည်းပြနစ္စတယ်ရွိုင်း၏ လက်စတာအသင်းသည် ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သည့်အတွက် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် ပရီမီယာလိဂ် ၁၂ ပွဲတွင် ရှုံးပွဲ ၁၁ ပွဲရှိလာပြီ ဖြစ်သည်။ ထို့အပြင် လက်စတာအသင်းသည် စာမျက်နှာ ၁၉ ကော်လံ ၅ ❒

**ယနေ့ သတင်းအညွှန်း**

Sun Outage ဖြစ်စဉ်ကြောင့် ရုပ်သံထုတ်လွှင့်မှုများ မိနစ်ပိုင်းခန့် ပြတ်တောက်နိုင်
ပြည်တွင်းသတင်း စာ ၂

အီရန်နိုင်ငံက နျူကလီးယား ဆွေးနွေးပွဲများပြုလုပ်ရန် လမ်းဖွင့်ထားသော်လည်း ဗိုလ်ကျစိုးမိုးခြယ်လှယ်မှုများကို လက်ခံမည်မဟုတ်ဟုဆို
နိုင်ငံတကာသတင်း စာ ၁၄

ညစ်ညမ်းစာများကို ပုံနှိပ်၊ ထုတ်ဝေခဲ့သည့်အတွက် လုပ်ငန်းပိတ်သိမ်းထားသော ပုံနှိပ်သူနှင့်ထုတ်ဝေသူများ စာရင်းအား အသိပေးကြေညာခြင်း
ပြည်တွင်းသတင်း စာ ၁၈